ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၃)ရက် ၊ ကြာသပတေးနေ့ ၊ (12-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၉၆)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ ဦးညီစော ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် အရန်ဆန်စုဆောင်းရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ပို့ကုန်အခြေပြုအရန်ဆန်များ သိုလှောင်ထားရှိသည့် သိုလှောင်ရုံများအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဦးညီစော ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ ပို့ကုန်အခြေပြုအရန်ဆန် သိုလှောင်ရုံများ၌ အရန်ဆန်များ သိုလှောင်ထားရှိမှု အခြေအနေကို လှည့်လည် ကြည့်ရှုစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် အရန်ဆန်စုဆောင်းရေးညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညီစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့်

စာမျက်နှာ ၁၈ ကော်လံ ၃

လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်


နေပြည်တော် နိုဝင်ဘာ ၁၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် နိုဝင်ဘာ ၁၃ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/၈လ)

အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေ

နေပြည်တော် နိုဝင်ဘာ ၁၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ စာမျက်နှာ ၁၈ ကော်လံ ၁ ✱



NINO 3.4 ဧရိယာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ဝုံမှန်ထက် ၂.၅ ဒီဂရီဆဲလ်စီးယပ်မှ ၂.၈ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့၊ ညောင်ရွှေမြို့၊ ရပ်စောက်မြို့တို့၌ နိုဝင်ဘာ ၉ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြစ်၊ ချောင်းများအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ မြို့ပေါ်ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ရွှေညောင်မြို့ မင်္ဂလာရွှေဗဟိုရိပ်ရပ်ကွက်၊ ရွှေဘုံသာရပ်ကွက်၊ ရတနာရပ်ကွက်၊ သုခချမ်းသာရပ်ကွက်၊ မင်္ဂလာအောင်မြေရပ်ကွက်၊ လှိုင်ဘုံသာရပ်ကွက်တို့ရှိ ဒေသခံပြည်သူများကို ကုန်းလှိုင် ဘုန်းတော်ကြီးကျောင်းနှင့် ဓေယျာသီရိဓမ္မာရုံသို့ လည်းကောင်း၊ ညောင်ရွှေမြို့ ကန်သာယာ(၈)ရပ်ကွက်ရှိ ဒေသခံပြည်သူများကို မြို့လယ်ဓမ္မာရုံသို့ လည်းကောင်း၊ ရပ်စောက်မြို့ ဇော်ဂျီရပ်ကွက်နှင့် စာမျက်နှာ ၁၈ ကော်လံ ၃ ❑

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ရေဘေးသင့် ပြည်သူများကို ရေဘေးလွတ်ရာ နေရာများသို့ ကူညီ ရွှေ့ပြောင်းပေးစဉ်။



ရတနာပုံ ယနေ့ဖတ်စရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ ကျင်းပ စာမျက်နှာ - ၁၆

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ စာမျက်နှာ - ၁၉

အာကာသဆိုင်ရာ ပန်းချီကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသ နည်းပညာဆိုင်ရာ ပြခန်းများသို့ လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကား စာမျက်နှာ - ၂၂

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်
အယ်ဒီတာ့အာဘော်

မိုးစပါးများရိတ်သိမ်းချိန် လေလွင့်ဆုံးရှုံးမှုနည်းပါးစေရေး

စပါးသီးနှံသည် မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်ပြီး ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိစေရန်အတွက် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ထိုသို့စိုက်ပျိုးထုတ်လုပ်ရာတွင် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး၊ အရည်အသွေးကောင်းမွန်ရေးတို့ ဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် စပါးစိုက်တောင်သူများအနေဖြင့် မမျှော်လင့်သော ရာသီဥတုအခြေအနေကြောင့် စိုက်ပျိုးထားသော မိုးစပါးများ လေလွင့်ဆုံးရှုံးမှုများရှိနိုင်သဖြင့် အထူးသတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လယ်၊ တောင်ယာ စသည်ဖြင့် စုစုပေါင်း စိုက်ပျိုးဧက ၃၃ သန်းကျော်ရှိသည့်အနက် စပါးစိုက်ပျိုးဧက ၁၅ သန်းကျော်ပါဝင်ပြီး မိုးစပါးနှင့် နွေစပါးကို အများဆုံးစိုက်ပျိုးကြသည်။ ယခုအခါ မိုးစပါးများရိတ်သိမ်းချိန်တွင် အချိန်အခါမဲ့ မိုးရွာသွန်းမှုများကြောင့် ရိတ်သိမ်းဆဲစပါးများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် စပါးသီးနှံရိတ်သိမ်းခြင်းကို နေသာသောနေ့များတွင် ရိတ်သိမ်း၍ မိုးရွာသွန်းပါက ရိတ်သိမ်းမှုများကို ရပ်နားထားရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ရင့်မှည့်သော စပါးခင်းများ မိုးရွာသွန်းခြင်း၊ လေတိုက်ခြင်းတို့ကြောင့် ယိုင်လဲမှုများ မဖြစ်ပေါ်စေရန်အတွက် အောင်ရေများကို အမြန်ထုတ်ကာ ရိတ်သိမ်းပေးရမည်သာမက စပါးရိတ်သိမ်းစက်၊ ဆွေလှေ့စက်၊ ရိတ်သိမ်းဆွေလှေ့စက်၊ အခြောက်ခံစက်များကို အသုံးပြုပြီး တလင်းပျောက်စနစ်ကိုသုံး၍ ဆွေလှေ့ပြီး စပါးများကို အမြန်ဆုံး အမိုးအကာအောက်သို့ အချိန်မီရောက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

စပါးစိုက်တောင်သူများအနေဖြင့် စပါးရိတ်သိမ်းရာတွင် လူအားဖြင့်ဆောင်ရွက်မည်ဆိုလျှင် တစ်ကွက်ချင်းကို အပြီးရိတ်သိမ်း၍ ဆွေလှေ့ခြင်းလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့မဆောင်ရွက်နိုင်ပါက ကောက်လှိုင်းထုံးများကို ကန်သင်းပေါ်တွင် စုပုံမထားဘဲ အမိုးအကာအောက်သို့ အမြန်ဆုံးသယ်ယူ၍ စနစ်တကျစုပုံထားခြင်း၊ ကောက်လှိုင်းများ ရွှေ့ပြောင်းရန် အချိန်မမီပါက တာလပတ်၊ ပလတ်စတစ်များဖြင့် ဖုံးအုပ်ထားခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ပြင် ရိတ်သိမ်းပြီး စပါးခင်းထဲတွင် ကောက်ပြန့်များရှိလျှင် အမြန်ဆုံးကောက်လှိုင်းစည်း၍ ဖိုခုံလောက်ဆိုင်ထောင်ထားခြင်း၊ ကောက်လှိုင်းများကို မိုးရေလျှောဆင်းနိုင်ရန် တစ်ဖက်ယပ်စုပုံခြင်း၊ စုပုံထားသော ကောက်လှိုင်းပုံများကို နေသာချိန်တွင် အမြန်ဆုံးဆွေလှေ့ပြီး အစိုဓာတ် ၁၄ ရာခိုင်နှုန်းရရှိသည်ထိ အခြောက်ခံစက် သို့မဟုတ် နေလှန်း၍ အခြောက်ခံခြင်းများပြုလုပ်ရန်၊ စပါးများလေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် စပါးစိုက်ပျိုးသူများအနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ စပါးစိုက်ပျိုးရာတွင် စိုက်ပျိုးရေးဓလေ့ဓလာတိုးချဲ့ခြင်းထက် တစ်ဧကပန်းတိုင် အထွက်နှုန်းပြည့်မီရေး၊ အရည်အသွေးကောင်းမွန်ရေးသာမက လေလွင့်ဆုံးရှုံးမှုနည်းပါးရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုကဲ့သို့ မိုးစပါးများ ရိတ်သိမ်းချိန်ကာလတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် မိုးစပါးများ အလေအလွင့်နည်းပါးစေရေးအတွက်သာမက နောက်ထပ် ဆောင်းသီးနှံစိုက်ပျိုးရာတွင်လည်း စိုက်ခင်းများမပျက်စီးစေရေးအတွက် စပါးစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို အတိအကျလိုက်နာဆောင်ရွက်ကြခြင်းဖြင့် မိုးစပါးများ လေလွင့်ဆုံးရှုံးမှုကို လျော့ချနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၄၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



စစ်ကိုင်း နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၄၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၇၉၁၇ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၇၉၁၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၄၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ဂျုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ် ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ဓနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း ငွေတိုးစပါး တင်းရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဓနုဖြူ နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း ငွေတိုးစပါး တင်းရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ စက်တင်ဘာလအတွင်း ငွေတိုးစပါး တင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငွေတိုးစပါး တင်းရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ဓနုဖြူမြို့နယ်ကနေ ရန်ကုန်စျေးကွက်ကို ငွေတိုးစပါး တင်းရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်စျေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ငွေတိုးစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါပါတယ်။ ငွေတိုးစပါးကို ရန်ကုန်စျေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်" ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငွေတိုးစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ပြင်ဦးလွင်မြို့နယ် သရက်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ သရက်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ သရက်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သရက်ချောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄/ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

ကျောက်ဆည်မြို့နယ် လယ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကျောက်ဆည် နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ကြီးကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၆၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လယ်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၄၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးကို ရန်ပုံငွေကျပ် ၆၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အထွေး**

မိုင်းဖြတ်မြို့နယ် ကောင်းမှုကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

မိုင်းဖြတ် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်းမှုကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကောင်းမှုကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၉ ဒသမ ၉ သိန်းဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာ ၁၃ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ၁၃၄၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



မြင်းမူ နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၃၄၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၈၄၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို စက်တင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၃၄၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၃၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲတီစိမ်း ၁၈၄၀၂ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၃၄၅ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့ အသိပညာပေးခဲ့ပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

သာစည်မြို့နယ် ကြာဘက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာဘက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကြာဘက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၄၀ ဖြင့် နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကြာဘက်ကုန်းကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အဖွဲ့လေးဖွဲ့မှ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၂၃၂ ဧက စိုက်ပျိုးမည်

မြောင်းမြ နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၂၃၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၂၃၂ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါမြေပဲစိုက်ပျိုးမှုကို နိုဝင်ဘာလတတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြေပဲအပါအဝင် ဆောင်းသီးနှံများ အရည်အသွေးကောင်းမွန်စေရန် မြေသားပြုပြင် ထွန်ယက်သည့်လုပ်ငန်းများကို စတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ မြေပဲ ၆၂၃၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့နဲ့ စိုက်ပျိုးထားတဲ့သီးနှံတွေမှာ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားပါမယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



အမရပူရမြို့တည်နန်းတည်စာတမ်းများ

ပိုလ်ရှိတ်(ရတနာပူရ)

ယခင်တစ်ပတ်မှအဆက်

အမရပူရမြို့တည်နန်းတည် အခမ်းအနားများနှင့်ဆိုင်သော စာတမ်းများကို ရှာဖွေရာတွင် အမရပူရမြို့တည်နန်းတည်စာတမ်းခုနစ်စောင် ရှာဖွေတွေ့ရှိခဲ့သည်။ ခုနစ်စောင်တွင် ကဗျာလင်္ကာဖြင့် ရေးဖွဲ့ထားသော မြို့တည်နန်းတည်စာတမ်းနှစ်စောင်၊ ဇယားကွက်များဖြင့် ဖော်ပြထားသော မြို့တည်နန်းတည်စာတမ်းတစ်စောင်၊ စကားပြေဖြင့် ရေးထားသော မြို့တည်နန်းတည်စာတမ်းလေးစောင်ဖြစ်သည်။ ကဗျာပုံစံဖြင့် ရေးဖွဲ့ထားသော မြို့တည်နန်းတည်စာတမ်းနှစ်စောင်တွင် တစ်စောင်မှာ မြို့တည်နန်းတည်မော်ကွန်းဖြစ်ပြီး တစ်စောင်မှာ အမရပူရမြို့၌ ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်သည့်အကြောင်းကို ရေးဖွဲ့ထားသည့် ရွှေနန်းဖွင့်မော်ကွန်းဖြစ်သည်။ အမရပူရမြို့တည်နန်းတည် အခမ်းအနားနှင့်ပတ်သက်၍ ဤမော်ကွန်းနှစ်စောင်သာ ကဗျာပုံစံဖြင့် ရေးရသည်။

အမရပူရမြို့တည်နန်းတည် စာတမ်းခုနစ်စောင်သည် များသောအားဖြင့် ပေ၊ ပုရပိုက်မူ၊ လက်ရေးမူများဖြင့် တိမ်မြုပ်နေသော မှတ်တမ်းများဖြစ်သည်။ တွေ့ရှိရသမျှ အမရပူရမြို့တည်နန်းတည်စာတမ်းခုနစ်စောင်ကို တစ်စောင်ချင်း လေ့လာတင်ပြပါမည်။ ထိုသို့ လေ့လာတင်ပြရာတွင် အမရပူရမြို့တည်နန်းတည်စာတမ်းများသည် အမည်တူစာတမ်းများသာ များသောကြောင့် စာတမ်းတစ်ခုနှင့်တစ်ခု ရှင်းလင်းစေရန် အမှတ်စဉ်တပ်၍ ဖော်ပြပါမည်။ သို့မှသာ စာတမ်းတစ်စောင်နှင့်တစ်စောင် မတူကြောင်းကို ရှင်းလင်းစွာ မှတ်သားနိုင်မည်ဖြစ်သည်။ ယခုလက်ရှိ ရှာဖွေတွေ့ရှိသမျှ အမရပူရမြို့တည်နန်းတည် စာတမ်းခုနစ်စောင်မှာ-

၁။ အမရပူရရွှေနန်းတည် = ဦးထွန်းညို မော်ကွန်း
၂။ အမရပူရရွှေနန်းဖွင့် = ဝက်မစွတ်နဝဒေး မော်ကွန်း
၃။ အမရပူရမြို့တည်စာတမ်း
၄။ အမရပူရမြို့တည်စာတမ်း
၅။ ၁၁၄၄ ခု၊ အမရပူရရွှေမြို့တော်ကြီး တည်စာတမ်း
၆။ အမရပူရရွှေမြို့တော်တည်စာတမ်း (ပထမတွဲ)
၇။ အမရပူရရွှေမြို့တော်တည်စာတမ်း (ဒုတိယတွဲ)

တို့ဖြစ်သည်။

အမရပူရမြို့တည်နန်းတည်မှတ်တမ်းနှင့် စပ်လျဉ်း၍ ရှားရှားပါးပါးတွေ့ရသော မှတ်တမ်းခုနစ်စောင်ဖြစ်သည်။ ဤအမရပူရမြို့တည်နန်းတည် စာတမ်းခုနစ်စောင်ကို အစဉ်အတိုင်းလေ့လာတင်ပြပါမည်။

၁။ အမရပူရရွှေနန်းတော်တည်မော်ကွန်း

ဤမော်ကွန်းသည် ဘိုးတော်ဗဒုံမင်း အမရပူရမြို့တည်သည့်အကြောင်းကို ရေးဖွဲ့ထားသော မော်ကွန်းဖြစ်သည်။ မော်ကွန်းအစကို "ရတနာရောင်ရွှန်း၊ ယုဂန်စွန်းက"ဟူသောစကားဖြင့် အစချီထားပြီး ပုဒ်ရေ ၂၄ ပိုဒ်တိတိပါရှိသည်။ အမရပူရရွှေနန်းတော်တည်မော်ကွန်းသည် သီခြားပုံနှိပ်မူဖြင့် မထွက်ခဲ့ပေ။ မိုင်းခိုင်းမင်းကြီး ဦးယမ်ပြုစုသော ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာညွှန့်ပေါင်းကျမ်းတွင်သာ ဤမော်ကွန်းကိုတွေ့ရှိရခြင်းဖြစ်သည်။ မိုင်းခိုင်းမင်းကြီးသည် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာညွှန့်ပေါင်းကျမ်းကို မင်းတုန်းမင်းကြီး၏ အမိန့်တော်နှင့် ပြုစုရခြင်းဖြစ်သည်။ ခေတ်အဆက်ဆက် စာဆိုအသီးသီးတို့ ရေးသားခဲ့သော ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတုများမှ ပြည်ဖွဲ့မြို့ဖွဲ့နှင့် သက်ဆိုင်သည့် ကဗျာ၊ လင်္ကာများကို စုစည်းကောက်နုတ်၍ ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာညွှန့်ပေါင်းကျမ်းဟူသော အမည်ဖြင့် ပြုစုခဲ့ခြင်းဖြစ်သည်။ မိုင်းခိုင်းမင်းကြီးသည် ထိုကျမ်းကို ပြုစုပြီး သက္ကရာဇ် ၁၂၂၆ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့တွင် မင်းတုန်းမင်းထံ ဆက်သွင်းခဲ့ခြင်းဖြစ်သည်။

"ရတနာရောင်ရွှန်း၊ ယုဂန်စွန်းက"အစချီသော အမရပူရရွှေနန်းတော်တည် မော်ကွန်းသည် တွင်းသင်းတိုက်ဝန်ဦးထွန်းညိုရေးခဲ့သည်ဟု မိုင်းခိုင်းမင်းကြီးက ဆိုထားသည်။ ထိုအကြောင်းကို ပြည်ဖွဲ့မြို့ဖွဲ့ လင်္ကာညွှန့်ပေါင်းကျမ်း၌ "ယင်းတွင်းသင်းဝန်ဆို ရတနာရောင်ရွှန်း၊ ယုဂန်စွန်းက၊ လေးကျွန်းအထိပ်၊ ပယ်နှိပ်ရန်လွှင့်၊ လဝန်းတင့်သို့၊ အစချီသည့် ဂီရေး၊ က စ၊ ကာဆုံး ရံရှိသည့် အမရပူရမြို့တည်နန်းတည် မင်းတရားရွှေနန်းတော်တည်မော်ကွန်းက ကောက်နုတ်သည့် ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာဘုရား"ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့် မိုင်းခိုင်းမင်းကြီးအလိုအရ ဤမော်ကွန်းကို တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညိုရေးသည်ဟု သိရသည်။ ဤအဆိုအမိန့်အတိုင်းသာလျှင် အမရပူရရွှေနန်းတော်တည်မော်ကွန်းကို ဦးထွန်းညိုရေးသည်ဟု မှတ်သားခဲ့ရသည်။

မိုင်းခိုင်းမင်းကြီးအလိုအရ အမရပူရရွှေနန်းတော်တည်မော်ကွန်းကို တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညိုရေးသည်ဟု မှတ်သားခဲ့ရသော်လည်း တစ်နေ့တွင် ဦးထွန်းညိုရေးမဟုတ်၊ အခြားစာဆို တစ်ဦးရေးသည်ဟူသော အမှတ်အသားတစ်ရပ်ကို တွေ့ရပြန်သည်။ ရန်ကုန်မြို့တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်လက်ရေးမူ တိုက်ပိုင်အမှတ် (၃၆၆၉၅၁) တွင် အမရပူရရွှေနန်းတော်တည် မော်ကွန်းကိုတွေ့ရသည်။ ထိုလက်ရေးမူတွင် မော်ကွန်းသုံးစောင်ပါရှိသည်။ ထိုသုံးစောင်မှာ-

၁။ အောင်ပန်းညွှန့်လူချို ဟံသာဝတီရောက်မင်းနန်းဖွင့်မော်ကွန်း
၂။ ရတနာရောင်ရွှန်းချီအမရပူရနန်းဖွင့်မော်ကွန်း
၃။ ခြီးလေ့ပွင့်လှိုင်းချီအမရပူရနန်းဖွင့်မော်ကွန်း

တို့ဖြစ်သည်။

ထိုလက်ရေးမူတွင် ရတနာရောင်ရွှန်းချီအမရပူရရွှေနန်းတော်တည်မော်ကွန်းကို အမရပူရနန်းဖွင့်မော်ကွန်းဟူ၍လည်းကောင်း၊ အမရပူရရွှေနန်းတော်ဘွဲ့ဟူ၍လည်းကောင်း အမည်နှစ်မျိုးခေါ်ဆိုထားကြောင်း တွေ့ရသည်။ မိုင်းခိုင်းမင်းကြီး၏ မှတ်တမ်း၌ အမရပူရရွှေနန်းတော်တည်မော်ကွန်းဟူ၍ ခေါ်ဆိုထားသည်။ ထိုသို့ အမည်သုံးမျိုးတွေ့ရသော်လည်း မော်ကွန်းမှာ တစ်စောင်တည်းသာဖြစ်သည်။ အဓိကပြဿနာမှာ မော်ကွန်းရေးသူ စာဆိုကွဲလွဲနေခြင်းဖြစ်သည်။ မိုင်းခိုင်းမင်းကြီးက ရတနာရောင်ရွှန်းချီအမရပူရရွှေနန်းတော်တည်မော်ကွန်းကို ဦးထွန်းညိုရေးသည်ဟုဆိုထားသော်လည်း လက်ရေးမူတွင် စာဆိုမှာ ကျိုင်းမင်းမဟာသခိုယာရေးကြောင်း နိဂုံး၌တွေ့ရသည်။ လက်ရေးမူတွင် ဖော်ပြထားသော ကျမ်းပြီးနိဂုံးမှာ "ကျိုင်းမင်း မဟာသခိုယာဆို အမရပူရရွှေနန်းတော်ဘွဲ့ပိုက်ပေါင်း ပဋိညည်နိဂုံးပါ ၂၄ ကို ရေးကူး၍ ပြီးသည်"ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။ အထက်ပါ ဖော်ပြထားချက်ကို ကြည့်ခြင်းအားဖြင့် အမရပူရရွှေနန်းတော်တည်မော်ကွန်းသည် တွင်းသင်းတိုက်ဝန် ဦးထွန်းညိုရေးမဟုတ်ဘဲ ကျိုင်းမင်း မဟာသခိုယာရေးသည်ဟု ထင်မှတ်သွားဖွယ်ရာရှိပါသည်။ အမှန်မှာ ကျိုင်းမင်းမဟာသခိုယာသည် တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညိုရှိခဲ့သော ရာထူးနှင့်ဘွဲ့တံဆိပ်တစ်ခုပင်ဖြစ်သည်။ ဦးထွန်းညိုသည် ကျိုင်းမင်းမဟာသခိုယာဘွဲ့ရရှိခဲ့သည့်အကြောင်းကို မင်းတုန်းမင်းလက်ထက်ပြုစုခဲ့သော စာဆိုတော် အတ္ထုပ္ပတ္တိကျမ်းဖြစ်သည့် ကဗျာဝိဒူအနုပုဇ္ဇိကထာကျမ်း၌ "သက္ကရာဇ် ၁၁၄၃ ခုနှစ် ဗဒုံမင်းအထွတ်အမြတ်သို့ ရောက်တော်မူလျှင် အလျင်သနားတော်မြတ်ခံရသည်။ မဟာသခိုယာဘွဲ့နှင့် ကျိုင်ခန့်သည်။ နောက်လည်း မဟာသခိုယာဘွဲ့နှင့် တွင်းသင်းတိုက်ဝန်ခန့်သည်"ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့် ဦးထွန်းညိုသည် ကျိုင်ရာထူးနှင့် မဟာသခိုယာဘွဲ့ကို ဘိုးတော်ဗဒုံမင်းနန်းတက်စ ၁၁၄၃ ခုနှစ်တွင်း ရှေးဦးရရှိခဲ့သော ရာထူးနှင့် ဘွဲ့တံဆိပ်ဖြစ်ကြောင်း ထင်ရှားစွာသိရသည်။

သို့ဖြစ်သောကြောင့် အမရပူရရွှေနန်းတော်တည်မော်ကွန်းရေးသူကို မိုင်းခိုင်းမင်းကြီးက "တွင်းသင်းဝန်ဆိုဟု"ရာထူးတစ်မျိုးဖြင့် မှတ်တမ်းတင်ထားသလို လက်ရေးမူက ကျိုင်းမင်းမဟာသခိုယာဟု ရာထူးတစ်မျိုးဖြင့် မှတ်တမ်းတင်ခြင်းသာဖြစ်သည်။ စာဆိုမှာ ဦးထွန်းညိုတစ်ဦးတည်းသာဖြစ်သည်ဟု ရှင်းလင်းစွာ သိရသည်။

၂။ အမရပူရရွှေနန်းဖွင့်မော်ကွန်း

အမရပူရရွှေနန်းဖွင့်မော်ကွန်းသည် "ခြီးလေ့ပွင့်လှိုင်း"ဟူသောစကားဖြင့် အစချီထားသည်။ ပိုဒ်ရေ ၂၅ ပိုဒ်ရှိသည်။ မော်ကွန်းရေးဖွဲ့သူမှာ မြန်မာစာပေသမိုင်းတွင် အလွန်ထင်ရှားသော ဝက်မစွတ်နဝဒေးဖြစ်သည်။ ဤမော်ကွန်းသည် အမရပူရမြို့တည်နန်းတည်အခမ်းအနားအကြောင်း ရေးထားသော မော်ကွန်းမဟုတ်ပေ။ အမရပူရရွှေနန်းတော်ကို ဘကြီးတော်စစ်ကိုင်းမင်း တက်သိမ်းစံပယ်တော်မူသည့်အကြောင်း ရေးဖွဲ့ထားသည့် နန်းဖွင့်မော်ကွန်းဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းသည် ၁၁၈၁ ခုနှစ်တွင် အမရပူရထီးနန်းကို ဆက်ခံခဲ့သည်။ ထိုကဲ့သို့ ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်သည့်အကြောင်းကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသည့် ဝက်မစွတ်နဝဒေးကြီးက မော်ကွန်းရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ ဤမော်ကွန်းတွင် အမရပူရခေတ် နန်းတက်သည့် အခမ်းအနားများကျင်းပပုံကို အသေးစိတ်ရေးဖွဲ့ထားသော မော်ကွန်းဖြစ်သည်။ အမရပူရခေတ်မင်းခမ်းတော် အခမ်းအနားများကို လေ့လာချင်သူများအတွက် တန်ဖိုးကြီးသော မော်ကွန်းတစ်စောင်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

> ❖ အမရပူရမြို့တည်နန်းတည် စာတမ်းခုနစ်စောင်သည် များသောအားဖြင့် ပေ၊ ပုရပိုက်မူ၊ လက်ရေးမူများဖြင့် တိမ်မြုပ်နေသော မှတ်တမ်းများဖြစ်သည်။ တွေ့ရှိရသမျှ အမရပူရမြို့တည်နန်းတည်စာတမ်းခုနစ်စောင်ကို တစ်စောင်ချင်း လေ့လာတင်ပြပါမည်။ ထိုသို့ လေ့လာတင်ပြရာတွင် အမရပူရမြို့တည်နန်းတည်စာတမ်းများသည် အမည်တူစာတမ်းများသာ များသောကြောင့် စာတမ်းတစ်ခုနှင့်တစ်ခု ရှင်းလင်းစေရန် အမှတ်စဉ်တပ်၍ ဖော်ပြပါမည်။ သို့မှသာ စာတမ်းတစ်စောင်နှင့်တစ်စောင် မတူကြောင်းကို ရှင်းလင်းစွာ မှတ်သားနိုင်မည်ဖြစ်သည်။ ❖

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ပေါ်လွင်လာပြီး သန်မာလာမှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ဖြစ်ပါတယ်။ ကြွက်သားတွေကလည်း ပိုမို ဒီလို ဖြစ်ချင်တယ်ဆိုရင် တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက် ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆို ရင်တော့ တောင်တက်လမ်း လျှောက်ခြင်းကိုလည်း ကြိုးစား ကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်း လျှောက်ပြီး ပုံမှန်လမ်းပြန် လျှောက်ခြင်း၊ အဲဒီနောက် ခပ် မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့် ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်း ထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင် ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက် တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ် စေပါဘူး။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ဘုတလင် နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧက အားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီး စီးပြီဖြစ်ကြောင်း ဘုတလင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၈၉၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော နေကြာ စိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၀၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နေကြာ ၄၈၉၂ ဧကထိ စိုက်ပျိုးထားပါ တယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာ ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကနေ စားအုန်းဆီတင်သွင်းမှုကို လျှော့ချ နိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးသွားမယ်။ ဆီထွက် သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ဧကဆီ ထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေ ထက် ပိုများပါတယ်"ဟု ဘုတလင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများက နေကြာစိုက်ပျိုး တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေး သင်တန်းများကို အရှိန်မြှင့်ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုး တက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင် သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

အုတ်ဖိုမြို့နယ် ကဝေစုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

အုတ်ဖို နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးမြသာယာကျေးရွာအုပ်စု ကဝေစုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွှန့်ဇော်၊ အုတ်ဖို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်း များက ကျေးရွာဖွံ့ဖြိုးရေးကော်မ တီဝင်များနှင့်အတူ ကဝေစုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီ ဝင်များအား လုပ်ငန်းများ စံချိန် စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ် ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်း တစ်ဖက်လျှင် အရှည်ပေ ၅၅၀၊ အကျယ်နှစ်ပေ ခြောက်လက်မ၊ အမြင့်ခြောက်လက်မစီရှိ ကွန်က ရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံ ကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၁၁၄ သန်း၊ စုစုပေါင်း ငွေကျပ် ၁၉ ဒသမ ၁၁၄ သန်းဖြင့် အုတ်ဖို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေး ရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၁၉ ရက်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း များ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီ ဖြစ်ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွှန့် ဇော်ထံမှ သိရသည်။ **အထွေး**

လူငယ်စွမ်းအား ပြည်ထွန်းကား

- ဘဝအားမာန်
ဗလငါးတန် အစွမ်းထက်စေဖို့
ကမ်းလက်နှင့် ရှေ့ဆက်မည်၊
စိတ်ကိုယ်တူ လူငယ်များတို့
ကြိုးစားပေသည်၊
မျိုးဆက်သစ် အားမာန်ချီ
တက်နေခြည် ထိန်ထိန်လင်း၊
တံခွန်ထူ အောင်လံလွင့်လို့
မိုးမြင့်ရောင်ဝင်း။

- နိုင်ငံဂုဏ် အကျိုးဆောင်ခြင်းကိုဖြင့်
နေလမင်းသို့ ရောင်ထိန်သွယ်၊
အရာရာ တတ်စွမ်းသမျှမို့
လုပ်ပြစေကွယ်၊
အောင်နိမိတ် အောင်လမ်းဝယ်
အောင်မြင်တယ် အထူးထူး၊
ဇွဲမာန်ထူ ကြိုးလျှောက်လို့
ထိုးဖောက်ကွန့်မြူး။

- ကိုယ့်တိုင်းပြည် အလှမျူးစေဖို့
ဂုဏ်ဖော်ကျူး လူငယ်တွေ၊
နိုင်ရာဝန် ကိုယ်စီထမ်းလို့
ကြိုးပမ်းကြစေ၊
ပြည်ထွန်းကား အမှန်ပေ
တိုးတက်လေ တည်တံ့၊
အခွန့်ရှည် သရဖူဆောင်းလို့
ကောင်းခြင်းတွေပျံ့။ ။

ရင်ခတ်ပန်း(စွယ်တော်)

စဉ့်ကိုင်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြော

စဉ့်ကိုင် နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးအလုပ်သမား ပပျောက် ရေး အသိပညာပေးဟောပြောပွဲ ကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်း က မြို့နယ်လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုး တက်စေရန် ရည်ရွယ်၍ ဟောပြော ပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ် ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အ-မ-က (ကသဲစု) ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာက ကလေးအလုပ်သမား ၏အဓိပ္ပာယ်၊ အသက်အရွယ် အပိုင်းအခြားများ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ဆက်သွယ် တိုင်ကြားနိုင်မည့် နည်းလမ်းများ စသည့် အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းဟော ပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက် ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြသထားသော ကလေးအလုပ်သမား ပပျောက် ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာ ပေး နံရံကပ်စာစောင်များကို လေ့ လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

အီရန်၏ ခြိမ်းခြောက်မှုကြောင့် အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စစ်စခန်းတစ်ခုသို့ရွှေ့ပြောင်းနေထိုင်

နယူးယောက် နိုဝင်ဘာ ၁၁

အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်သည် အီရန်၏ ခြိမ်းခြောက်မှုကြောင့် နေအိမ်မှ စစ်စခန်းတစ်ခုသို့ ရွှေ့ပြောင်း နေထိုင်နေကြောင်း အမေရိကန် မီဒီယာများက နိုဝင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့် ရင်ဆိုင်ခဲ့ရသည့် ခြိမ်းခြောက်မှု၏ အကြောင်းရင်းကို မသိရသေးကြောင်း သတင်းအရင်း အမြစ်များက မီဒီယာများသို့ ထုတ်ဖော် ပြောကြားထားသည်။

အီရန်နိုင်ငံသည် အမေရိကန် နိုင်ငံသားများကို ပစ်မှတ်ထား တိုက်ခိုက်ရန် ကြိုးပမ်းအားထုတ်မှုများ အရှိန်မြှင့်တင်နေကြောင်း အမေရိကန် ထိပ်တန်းထောက်လှမ်းရေး တာဝန်ရှိသူများက ပြီးခဲ့သည့်လများအတွင်း သတိပေးပြောကြားထားသည်။

အမေရိကန်မြေပေါ်ရှိ အမေရိကန်တာဝန်ရှိသူများနှင့် နိုင်ငံသားများကို တိုက်ခိုက်လုပ်ကြံရန် ကြံစဉ်နေသည်ဟူသော သတင်းများကို အီရန်အစိုးရကငြင်းပယ်ထားသည်။

ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်သည် ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့သော အီရန် စစ်ရေးပဋိပက္ခ ကာလအတွင်း အီရန်ကို စီးပွားရေးအရဖိအားပေးရေးလှုပ်ရှားမှုများ အဓိကပုံဖော်ခဲ့သူဖြစ်သည်။

ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့် နေအိမ်မှစစ်စခန်းတစ်ခုသို့ ရွှေ့ပြောင်းနေထိုင်မှု သတင်းနှင့်ပတ်သက်၍ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO



ရုရှားနှင့် ယူကရိန်းကိုယ်စားလှယ်များ အဘူဒါဘီမြို့၌ တွေ့ဆုံဆွေးနွေး



အဘူဒါဘီ နိုဝင်ဘာ ၁၁

ရုရှားနှင့် ယူကရိန်းကိုယ်စားလှယ်များသည် နိုဝင်ဘာ ၁၀ ရက်တွင် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲသည် ရုရှားနှင့် ယူကရိန်းတို့ကြား ယခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ပထမဆုံးကျင်းပခဲ့သော ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖြစ်သည်။

အဘူဒါဘီ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ရုရှားနိုင်ငံကို ကိုယ်စားပြု၍ သမ္မတပူတင်၏အကြံပေး ဗလာဒီမာမီဒင်စကီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်ခဲ့ပြီး ယူကရိန်းနိုင်ငံကို ကိုယ်စားပြု၍ အမျိုးသားလုံခြုံရေးကောင်စီနှင့် ကာကွယ်ရေးကောင်စီအတွင်းရေးမှူး ရုပ်စတမ်အူမာရော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

ထို့ပြင် အဘူဒါဘီငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အထူးသံတမန်များဖြစ်ကြသော စတီဗ်ဝစ်ကော့ဖ်နှင့် ဂျရက်ကုရ်နာတို့လည်း ပါဝင်တက်ရောက်ခဲ့ကြောင်းသိရသည်။

လေးနာရီခန့် ကြာမြင့်ခဲ့သည့် အဘူဒါဘီ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အပြုသဘောဆောင်သည့် ဆွေးနွေးပွဲဖြစ်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဗီယိုနှင့်ယူကရိန်းသမ္မတ ဇီလန်စကီးတို့က ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

အီရန်အမျိုးသားဘေလုံးအသင်း လိုက်ပါလာသောလေယာဉ် ဘဆရာလေဆိပ်၌ ဆင်းသက်ခွင့် ပိတ်ပင်ခံရ

တီဟီရန် နိုဝင်ဘာ ၁၁

အီရန် အမျိုးသားဘောလုံးအသင်း လိုက်ပါလာသော လေယာဉ်တစ်စင်း ဘာဆရာလေဆိပ်၌ ဆင်းသက်ခွင့်ကို အီရတ် မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က နိုဝင်ဘာ ၁၀ ရက်တွင် ပိတ်ပင်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရက အီရန်လေကြောင်းလိုင်းများ အပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုစည်းမျဉ်းများအရ အဆိုပါလေယာဉ်ကို ဘာဆရာလေဆိပ်၌ ဆင်းသက်ခွင့်မပေးရန် အီရတ် မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ဘာဆရာလေဆိပ်၌ ဆင်းသက်ခွင့်ပိတ်ပင်ခံရပြီးနောက် အီရန် အမျိုးသား ဘောလုံးအသင်း လိုက်ပါလာသော လေယာဉ်သည် အီရန်သို့ လှည့်ပြန်ခဲ့ပြီး အဘာဒန်းလေဆိပ်၌ ဆင်းသက်ခဲ့ရသည်။

အီရန် အမျိုးသားဘောလုံးအသင်းသည် အီရတ်နိုင်ငံ ဘာဆရာမြို့သို့ ကုန်းတွင်းလမ်းကြောင်းမှတစ်ဆင့် လာရောက်မည်ဖြစ်ကြောင်း ဘာဆရာမြို့ရှိ အီရန်ကောင်စစ်ဝန်ရုံး တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ အီရန်အမျိုးသားဘောလုံးအသင်းသည် ဘာဆရာမြို့၌ ကျင်းပမည့် အီရန်၊ အီရတ်၊ လက်ဘန္စန်၊ ပါလက်စတိုင်းလေးနိုင်ငံပတ်လည် ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့်အသင်းဖြစ်သည်။

အီရန် အမျိုးသားဘောလုံးအသင်း လိုက်ပါလာသော လေယာဉ် ဘာဆရာလေဆိပ်၌ ဆင်းသက်ခွင့် ပိတ်ပင်ခံရမှုသည် အီရန် လေကြောင်းလိုင်းများအပေါ် အမေရိကန်နိုင်ငံက ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှု၏ အကျိုးသက်ရောက်မှု အတိုင်းအဆကို ပြသလျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

လက်ဘန္စန်တောင်ပိုင်း၌ ကင်းလှည့်နေသော ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များ တိုက်ခိုက်ခံရ

ဘေရွတ် နိုဝင်ဘာ ၁၁

လက်ဘန္စန်နိုင်ငံ တောင်ပိုင်း၌ ကင်းလှည့်နေသော ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရကြောင်း လက်ဘန္စန်ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ (ယူနီဖေးလ်)က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

လက်ဘန္စန်တောင်ပိုင်း ဝါဒီကျီလူ နယ်မြေအနီး ကင်းလှည့်နေသော ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များသည် ယနေ့တွင် ပစ်ခတ်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း ယူနီဖေးလ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များက ပြန်လည်တုံ့ပြန် ပစ်ခတ်မှသာ တိုက်ခိုက်မှုများ ရပ်တန့်သွားကြောင်း ယူနီဖေးလ်တာဝန်ရှိသူများက ပြောကြားထားသည်။

ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များပစ်ခတ်တိုက်ခိုက် ခံရမှုအတွက် မည်သူ့တွင် တာဝန်ရှိသည်ကို ယူနီဖေးလ် တာဝန်ရှိသူများက ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂ တပ်ဖွဲ့ဝင်များ ဘေးကင်းလုံခြုံရေးအတွက် သက်ဆိုင်ရာအင်အားစုအားလုံး နိုင်ငံတကာဥပဒေများကို လိုက်နာကြရန် ယူနီဖေးလ်၏ ကြေညာချက်၌ တိုက်တွန်းပြောကြားထားသည်။

၁၉၇၈ ခုနှစ်မှစ၍ အစ္စရေးနှင့် လက်ဘန္စန်တို့ကြား ကြားခံအင်အားစုအဖြစ် တာဝန်ယူပေးထားသည့် ယူနီဖေးလ်၏ မစ်ရှင်သက်တမ်းသည် ယခုနှစ်ကုန်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

အစ္စရေးလွှတ်တော်အမတ်သစ်များ ကျမ်းသစ္စာကျိန်ဆို



ဂျေရုဆလင် နိုဝင်ဘာ ၁၁

အထွေထွေ ရွေးကောက်ပွဲအလွန်ကာလ၌ အစိုးရအဖွဲ့ မဖွဲ့ရသေးသည့်တိုင် အစ္စရေးလွှတ်တော်အမတ်သစ်များက နိုဝင်ဘာ ၁၀ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လက်ရှိတွင် ယာရှာပါတီအကြီးအကဲ ဂါဒီအိုင်ဆင်နော့သည် အစ္စရေးသမ္မတ အိုင်ဆက်ဟာဇော့ဂ်၏ တာဝန်ပေးချက်အရ ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး အတွက် ကြိုးပမ်းလျက်ရှိသည်။

သို့ရာတွင် အောက်တိုဘာ ၂၇ ရက် အစ္စရေးလွှတ်တော် ရွေးကောက်ပွဲ၌ အနိုင်ရခဲ့သည့် လွှတ်တော်အမတ်များက နိုဝင်ဘာ ၁၀ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၇ ရက် အစ္စရေးလွှတ်တော် ရွေးကောက်ပွဲတွင် လက်ရှိအစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ ညွှန့်ပေါင်းအုပ်စုသည် လွှတ်တော်ကို အမတ်နေရာအများစုဖြင့် ထိန်းချုပ်ထားနိုင်စွမ်း လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

သို့ရာတွင် နေတန်ယာဟု၏ အတိုက်အခံ နိုင်ငံရေးအင်အားစုများသည်လည်း ပါတီတစ်ခုတည်းဖြင့် အစိုးရအဖွဲ့ ဖွဲ့နိုင်လောက်သည့် အနိုင်ရလဒ်မျိုးမရခဲ့ကြောင်း သိရသည်။

အစ္စရေးအစိုးရ အဖွဲ့သစ်ကို ယာရှာပါတီ အကြီးအကဲဂါဒီအိုင်ဆင်နော့ ဖွဲ့စည်းနိုင်ချိန်ထိ နေတန်ယာဟုသည် အိမ်စောင့်အစိုးရဝန်ကြီးချုပ်တာဝန်ကို ဆက်လက်ရယူထားရဖွယ်ရှိသည်။

ဂါဒီအိုင်ဆင်နော့သည် သမ္မတ၏ တာဝန်ပေးချက်အရ ညွှန့်ပေါင်းအစိုးရအဖွဲ့သစ် ဖွဲ့စည်းရန် ၂၈ ရက်အချိန်ရမည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

New Glenn ဒုံးပျံအတွက် တတိယအဆင့်ပင်မဒုံးယာဉ်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီက တည်ဆောက်ထား



ဝါရှင်တန် နိုဝင်ဘာ ၁၁

New Glenn ဒုံးပျံအတွက် တတိယအဆင့် ပင်မဒုံးယာဉ်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီက တည်ဆောက်ထားကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

GS-3 ဟူ၍ အမည်ပေးထားသော အဆိုပါတတိယအဆင့်ပင်မဒုံးယာဉ်ကြောင့် New Glenn ဒုံးပျံ၏ စွမ်းဆောင်ရည်မှာ ပို၍မြင့်မားလာမည်ဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ ကြေညာချက်၌ ဖော်ပြထားသည်။

GS-3 တတိယအဆင့် ပင်မဒုံးယာဉ်ကြောင့် New Glenn ဒုံးပျံအနေဖြင့် ဂြိုဟ်တုများကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ပတ်လမ်းပေါ်သို့ တိုက်ရိုက်ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်ဟု ဘလူးအော်ရီဂျင်တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် GS-3 တတိယအဆင့် ပင်မဒုံးယာဉ်ကြောင့် New Glenn ဒုံးပျံအနေဖြင့် လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်များနှင့် အာကာသဟင်းလင်းပြင်စူးစမ်းလေ့လာရေးမစ်ရှင်များကိုလည်း အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီက လက်ရှိအသုံးပြုနေသော New Glenn ဒုံးပျံများသည် ပထမအဆင့် ပင်မဒုံးယာဉ်နှင့် ဒုတိယအဆင့် ပင်မဒုံးယာဉ်တို့ ပေါင်းစပ်ထားသည့် ဒုံးပျံဖြစ်သည်။

အဆိုပါဒုံးပျံသည် အလေးချိန်တန် ၅၀ ရှိ ဂြိုဟ်တုနှင့်အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

လည်ပင်း၏အရွယ်အစားက နှလုံးရောဂါများ ဖြစ်နိုင်ခြေ ရှိ၊မရှိကို ပြသနိုင်

နယူးယောက် နိုဝင်ဘာ ၁၁

လည်ပင်း၏ အရွယ်အစားသည် ပုံမှန်ကိုယ်အလေးချိန် ရှိသူများ အတွက်ပင်လျှင် နှလုံးရောဂါများ ဖြစ်နိုင်ခြေ ရှိ၊ မရှိကို ပြသနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လည်ပင်းတုတ်မှသည် အင်ဆူလင်ဟော်မုန်း ခုခံအားတိုးလာမှု၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း သိရသည်။

အင်ဆူလင်ဟော်မုန်းခုခံအားတိုးလာမှုသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ၊ နှလုံးရုတ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေတို့ မြင့်တက်လာမှုနှင့် ဆက်စပ်နေသည့် ဇီဝဓာတုဖောက်ပြန်မှု ပြဿနာဖြစ်သည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လည်ပင်းအရွယ်အစား ၁၆ လက်မ ကျော်ရှိသည့် အမျိုးသားများ၌ အင်ဆူလင်ခုခံအား တိုးလာနိုင်ခြေ မြင့်မားလာတတ်ကြောင်း သိရသည်။

အလားတူ လည်ပင်းအရွယ်အစား ၁၃ ဒသမ ၅ လက်မကျော်ရှိသည့် အမျိုးသမီးများတွင်လည်း အင်ဆူလင်ခုခံအားတိုးလာနိုင်ခြေ မြင့်မားလာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အင်ဆူလင်ခုခံအားတိုးလာမှုသည် သွေးဖိအားမြင့်တက်လာမှု၊ သွေးအတွင်း ကိုလက်စထရောပါဝင်ခြင်းအဆင့် မြင့်မားလာမှု၊ သွေးအတွင်း သကြားဓာတ်ပါဝင်ခြင်းမြင့်မားလာမှု စသည့်ဇီဝဓာတုဖောက်ပြန်မှုဖြစ်စဉ်များနှင့် ဆက်စပ်နေကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

စပေ့အိတ်ကုမ္ပဏီက Starship-15 မစ်ရှင်ကို နိုဝင်ဘာ ၁၃ ရက်တွင် လွှတ်တင်ရန်စီစဉ်

ဝါရှင်တန် နိုဝင်ဘာ ၁၁

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship-15 မစ်ရှင်ကို နိုဝင်ဘာ ၁၃ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Starship-15 မစ်ရှင်ကို နိုဝင်ဘာ ၁၃ ရက်တွင် လွှတ်တင်ရေးအတွက် ပြင်ဆင်ထားကြောင်း စပေ့အိတ်ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လွှတ်တင်ပြီးချိန်တွင် Starship ဒုံးပျံသည် ပျံသန်းချိန် ၂၂ နာရီ အချိန်ယူ၍ ကမ္ဘာကို အပတ်ရေ ၁၄ ပတ်ထိ လှည့်ပတ်ပျံသန်းမည်ဖြစ်ကြောင်း စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်ဖြစ်သည့် ဘူပါဟဲဗီးဒုံးယာဉ်ကို ပစ်စင်ရှိ စက်ရုပ်လက်တံဖြင့် ပြန်လည်ဖမ်းယူရန် လည်း ကြိုးပမ်းမည်ဖြစ်ကြောင်း ထို့ပြင် နိုဝင်ဘာ ၁၃ ရက် မစ်ရှင်တွင် Starship ၏ ပထမ



အဆင့်ပင်မဒုံးယာဉ်ဖြစ်သည့် ဘူပါ ဟဲဗီးဒုံးယာဉ်ကို ပစ်စင်ရှိ စက်ရုပ်လက်တံဖြင့် ပြန်လည်ဖမ်းယူရန် လည်း ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

Starship ဒုံးပျံသည် နိုဝင်ဘာ ၁၃ ရက်မစ်ရှင်အတွင်း စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၆ စင်းကိုလည်း သယ်ယူသွားမည်ဖြစ်သည်။

စပေ့အိတ်ကုမ္ပဏီသည် Starship-14 မစ်ရှင်ကို စက်တင်ဘာ ၂၈ ရက်တွင်လွှတ်တင်ခဲ့ရာ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၆ စင်းကို ကမ္ဘာပတ်လမ်းပေါ်သို့ ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ဘလူးဘယ်ရီသီး နေ့စဉ်စားသုံးခြင်းဖြင့် သက်ကြီးပိုင်းများနှင့် အထိုင်များသူများ၌ စိတ်ကျရောဂါလက္ခဏာများ လျော့ကျနိုင်ဖွယ်ရှိ

နယူးယောက် နိုဝင်ဘာ ၁၁

ဘလူးဘယ်ရီသီး နေ့စဉ်စားသုံးခြင်းဖြင့် သက်ကြီးပိုင်းများနှင့် အထိုင်များသူများ၌ စိတ်ကျရောဂါ လက္ခဏာများကို လျော့ကျနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

သက်ကြီးပိုင်းများနှင့် အထိုင်များသူများသည် စိတ်ကျရောဂါဖြစ်နိုင်ခြေ အမြင့်မားဆုံးသူများထဲတွင်ပါဝင်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဘလူးဘယ်ရီသီးနေ့စဉ်စားသုံးမှုသည် သက်ကြီးပိုင်းများနှင့် အထိုင်များသူများအတွက် စိတ်ကျရောဂါကို တားဆီးနိုင်မည့် ရိုးစင်းသောနည်းလမ်းတစ်ခုဖြစ်နိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးပိုင်း ၁၈ ဦးတို့ဖြင့် ဘလူးဘယ်ရီသီးစားသုံးမှု၏ အကျိုးကျေးဇူးကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ဘလူးဘယ်ရီသီးစားသုံးမှုသည် စမ်းသပ်မှုတွင် ပါဝင်သူများ၏ စိတ်ကျရောဂါလက္ခဏာများကို လျော့ချပေးနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO



တရုတ်အမျိုးသားအာကာသအေဂျင်စီက ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအုပ်စုတစ်စုကို အောင်မြင်စွာလွှတ်တင်ခဲ့

ပေကျင်း နိုဝင်ဘာ ၁၁

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအုပ်စုတစ်စုကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို လောင်းမတ်ချ်-၁၂ ဒုံးပျံဖြင့် တရုတ်နိုင်ငံတောင်ပိုင်းဟိုင်နန်ပြည်နယ် ဟိုင်နန်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးမကြာခင်မှာပင် လောင်းမတ်ချ်-၁၂ ဒုံးပျံသည် သယ်ဆောင်ထားသည့် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအုပ်စုသည် တရုတ်အမျိုးသားအာကာသအေဂျင်စီက လွှတ်တင်ခဲ့သည့် ၂၉ ကြိမ်မြောက် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအုပ်စု ဖြစ်ကြောင်း သိရသည်။

ကိုယ်ထည်အလျား ၆၂ မီတာ ရှိသော လောင်းမတ်ချ်-၁၂ ဒုံးပျံများသည် အလေးချိန်ခြောက်တန် ရှိဂြိုဟ်တုနှင့်အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် အမြင့် ကီလိုမီတာ ၇၀၀ တွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် လောင်းမတ်ချ်-၁၂ ဒုံးပျံများ၏ ၆၇၆ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ အဆိုအရ သိရသည်။

Ref : Xinhua News
Trs : KKO

မြန်မာဖူဆယ်လိဂ်ယူ-၁၉ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့်သဘောင်ပြင် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၉ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင်ကျင်းပခဲ့ကြောင်းသိရသည်။

မြန်မာ ဖူဆယ်လိဂ်ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီခွဲက ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ပစိဖိတ်ဆန်းဖားအသင်းတို့ ကစားခဲ့ရာ ပစိဖိတ်ဆန်းဖားအသင်းက ၁၁ ဂိုး လေးဂိုး၊ နံနက် ၁၀ နာရီက Burmese Warriors အသင်းနှင့် ULAD FC အသင်းတို့ကစားခဲ့ရာ ULAD FC အသင်းက ၁၃ဂိုး သုံးဂိုး၊ နံနက် ၁၁နာရီခွဲက YRG FCအသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့ ကစားခဲ့ရာ YRG FC အသင်းက ၃၃ ဂိုး နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီက ယူနိုက်တက်စီးတီး အသင်းနှင့် YCDC Dream Team အသင်းတို့ ကစားခဲ့ရာ YCDC Dream Team အသင်းက ခုနစ်ဂိုး လေးဂိုး၊ မွန်းလွဲ ၂ နာရီခွဲက Royal Noka အသင်းနှင့် MIU FC အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက ၁၃ ဂိုး သုံးဂိုးဖြင့် အသီးသီးအနိုင်ရခဲ့ပြီး ညနေ ၄ နာရီက Gold Dream အသင်းနှင့် JV FCအသင်းတို့ကစားခဲ့ရာ နှစ်ဂိုး စီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာ ဖူဆယ်လိဂ်ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်(၁၉)အပြီးတွင် MIU FC အသင်းက ၁၇ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၅၂မှတ်ဖြင့်အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။ STA

Pro Myo Win Aung (PMA) ဂေါက်သီးရိုက်အသင်း၏ ဒုတိယအကြိမ် Tour Pro နှင့် Amateur ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မန္တလေး နိုဝင်ဘာ ၁၁



မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှု၊ အထက်မြန်မာပြည်ဂေါက်သီးရိုက်အဖွဲ့ချုပ် ဆပ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် Pro Myo Win Aung Association (PMA) ဂေါက်သီးရိုက်အသင်း၏ ဒုတိယအကြိမ် Tour Pro နှင့် Amateur ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် အသင်းသူ၊ အသင်းသားများ စုံညီဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကွင်း၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ PMA မှ တာဝန်ရှိသူများနှင့် ရေတံခွန်တောင်ဂေါက်ကွင်းတို့မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ PMA ဥက္ကဋ္ဌ ဦးကိုဦး၊ ရေတံခွန်တောင် ဂေါက်ကွင်း အထွေထွေမန်နေဂျာ ဦးသန့်ဇင် ဦး၊ PMA ဒုတိယဥက္ကဋ္ဌ ဦးစိုးသူ၊ ဦးအောင်ဘိုဇော်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးလင်း၊ ဘဏ္ဍာရေးမှူး ဦးခင်ဇော်လင်း၊ ပြန်ကြားရေးမှူး ဦးနေဇာလင်းတို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ ပြိုင်ပွဲတွင် Tour Pro အဆင့် (အမျိုးသား) ၂၇ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသား) ဦးရေ ၁၀၀ စုစုပေါင်း ၁၂၇ ဦး ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ ယနေ့မှ စတင်ပြီး နိုဝင်ဘာ ၁၄ ရက်ထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ STA

WBC အဖွဲ့ချုပ်ဥက္ကဋ္ဌ ဆူလိုင်မန်းက မေဝဲသာကို WBC ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်အတွက် စိန်ခေါ်ထိုးသတ်ရန် ခွင့်ပြု



ဝါရှင်တန် နိုဝင်ဘာ ၁၁

WBC အဖွဲ့ချုပ်ဥက္ကဋ္ဌ ဆူလိုင်မန်းက လက်ဝှေ့လောကသို့ ပြန်လည် ဝင်ရောက်လာခဲ့သည့် အမေရိကန် ထိပ်တန်းလက်ဝှေ့သမား မေဝဲသာကို WBC ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်အတွက် စိန်ခေါ်ထိုးသတ်ရန်ခွင့်ပြုခဲ့ပြီးနောက် လက်ရှိချန်ပီယံတစ်နိုင်ငံတည်းသား ဂါစီယာနှင့် ထိုးသတ်ရန်ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Boxing world သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၉ နှစ်ရှိ မေဝဲသာသည် လက်ဝှေ့လောကမှကာလအတန်ကြာ အနားယူခဲ့ပြီးနောက် လာမည့် ၂၀၂၇ ခုနှစ်တွင် လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်မည်ဟု ကြေညာခဲ့ပြီး WBCကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်အတွက် စိန်ခေါ်ပွဲထိုးသတ်လိုသည်ဟု အစောပိုင်းကတည်းက ပြောကြားထားခြင်းဖြစ်သည်။

ယခုအခါ WBC အဖွဲ့ချုပ်ဥက္ကဋ္ဌ ဆူလိုင်မန်းက မေဝဲသာလက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်လာခြင်းကို ကြိုဆိုမည်ဖြစ်ပြီး ချန်ပီယံ ခါးပတ်အတွက်လည်း စိန်ခေါ်ခွင့် အပြည့်ရှိသည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မေဝဲသာနှင့် လက်ရှိချန်ပီယံဂါစီယာက လာမည့် ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ ၆ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့၌ ထိုးသတ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

မေဝဲသာသည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝတွင် ပွဲ ၅၀ ထိုးသတ်ခဲ့ပြီး ထိုးသတ်ခဲ့သည့် ပွဲစဉ်အားလုံးကို အနိုင်ရရှိထားသူ ဖြစ်ကြောင်း သိရသည်။

Ref : Boxing world

Trs : STA

အာရှအမျိုးသမီးကလပ်အဆင့်သတ်မှတ်ချက်၌ မြန်မာနိုင်ငံက နှစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့် (၁၁) နေရာတွင်ရပ်တည်

ရန်ကုန် နိုဝင်ဘာ ၁၁

အာရှဘောလုံး အဖွဲ့ချုပ်(AFC) က ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ အမျိုးသမီးကလပ် အဆင့်သတ်မှတ်ချက်ကို ယနေ့တွင် ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံက နှစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့်(၁၁) နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ဘောလုံးရာသီက အမျိုးသမီး ကလပ် အဆင့်သတ်မှတ်ချက်၌ အဆင့်(၁၃)နေရာတွင်သာ ရပ်တည်ခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီအတွက် ကလပ် အဆင့်သတ်မှတ်ချက်၌ နှစ်ဆင့် မြင့်တက်လာခဲ့ပြီး အဆင့်(၁၁) နေရာသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု အမျိုးသမီးကလပ် အသင်းများဖြစ်သည့် ISPE အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစစ်ပွဲ အောင်မြင်အောင် စွမ်းဆောင်ခဲ့ သကဲ့သို့ ယခုနှစ်ဘောလုံးရာသီ တွင်လည်း ဧရာဝတီအသင်းက အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသော်လည်း ရလဒ်ကောင်းအချို့ရရှိခဲ့ပြီးနောက် အဆင့်သတ်မှတ်ချက်များမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ အာရှအမျိုးသမီးကလပ် အဆင့်သတ်မှတ်ချက်၌ ဩစတြေးလျနိုင်ငံက အဆင့်(၁)၊ ဂျပန်နိုင်ငံက အဆင့်(၂)၊ မြောက်ကိုရီးယားနိုင်ငံက အဆင့်(၃)၊ တောင်ကိုရီးယားနိုင်ငံက အဆင့်(၄)၊ တရုတ်နိုင်ငံက အဆင့်(၅)၊ ဗီယက်နမ်နိုင်ငံက အဆင့်(၆)၊ ဥဇဘက်ကစ္စတန်နိုင်ငံက အဆင့်(၇)၊ ဖိလစ်ပိုင်နိုင်ငံက အဆင့်(၈)၊ အီရန်နိုင်ငံက အဆင့်(၉)၊ အိန္ဒိယနိုင်ငံက အဆင့် (၁၀)၊ မြန်မာနိုင်ငံက အဆင့်(၁၁) နေရာတို့တွင် ရပ်တည်နေကြောင်း သိရသည်။ STA

စိရော်နယ်ဒို့က ပေါ်တူဂီအသင်းအတွက် ထာဝရအသင်းခေါင်းဆောင်တစ်ဦးဖြစ်သည်ဟု ပေါ်တူဂီဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ပက်ဒရိုပြောကြား

လစ္စဘွန်း နိုဝင်ဘာ ၁၁



ပေါ်တူဂီ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ပက်ဒရိုက စိရော်နယ်ဒို့သည် ပေါ်တူဂီအသင်းအတွက် ထာဝရအသင်း ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း 433 သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စိရော်နယ်ဒို့သည် ပေါ်တူဂီအသင်းနှင့်အတူ ဆယ်စုနှစ်နှစ်ခု ကျော်ကြာ ပါဝင်ကစားခဲ့ကာ အောင်မြင်မှုများလည်း ရယူခဲ့သူ ဖြစ်ပြီး ပြီးခဲ့သည့် အောက်တိုဘာလက ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွင် ပေါ်တူဂီအသင်းနည်းပြ ကျိုးဆပ်နှင့် ဆက်ဆံရေးတင်းမာမှုများရှိလာခဲ့ပြီးနောက် နိုဝင်ဘာ ၅ ရက်က ပေါ်တူဂီအသင်းကစား သမားဘဝမှ အနားယူကြောင်း အတည်ပြု ကြေညာခဲ့ခြင်း ဖြစ်သည်။

ပက်ဒရိုက "စိရော်နယ်ဒို့ ပေါ်တူဂီအသင်းအတွက် လုပ်ဆောင်ပေးခဲ့သမျှအတွက် ကျွန်တော်တို့အနေနဲ့ ထာဝရကျေးဇူးတင်နေမှာပါ။ စိရော်နယ်ဒို့က ပေါ်တူဂီနိုင်ငံကို ကမ္ဘာကသိလာအောင် လုပ်ဆောင်ပေးခဲ့တဲ့သူပါ။ သူက ပေါ်တူဂီနိုင်ငံအတွက် ဘောလုံးသမားတစ်ဦးဆိုတာထက်ကို ပိုပါတယ်။ စိရော်နယ်ဒို့က ပေါ်တူဂီအသင်းအတွက် အထိမ်းအမှတ်သင်္ကေတတစ်ခုပါ။ ပေါ်တူဂီအသင်းအတွက် သူက ထာဝရအသင်းခေါင်းဆောင်ကောင်းတစ်ဦးပါ"ဟု ပြောကြားခဲ့သည်။

စိရော်နယ်ဒို့သည် ပေါ်တူဂီအသင်းနှင့်အတူ ၂၀၁၆ ယူရိုဖလားပြိုင်ပွဲတွင် ချန်ပီယံဆုတစ်ကြိမ်၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲ၌ ချန်ပီယံဆု နှစ်ကြိမ်ဆွတ်ခူးခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၂၃ပွဲတွင် သွင်းဂိုး ၁၄၆ ဂိုးထိသွင်းယူခဲ့ကာ သွင်းဂိုးအများဆုံး ကစားသမား အဖြစ်ပါ ရပ်တည်နေသူဖြစ်ကြောင်း သိရသည်။ Ref : 433

Trs : STA

မြန်မာလိင်္ဂယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၂)တွင် ISPEအသင်းက မြဝတီအက်ဖ်စီအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၂)ပွဲစဉ်အဖြစ် ISPE အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ယနေ့ည နေ့ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ကစားခဲ့ရာ ISPE အသင်းက မြဝတီအက်ဖ်စီအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ISPE အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၁၆ မိနစ်နှင့် ၄၃ မိနစ်တို့တွင် စစ်ငြိမ်းချမ်းဦး၊ ပွဲချိန် ၂၂ မိနစ်တွင် ရာဇာဦး၊ ပွဲချိန် ၃၉ မိနစ်တွင် ထွန်းကိုကိုတို့က ISPE အသင်းအတွက် သွင်းဂိုးများသွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် ISPE အသင်းက လေးဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြဝတီအက်ဖ်စီအသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေး ကစားခဲ့ရာ ပွဲချိန် မိနစ် ၇၀ တွင် ကျော်ဇေယျာခန့်နှင့် ပွဲချိန် ၈၉ မိနစ်တွင် ဖိုးချစ်လုံးတို့က ချေပဂိုးနှစ်ဂိုးသာ သွင်းယူခဲ့ပြီးနောက် ပွဲပြီးဆုံးချိန်တွင် ISPE အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ် (၂၂)အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၅၅ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေသော်လည်း ISPE အသင်းက ရမှတ် ၅၃မှတ် နှစ်မှတ် အကွာဖြင့် ချန်ပီယံဆုအတွက် ဒုတိယနေရာမှ ဖိအားပေးလျက် ရှိနေကြောင်း သိရသည်။ STA

2026 Golden Boyဆုကို စပိန်နှင့်ဘာစီလိုနာ အသင်းလူငယ်ခံစစ်ကစားသမား ကူဘာစီဆွတ်ခူး

ဘာစီလိုနာ နိုဝင်ဘာ ၁၁

အီတလီထိပ်တန်း သတင်းစာဖြစ်သည့် Tuttosport ကပေးအပ်သည့် 2026 Golden Boy ဆုကို စပိန်နှင့်ဘာစီလိုနာအသင်းလူငယ် ခံစစ်ကစားသမား ကူဘာစီ ဆွတ်ခူးခဲ့ကြောင်း 433 သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Golden Boy ဆုကို ဥရောပတစ်ဝန်းရှိလိဂ်များတွင် ကစားနေသည့် အသက် ၂၁ နှစ်အောက် ကစားသမားများမှ စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်သည့် လူငယ်ကစားသမားများ အတွက် ထိပ်တန်းဆု တစ်ခုဖြစ်ပြီး ကစားသမားတစ်ဦးကို တစ်ကြိမ်သာပေးအပ်သည့်ဆုဖြစ်သည်။

ကူဘာစီမတိုင်မီက Golden Boy ဆုကိုဆွတ်ခူးခဲ့သည့် စပိန်ကစားသမားအဖြစ် ၂၀၀၆ခုနှစ်က ဖာဘာရီဂတ်၊ ၂၀၁၂ ခုနှစ်က အစ္စကို၊ ၂၀၂၁ခုနှစ်က ပက်ဒရီ၊ ၂၀၂၂ ခုနှစ် ဂါဗီ၊ ၂၀၂၅ခုနှစ်တွင် လမိုင်းယာမယ် တို့ကဆွတ်ခူးခဲ့ပြီးနောက် ကူဘာစီက ခြောက်ဦးမြောက် စပိန်ကစားသမားဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ကူဘာစီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသခဲ့ကာ အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သကဲ့သို့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း စပိန်အသင်း ချန်ပီယံဆုဆွတ်ခူးခဲ့ရာတွင် အရေးပါသည့်ခံစစ်ကစားသမားအဖြစ်ပါဝင်ခဲ့ကာ ခြေစွမ်းပြသခဲ့ပြီးနောက် Golden Boy ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကူဘာစီသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်ပေးအပ်သည့် ဖီဖာတစ်နှစ်တာ အကောင်းဆုံး လူငယ်ကစားသမားဆုကိုလည်း ဆွတ်ခူးခဲ့ကြောင်း သိရသည်။ Ref : 433

Trs : STA

WTA Finals အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ပီဂူလာက ကော့ယူခ်ကိုအနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ရန်မျှော်လင့်ချက်ရှိလာ

ဝါရှင်တန် နိုဝင်ဘာ ၁၁

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် WTA Finals အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲအုပ်စုပွဲစဉ်အဖြစ် ယနေ့တွင် အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ယူကရိန်းတင်းနစ်မယ် ကော့ယူခ်တို့ကစားခဲ့ရာ ပီဂူလာက နှစ်ပွဲပြတ်ဖြင့်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ရန် မျှော်လင့်ချက် ရှိလာခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ် ပထမပွဲငယ်တွင် ပီဂူလာက (၆-၂)ရလဒ်၊ ဒုတိယပွဲငယ်တွင် (၇-၅)ရလဒ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ရန် မျှော်လင့်ချက် ရှိလာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကော့ယူခ်အတွက် ပြိုင်ပွဲတွင်အုပ်စုနှစ်ပွဲဆက် ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုအဆင့်မှ ထွက်ခွာရရန် သေချာခဲ့ခြင်း ဖြစ်သည်။

ပီဂူလာသည် အုပ်စုပထမပွဲစဉ်တွင် တစ်နိုင်ငံတည်းတင်းနစ်မယ်ကိုကိုဂတ်ဖ်ကို နှစ်ပွဲ တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် ကော့ယူခ်ကိုအနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ရန် အဆုံးအဖြတ်ပွဲစဉ်ဖြစ်သည့် အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် ချက်တင်းနစ်မယ် နော့စ်ကိုဗာနှင့် ဆက်လက်ကစားရမည်ဖြစ်ပြီး အနိုင်ရမည့်သူက ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA

၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံးပြေးခုန်ပစ်အမျိုးသားကစားသမားဆု ဆန်ခါတင် ကစားသမားသုံးဦးစာရင်း ထုတ်ပြန်



လန်ဒန် နိုဝင်ဘာ ၁၁

ကမ္ဘာ့ပြေးခုန်ပစ် အဖွဲ့ချုပ် (World Athletic)က ၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးပြေးခုန်ပစ် အမျိုးသားကစားသမားဆုအတွက် ဆန်ခါတင် ကစားသမား သုံးဦးစာရင်းကို နိုဝင်ဘာ ၁၀ ရက်က ထုတ်ပြန်ခဲ့ကြောင်း World Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ပြေးခုန်ပစ် အဖွဲ့ချုပ် (World Athletic)က ရွေးချယ်ခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးပြေးခုန်ပစ် အမျိုးသား ကစားသမားဆုအတွက် ဆန်ခါတင် ကစားသမား သုံးဦးစာရင်းတွင် ကင်ညာနိုင်ငံမှ မာရသွန်အပြေးသမား ဆာဝီ၊ ဆွီဒင်နိုင်ငံမှ တန်းခုန်အားကစားသမား မွန်ဒို၊ ဘရာဇီးနိုင်ငံမှ မီတာ ၄၀၀ အတားအဆီးကျော်ဖြတ် အပြေးသမား ဆန်းတို့စ်တို့ပါဝင်လာခဲ့သည်။

လက်ရှိ ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်ခဲ့ကြသူများသည် ယခုနှစ်အတွင်း သက်ဆိုင်ရာ အားကစားနည်းများတွင် အအောင်မြင်ဆုံးစွမ်းဆောင်ရည်များ ပြသထားပြီး ဆာဝီသည် လန်ဒန်မာရသွန်ပြိုင်ပွဲ၌ ၁ နာရီ ၅၉ မိနစ် စက္ကန့် ၃၀ ဖြင့် ပန်းဝင်ကာ စံချိန်သစ်တင်နိုင်ခဲ့ပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သည်။

အလားတူ မွန်ဒိုသည်လည်း Pole Vault တန်းခုန်ပြိုင်ပွဲတွင် ၆ ဒသမ ၃၁ မီတာထိ စံချိန်သစ်တင်ကာ ရွှေတံဆိပ်ဆွတ်ခူးခဲ့ပြီး ဆန်းတို့စ်သည်လည်း 400m Hurdles အတားအဆီးကျော်ဖြတ်အပြေးပြိုင်ပွဲတွင် ၄၅ စက္ကန့်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့ပြီးနောက် နောက်ဆုံး ဆန်ခါတင် ကစားသမားသုံးဦး စာရင်းတွင် ပါဝင်လာခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ပြေးခုန်ပစ် အဖွဲ့ချုပ်က ၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးပြေးခုန်ပစ် အမျိုးသား ကစားသမားဆုကို နိုဝင်ဘာ ၁၉ ရက်တွင် ကြေညာမည်ဖြစ်ကြောင်းသိရသည်။

Ref : World Athletic

Trs : STA

၂၀၂၆ခုနှစ် အာဖရိကတစ်နှစ်တာအကောင်းဆုံး ဆုပေးပွဲအခမ်းအနားကို ရက်ပြောင်းလဲပြီး လာမည့်ဒီဇင်ဘာ ၂ ရက်တွင်ကျင်းပမည်

လာဂို့စ် နိုဝင်ဘာ ၁၁

အာဖရိကဘောလုံး အဖွဲ့ချုပ် (CAF)က ၂၀၂၆ခုနှစ် အာဖရိကတစ်နှစ်တာ အကောင်းဆုံးဆုပေးပွဲအခမ်းအနားကို ရက်အပြောင်းအလဲလုပ်ဆောင်ခဲ့ပြီး လာမည့် ဒီဇင်ဘာ ၂ ရက်တွင် ကျင်းပမည်ဟု အတည်ပြု ကြေညာခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက CAF က ၂၀၂၆ ခုနှစ် အာဖရိကတစ်နှစ်တာ အကောင်းဆုံး ဆုပေးပွဲအခမ်းအနားကို လာမည့်ဒီဇင်ဘာ ၇ ရက်တွင် နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့၌ ကျင်းပရန်သတ်မှတ်ထားသော်လည်း ယခုအခါရက်အပြောင်းအလဲ လုပ်ဆောင်ခဲ့ကာ ဒီဇင်ဘာ ၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံအပြောင်းအလဲ လုပ်ဆောင်မည်မဟုတ်ဘဲ မူလသတ်မှတ်ထားသည့်အတိုင်း နိုင်ဂျီးရီးယားနိုင်ငံတွင်သာ ကျင်းပမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် အာဖရိကတစ်နှစ်တာ အကောင်းဆုံးဆုပေးပွဲအခမ်းအနားတွင် တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆု အပါအဝင် စုစုပေါင်း ဆုအမျိုးအစား ၁၈ မျိုးကို ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၅ခုနှစ် အာဖရိက တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုကိုမော်ရိကိုအသင်းနှင့် ပီအက်စ်ဂျီအသင်းမှ ဟာကီမီက ဆွတ်ခူးခဲ့သကဲ့သို့ ၂၀၂၆ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင်လည်း ထပ်မံပါဝင်နေပြီး ဆွတ်ခူးနိုင်ရန် ရေပန်းစားနေကြောင်း သိရသည်။ Ref : The Athletic

Trs : STA

ဝမ်းအရောင်နဲ့ ပုံစံကပြောနေတဲ့ အူလမ်းကြောင်းရဲ့ သတိပေးစကား

မန္တလာဆရာမျိုး


လူအများက မိမိရဲ့ဝမ်းအရောင်နဲ့ ပုံစံကို သတိထားကြည့်လေ့ သိပ်မရှိကြပါ။ ဒါပေမဲ့ ဝမ်းဟာ အစားအစာ ချေဖျက်တာ၊ အူလမ်းကြောင်းလှုပ်ရှားတာ၊ အသည်းနဲ့ သည်းခြေစနစ်၊ သွေးယိုတာနဲ့ အခြားကျန်းမာရေးအခြေအနေ တချို့အကြောင်း သဲလွန်စပေးနိုင်ပါတယ်။ ပုံမှန်ဝမ်းအရောင်ဟာ အညိုရောင်အမျိုးမျိုး ဖြစ်နိုင်ပါတယ်။ အရောင်ကို အစားအစာ၊ သည်းခြေရည်၊ ဆေးဝါးနဲ့ အူလမ်းကြောင်းထဲ အစာဖြတ်သန်းသွားတဲ့ အချိန်တွေက သက်ရောက်စေနိုင်ပါတယ်။ ဒါကြောင့် တစ်ရက်တစ်ခါ အရောင်နည်းနည်းပြောင်းတာနဲ့ ရောဂါကြီးရှိတယ်လို့ မယူဆသင့်ပါ။ အရေးကြီးတာက အရောင်ပြောင်းမှုက ဆက်တိုက်ဖြစ်နေလား။ သွေးပါသလား။ ပုံစံပြောင်းလာသလား။ ဝမ်းသွားအလေ့အထပါ ပြောင်းလာသလား။ အခြားလက္ခဏာတွေပါ တွဲလာသလား ဆိုတာဖြစ်ပါတယ်။

အရင်ဆုံး လူတွေကြောက်တတ်တာက ဝမ်းထဲသွေးပါတာဖြစ်ပါတယ်။ ဝမ်းအပေါ်ယံမှာ အနီရောင်သွေးစက်၊ သွေးကြောင်းတွေ တွေ့ရတယ်ဆိုရင် အောက်ပိုင်းအူလမ်းကြောင်း သို့မဟုတ် စအိုနားမှာ သွေးယိုမှုရှိနိုင်ပါတယ်။ ဝမ်းချုပ်ပြီး အရမ်းညှစ်ရလို့ Anal Fissure လို့ခေါ်တဲ့ စအိုကွဲနာဖြစ်တာ၊ လိပ်ခေါင်း Hemorrhoids ကြောင့် ဖြစ်တာမျိုးက အဖြစ်များပါတယ်။ ဒီလိုအခြေအနေတွေမှာ ဝမ်းသွားတဲ့အခါ နာတာ၊ စအိုပူစပ်တာ၊ Tissue ပေါ်မှာ အနီရောင်သွေး မြင်ရတာမျိုး ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဝမ်းထဲသွေးပါတာတိုင်း လိပ်ခေါင်းလို့ မသတ်မှတ်သင့်ပါ။ အူမကြီးရောင်ရမ်းတာ၊ Diverticular disease၊ Polyp၊ အူမကြီးကင်ဆာနဲ့ အခြားအကြောင်းရင်းတွေလည်း ရှိနိုင်ပါတယ်။ အထူးသဖြင့် အသက်ကြီးလာသူ၊ ဝမ်းသွားအလေ့အထ ပြောင်းလာသူ၊ ကိုယ်အလေးချိန် မမျှော်လင့်ဘဲ ကျလာသူ၊ သွေးအားနည်းလာသူတွေမှာ ပိုဂရုစိုက်သင့်ပါတယ်။

နောက်ထပ်အရေးကြီးတာက ဝမ်းအမည်းရောင်ဖြစ်လာတာဖြစ်ပါတယ်။ ဝမ်းဟာ ကတ္တရာလို အမည်းရောင်စေးကပ်ကပ်နဲ့ အနံ့ပြင်းလာတယ်ဆိုရင် အစာအိမ် ဒါမှမဟုတ် အူလမ်းကြောင်းအပေါ်ပိုင်းက သွေးယိုတာ ဖြစ်နိုင်ပါတယ်။ သွေးဟာ အူလမ်းကြောင်းထဲ ဖြတ်သန်းလာတဲ့အခါ အရောင်မည်းသွားနိုင်ပါတယ်။ ဒီလိုဝမ်းကို Melena လို့ ခေါ်ပါ တယ်။ အစာအိမ်အနာ၊ အူသိမ်အစပိုင်းအနာ၊ အစာအိမ်အူလမ်းကြောင်းသွေးယိုမှုနဲ့ အခြားအကြောင်းရင်းတွေကြောင့် ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ Iron ဆေး ဒါမှမဟုတ် အစားအစာ၊ ဆေးဝါးအချို့ကြောင့်လည်း ဝမ်းမည်းနိုင်ပါတယ်။ ဒါကြောင့် အရောင်တစ်ခုတည်းနဲ့ မဆုံးဖြတ်သင့်ပါ။ ဝမ်းမည်းတာနဲ့အတူ မူးဝေတာ၊ အားနည်းတာ၊ နှလုံးခုန်မြန်တာ၊ သွေးအန်တာ ဒါမှမဟုတ် coffee-ground လို အန်တာရှိလာရင် အရေးပေါ်အခြေအနေဖြစ်နိုင်ပါတယ်။

နောက်ထပ်သတိထားသင့်တာက ဝမ်းအရောင်ဖျော့ဖျော့၊ မီးခိုးရောင် ဒါမှမဟုတ် မြေဖြူရောင်လို ဖြစ်လာတာဖြစ်ပါတယ်။ ပုံမှန်ဝမ်းအညိုရောင်ဖြစ်ဖို့ သည်းခြေရည်က အရေးကြီးပါတယ်။ သည်းခြေလမ်းကြောင်းပိတ်တာ၊ အသည်းနဲ့ သည်းခြေစနစ်ဆိုင်ရာ ပြဿနာအချို့မှာ သည်းခြေရည် အူထဲမရောက်နိုင်လောက်အောင် လျော့သွားရင် ဝမ်းအရောင် အလွန်ဖျော့လာနိုင်ပါတယ်။ ဒီလိုအခြေအနေမှာ မျက်သားအဖြူဝါတာ၊ အသားဝါတာ၊ ဆီးအရောင်ရင့်တာတွေပါ တွဲလာနိုင်ပါတယ်။ ဒါကြောင့် ဝမ်းဖြူဖျော့လာပြီး မျက်လုံးပါ ဝါလာတယ်ဆိုရင် ပေါ့ပေါ့ဆဆ မထားသင့်ပါ။

နောက်တစ်ခုက အစိမ်းရောင်ဝမ်းဖြစ်ပါတယ်။ အစိမ်းရောင်ဝမ်းဟာ အမြဲတမ်းရောဂါမဟုတ်ပါ။ ဟင်းသီးဟင်းရွက် အစိမ်းများများစားတာ၊ အစားအစာအရောင်၊ အူလမ်းကြောင်းက အစာကို အရမ်းမြန်မြန်ဖြတ်သန်းသွားတာတွေကြောင့် ဖြစ်နိုင်ပါတယ်။ ဝမ်းလျှောနေချိန်မှာ သည်းခြေရည်အရောင်ပြောင်းဖို့ အချိန်မလုံလောက်တာကြောင့် ဝမ်းအစိမ်းရောင် ထွက်နိုင်ပါတယ်။ ဒါပေမဲ့ ဝမ်းလျှောတာနဲ့အတူ အဖျားရှိနေတာ၊ ဗိုက်နာတာ၊ သွေးပါတာ၊ ရောဂါ ခန်းခြောက်တာတွေရှိလာရင် အူလမ်းကြောင်းပိုးဝင်မှုကို စဉ်းစားဖို့လိုနိုင်ပါတယ်။



ဝမ်းအဆီပြန်တာ၊ ရေပေါ်ပေါ်နေတာ၊ အနံ့အလွန်ဆိုးတာကလဲ သတိထားရမဲ့လက္ခဏာတစ်ခုဖြစ်ပါတယ်။ ဝမ်းမှာ အဆီများပြီး တစ်ခါတစ်ရံ အိမ်သာခွက်မှာ ကပ်ကျန်တာ၊ ရေပေါ်ပေါ်နေပြီး ဆေးချရခက်တာမျိုးကို Steatorrhea လို့ ခေါ်နိုင်ပါတယ်။ အဆီစုပ်ယူမှုမကောင်းတာနဲ့ ဆက်စပ်နိုင်ပြီး အူသိမ်၊ ပန်ကရိယ၊ အသည်း၊ သည်းခြေစနစ်နဲ့ အခြားအကြောင်းရင်းတွေ ရှိနိုင်ပါတယ်။ အထူးသဖြင့် ဝမ်းအဆီပြန်တာနဲ့အတူ ကိုယ်အလေးချိန်ကျတာ၊ အာဟာရချို့တဲ့သလိုဖြစ်တာ၊ ဗိုက်ဖောင်းတာတွေပါ တွဲဖြစ်လာရင်အကြောင်းရင်းကို စစ်ဆေးသင့်ပါတယ်။

နောက်ထပ်လူအများကြုံရတတ်တာက ဝမ်းချုပ်တာဖြစ်ပါတယ်။ တစ်ရက် ဝမ်းမသွားရုံနဲ့ ဝမ်းချုပ်တယ်လို့ မဆိုလိုပါ။ လူတစ်ယောက်နဲ့တစ်ယောက် ဝမ်းသွားအကြိမ်ရေ မတူနိုင်ပါ။ အရေးကြီးတာက ဝမ်းမာတာ၊ အရမ်းညှစ်ရတာ၊ မကုန်သေးသလို ခံစားရတာ၊ အကြိမ်ရေနည်းလာတာတို့ ဖြစ်ပါတယ်။ ရေသောက်နည်းတာ၊ အမျှင်မာတ်နည်းတာ၊ လှုပ်ရှားမှုနည်းတာ၊ ဆေးဝါးအချို့နဲ့ အသက်အရွယ်ကြောင့် ဝမ်းချုပ်နိုင်ပါတယ်။

ဒါပေမဲ့ ဝမ်းချုပ်တာက အသစ်ဖြစ်လာပြီး ကြာရှည်နေတယ်။ သွေးပါလာတယ်။ ကိုယ်အလေးချိန်ကျလာတယ်။ ဗိုက်နာတယ်။ ဝမ်းသွားအလေ့အထ ပြောင်းလဲ တာ၊ ဗိုက်အောင်းလာတာ၊ အစာမကြေသလို ခံစားရတာ၊ ဝမ်းအရောင်ပြောင်းသွားတာ၊ ဝမ်းသွားအလေ့အထ ပြောင်းလဲတာ၊ ဝမ်းသွားအရွယ်အစား ပြောင်းလဲတာ၊ ဝမ်းသွားအရှိန်အဟုန် ပြောင်းလဲတာ၊ ဝမ်းသွားအသံ ပြောင်းလဲတာ၊ ဝမ်းသွားအနံ့ ပြောင်းလဲတာ၊ ဝမ်းသွားအဆင့်အတန်း

ရွှေလက် ရုပ်သံဇာတ်လမ်းတွဲကို M Channel ရုပ်သံလိုင်းနှင့် bebeetv Application တို့မှ ထုတ်လွှင့်ပြသမည်



ရန်ကုန် နိုဝင်ဘာ ၁၁

Cloud Seven Production & Entertainment က ရိုက်ကူးထုတ်လုပ်သည့် ရွှေလက်ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁၄ ရက်မှစတင်ကာ M Channel ရုပ်သံလိုင်းနှင့် bebeetv Application တို့မှ ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာစွမ်းပိုင်ထံမှ သိရသည်။

အဆိုပါ ရွှေလက် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ စွမ်းပိုင်က ရေးသားထားပြီး ၎င်းကပင် Cloud Seven Production & Entertainment အတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"မြန်မာ့ရိုးရာ ဆိုင်းအနုပညာလောကကို အခြေခံထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ ဆိုင်းပိုင်းထဲက ထင်ဟပ်နေတဲ့မေတ္တာနဲ့ သံယောဇဉ်တွေ၊ တူရိယာတွေရဲ့ ပေါင်းစပ်မှုသဖွယ် ပြီးပြည့်စုံနေတဲ့ သံယောဇဉ်တချို့ဆီကို အတ္တနဲ့ လောဘတို့ ဝင်ရောက်လာတဲ့အခါ ဆိုင်းသံတွေကြားက ပျော်ရွှင်မှု၊ ရင်ခုန်မှုနဲ့ ပဋိပက္ခများစွာကို အချစ်၊ အလွမ်း၊ အဆွေး ရသစုံလင်စွာကြည့်ရှုရမဲ့ ရုပ်သံဇာတ်လမ်းတွဲဖြစ်ပါတယ်"ဟု ဒါရိုက်တာ စွမ်းပိုင်က ပြောပြသည်။

ရွှေလက် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ချာလီငြိမ်း၊ ကျော်ထက်ဇော်၊ ဈာန်ရှိုင်း၊ မင်းသူ၊ ကျော်ထူး၊ အောင်ဖြိုးဟိန်း၊ ချက်ကြီး၊ ဖိုးသဲ၊ အောင်ချစ်၊ မောင်ကင်း၊ စီလာဝင်း၊ ရွှေဘုံသာသာ၊ ဖူးဖူးနန်းတော်၊ အေးသီတာ၊ ဆုပြည့်မေနန်း၊ ခင်ခင်ဂုဏ်ဇော်၊ ရတီနန္ဒာ၊ နှင်းရွှေရည်ဝင်း၊ အေးအေးအောင်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

Mouthwashing ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန်စီစဉ်နေ

နယူးယောက် နိုဝင်ဘာ ၁၁

Mouthwashing အမည်ရှိ ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်နေကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

Mouthwashing ဗီဒီယိုဂိမ်းသည် ဆွီဒင်နိုင်ငံအခြေစိုက် Wrong Organ ကုမ္ပဏီက ဖန်တီးထားသော စိတ္တဇထိတ်လန့်သည်းဖို ဗီဒီယိုဂိမ်းဖြစ်သည်။

Mouthwashing ရုပ်ရှင်ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ စကော့ဒါးရစ်ဆင်က ထုတ်လုပ်သူအဖြစ် တာဝန်ယူမည်ဖြစ်ကြောင်း ဆိုနီရုပ်ရှင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဒါရိုက်တာ စကော့ဒါးရစ်ဆင်သည် The Black Phone ဇာတ်ကားနှင့် S inister ကဲ့သို့ နာမည်ကျော် ထိတ်လန့်သည်းဖို ဇာတ်ကားများကို ရိုက်ကူးခဲ့သူဖြစ်သည်။

Mouthwashing ရုပ်ရှင်ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မက်မင်ဖရက်ဒီ နှင့်ဖီးဟေးတို့ကရေးသားပေးထားပြီး ဒါရိုက်တာ ကာရင်ကူဆာမာက တာဝန်ယူရိုက်ကူးမည်ဟု ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




ဝင်ကစွပ် ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၂၀ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်

ရန်ကုန် နိုဝင်ဘာ ၁၁

မီးအိမ်ရှင် ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်သည့် ဝင်ကစွပ် ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၂၀ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ အရုဏ်ဦး ပွင့်သိဂီဇော်ထံမှ သိရသည်။

အဆိုပါ ဝင်ကစွပ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို အေးကြည်သာဟန်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာအရုဏ်ဦး ပွင့်သိဂီဇော်က မီးအိမ်ရှင်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"လူတွေရဲ့ သနားကဲ့ရဲ့တဲ့ အကြည့်တွေ၊ မိခင်ရဲ့ စိမ်းကားမှုတွေကြားမှာ ဝင်ကစွပ်ကလေးလို ကိုယ်ပိုင်အိမ်မရှိဘူးလို့ ခံယူထားခဲ့တဲ့ အော်တစ်ဇင်ဆယ်ကျော်သက် ပူစူးဆိုတဲ့ ကောင်ကလေး။ အဘိုး၊ အဘွားတို့ရဲ့မေတ္တာနဲ့ ဘဝရဲ့အဓိပ္ပာယ်ကို ဘယ်လိုရှာတွေ့ဖြတ်ကျော်သွားမလဲဆိုတာ အဘိုး၊ အဘွားမေတ္တာနဲ့ ကြီးပြင်းလာသူ တိုင်း လက်မလွတ်တမ်း ခံစားကြည့်ရှုသင့်တဲ့ မိသားစုဒရာမာ ရုပ်ရှင်ဇာတ်ကားပဲ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ အရုဏ်ဦး ပွင့်သိဂီဇော်က ပြောပြသည်။



ဝင်ကစွပ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ပိုင်တံခွန်၊ ကျော်ရဲအောင်၊ ထွန်းအိန္ဒြာပို့၊ ချောရတနာ၊ ရတနာပို့၊ အထူးဧည့်သည် သရုပ်ဆောင် ဘုဏ်းသိုက်၊ ရဲလွင်ဦးနှင့် အခြား အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

SoCal လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသမီး မက်ဒီဆင်ဘီလေ ပါဝင်မည်

နယူးယောက် နိုဝင်ဘာ ၁၁

SoCal အမည်ရှိ လျှို့ဝှက်သည်းဖိုဒရာမဇာတ်ကားတွင် မင်းသမီး မက်ဒီဆင်ဘီလေ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

မင်းသမီး မက်ဒီဆင်ဘီလေသည် Netflix ရုပ်ရှင်ကုမ္ပဏီ၏ Outer Banks ဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

SoCal ဇာတ်ကားသည် မူးယစ်ဆေးဝါးရောင်းချနေသော အထက်တန်းကျောင်းသူတစ်ဦးနှင့် လူပျောက်မှုတစ်မှုတို့ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

မင်းသမီး မက်ဒီဆင်ဘီလေသည် SoCal ဇာတ်ကား၌ အဓိက ဇာတ်ကောင်ဖြစ်သည့် မူးယစ်ဆေးဝါးရောင်းချနေသော လိမ္မာပါးနပ်သည့် အထက်တန်းကျောင်းသူ ရာမိုနာအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

SoCal ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ကင်မရွန်းဗင်ဟွိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားသည်။

ဒါရိုက်တာ ကင်မရွန်းဗင်ဟွိုင်းသည် Flinch နှင့် The Prince ကဲ့သို့ လျှို့ဝှက်သည်းဖိုရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



သဘင်သည်မြန်းဆီ ရုပ်ရှင်ဇာတ်ကားကို HEY Play Application နှင့် HEY Play YouTube Channel တို့မှ ထုတ်လွှင့်ပေးသွားမည်

ရန်ကုန် နိုဝင်ဘာ ၁၁

သဘင်သည်မြန်းဆီ ရုပ်ရှင်ဇာတ်ကားကို HEY Play Application နှင့် HEY Play YouTube Channel တို့မှ နိုဝင်ဘာ ၂၀ ရက်တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သဘင်သည်မြန်းဆီ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မင်းဆက်သစ်ကရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားထားကာ စိန်ဌေးရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မင်းဆက်သစ်က တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားက ၂၀၂၄ ခုနှစ် စက်တင်ဘာလက ရုံတင်ပြသထားတဲ့ ရုပ်ရှင်ဇာတ်ကား ဖြစ်ပါတယ်။ ရုံတင်ပြသစဉ်က ပရိသတ်တွေရဲ့ တစ်ခဲနက်အားပေးမှုကိုရရှိခဲ့ပြီး ထပ်မံကြည့်ရှုချင်ကြတဲ့ ပရိသတ်တွေအတွက် သဘင်သည်မြန်းဆီရုပ်ရှင်ဇာတ်ကားကို HEY Play Application နဲ့ HEY Play YouTube Channel တို့မှာ တစ်ချိန်တည်း ထုတ်လွှင့်ပြသပေးသွားမှာဖြစ်လို့ စောင့်မျှော်ကြည့်ရှုအားပေးကြပါအုံး"ဟု ဒါရိုက်တာ မင်းဆက်သစ်က ပြောပြသည်။

သဘင်သည်မြန်းဆီ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ်သရုပ်ဆောင် ထူးမြတ်၊ ဟင်နရီစံ၊ မင်းအာကာ၊ ဂူဂူး၊ သံစဉ်ဖြိုးပိုင်၊ မေမီကိုကို၊ စင်ဒီမြတ်၊ ဆုရတနာထိုက်၊ ယွန်းသဒ္ဒါဟန်၊ ဒေါ်စမ်းစမ်းဝင်း၊ ရွှန်းလဲ့ရွှေရည်နှင့် အခြားအနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

Vice President U Nyo Saw delivers an address at the coordination meeting on boosting exports and accumulating reserve rice, and inspects conditions of warehouses storing export-based reserve rice



Vice President U Nyo Saw inspects a warehouse storing reserve rice.

Nay Pyi Taw November 11

A coordination meeting on boosting exports and accumulating reserve rice took place at the meeting hall of the Yangon Region government office this afternoon, with an address by Vice President U Nyo Saw.

The meeting was also attended by Yangon Region Chief Minister U Aung Naing Thu, Deputy Minister for Commerce U Win Myint Khaing, the deputy commander of Yangon Command, regional ministers, departmental officials, the president of the Union of Myanmar Chambers of Commerce and Industry, the president of Myanmar Rice Federation and officials from export companies.

The Vice President stated that as paddy is the nation's principal crop and staple agricultural produce, work is being carried out in accordance with the President's guidance to improve paddy yields, enhance production in the rice sector, secure foreign markets, and boost exports. He detailed the successful convening of the Myanmar Rice Conference 2022 and the subsequent action plans identified for the development of the rice sector; the progress in implementing measures to systematically, easily, and swiftly verify and register warehouses on the Myanmar Rice Online platform; the issuance of digital certificates for approved warehouse licences; and the annual accumulation of an appropriate volume of reserve rice through public-private partnerships "to ensure domestic rice price stability and provide effective relief to disaster-affected regions". He further explained in detail the conditions regarding domestic rice self-sufficiency, securing overseas markets and systematically exporting produce, stabilizing domestic prices, systematically cataloging and registering rice storage facilities, stockpiling efforts to distribute and supply the staple rice to people in disaster-hit areas, and the ongoing measures to ramp up reserve rice stockpiles to prepare for erratic weather patterns that may arise from Super El Niño. He urged all departments concerned and organizations to coordinate the ramp up reserve rice stockpiles.

The Vice President of Myanmar Rice Federation reported on conditions of rice market, storage of reserve rice, and export of rice and broken rice abroad. Officials from relevant federations, departments and export companied presented information about storage of reserve rice, distribution of rice to natural disaster-hit areas, and increase of export goods.

The Vice President reviewed the discussions and reports, coordinated necessities and gave the concluding remarks.

After the meeting, the Vice President inspected storage of reserve rice at the relevant export-based warehouses in Shwepyitha and Hlinethaya townships and gave necessary instructions.

MNA

Farmers harvest all plantations of groundnut in Taze Township

Taze November 11

All groundnut fields cultivated during this year's monsoon crop-growing season in Taze Township, Sagaing Region, have been fully harvested, according to records from the Taze Township Agriculture Department.

A total of 35,739 acres of groundnuts were cultivated in Taze Township during this year's monsoon crop-growing season. Harvesting began in August, and all cultivated acres have now been fully harvested, with an average yield of 42.89 baskets per acre.

"We were able to cultivate 35,739 acres of groundnuts in Taze Township during this year's monsoon crop-growing season. All the cultivated groundnut fields have now been fully harvested. The cultivated acreage exceeded the target, and groundnut cultivation has been successful and productive. Oil crops are also performing well, and groundnut cultivation has been increasing year by year," said U Ohn Kyaw Myint, Head of the Taze Township Agriculture Department.

Groundnut cultivation in Taze Township requires about one and a half baskets of seeds per acre. The total cultivation cost, including seeds, labour, fertilizers and pesticides, exceeds K200,000 per acre. A yield of more than 50 baskets per acre can be obtained under normal cultivation conditions.

To ensure successful groundnut cultivation and prevent pest and disease infestations and weed growth, staff from the Township Agriculture Department conducted field inspections and collected monitoring records from the groundnut plantations.

206

YeU Township grows more than 2,000 acres of butter bean this year

YeU November 11

Statistics of YeU Township Agriculture Department stated that local farmers have planted more than 2,000 acres of butter bean as cold season crops in YeU Township of Sagaing Region this year.

A total of 2,185 acres of butter beans have been planted so far in YeU Township, against the target of 3,147 acres set for the 2026-2027 winter crop-growing season. Planting began in October this year, according to the YeU Township Agriculture Department.

"This winter crop-growing season, we have set a target of cultivating more than 3,000 acres of butter beans in YeU Township. More than 2,000 acres have been planted so far. We are making efforts to ensure that the cultivation target is met. In coordination with farmers, we are providing necessary support, including quality and pure seeds, agricultural inputs and post-harvest technology, to improve crop yields and quality," said Daw Aye Nyein Thant, Head of the YeU Township Agriculture Department.

The YeU Township Agriculture Department is conducting awareness-raising activities to encourage butter bean farmers to expand cultivated acreage, improve yields, adopt Good Agricultural Practices (GAP), use quality and pure seeds, and grow high-yielding varieties.

Crops cultivated in accordance with GAP standards are of better quality and can command higher prices than those grown using other methods. Their quality also enables them to be marketed not only domestically but also exported to international markets. As a result, farmers adopting GAP practices can achieve greater economic benefits.

206

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Wuntho Township People's Hospital attacked with drop bombs by combined so-called PDF terrorist insurgent groups







Buildings damaged inside the Wuntho People's Hospital following a drop-bomb attack by terrorist insurgents.

Nay Pyi Taw November 11

With the senseless aims of sabotaging regional development, disrupting the government's administrative machinery, and undermining regional peace and stability, combined so-called PDF terrorist insurgent groups have been committing heinous acts of detonating mines, destroying critical infrastructure such as roads, bridges, schools, and hospitals, launching remote attacks with improvised rockets, and dropping bombs from drones. In such ongoing acts, the combined terrorist insurgent groups, with depraved intent, launched a drop-bomb drone attack this afternoon on the Township People's Hospital located in Sitkaegyi Ward, Wuntho, Sagaing Region. The dropped bombs exploded in the hospital compound, hitting the monks' treatment ward and the hospital conference hall.

The explosions damaged window panes, ceilings, building walls, water pipelines, and furniture from shrapnel. No local patients undergoing medical treatment or healthcare personnel were injured in the incident.

Attacking a non-military hospital providing medical healthcare to local ethnic civilians with such depraved intent constitutes a war crime under the Geneva Conventions and international law. Local residents strongly object to and condemn these terrorist acts, and security forces are continuing to take necessary area security measures.

100

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

Systematic demolition continues for a five-storey building used in online gambling operations in Shwe Kokko Part-II.




Before demolition.





Demolition using heavy machinery.

Nay Pyi Taw November 11

In cooperation with neighboring and regional countries, the government has taken measures to completely eradicate online scams and gambling, which have posed a threat to the global socio-economic arena and national security, and carried out total and systematic demolition of illegal buildings in Shwe Kokko, where most of online scams and gambling were operated, so that they cannot be used again in such crimes.

In doing so, a 5-storey illegal building and a 6-storey one among those being mechanically demolished and left for dismantling in Shwe Kokko (Part-II) completed up to 90 percent and 30 percent respectively today.

Out of 63 buildings used in online scams and left for demolition in Shwe Kokko (Part-II), the dismantling of 10 buildings including four for detonation and 6 for mechanical demolition have completed and plans are underway to systematically demolish the remaining 53 illegal buildings.

100

Hundreds of schools evacuated across Italy after emailed bomb threats

Rome November 11

Hundreds of schools were evacuated across Italy on Wednesday after being targeted by bomb threats, local media reported.

The threat was triggered by an email sent to school administrations across the country, including Rome, Milan, Florence and other major cities, according to state-run Rai News 24.

At least 300 schools across Italy were affected by the bomb threats, and the number could rise, Italian TV channel La7 reported, citing Education Minister Giuseppe Valditara.

Police and Carabinieri military police were running security checks along with explosive expert teams. No evidence had been found to substantiate the threats so far, but students and teachers were sent home as a precaution.

Prime Minister Giorgia Meloni has reportedly called an urgent cabinet meeting at 4 p.m. local time (1500 GMT) to assess the situation.

The threatening email was sent to at least 12 schools in the province of Rome, including primary schools and nurseries, as well as 12 schools in Milan and the surrounding Lombardy region and another 12 in Naples and the Campania region, La Repubblica reported.

Other targeted schools were in Turin, Sanremo and Vicenza in northern Italy, and in Bari, Cagliari, and Palermo in the south.

The email threat began as follows: "This is Mikhail Andropov, leader of the Vilayat Misoginistan. We have come to annihilate you. We are going to carry out a genocide against Italians," according to La Repubblica, which published a copy provided by staff at one school.

The email also claimed that a "powerful explosive device" had been planted in each targeted school, and a bomb had been "placed in the car of your (Education) Minister."

Xinhua

ရုရှားက Mi-28NM ရဟတ်ယာဉ်မှ Dan-T လေပေါ်ပျံဝဲတိုက်ခိုက်ရေးဒရုန်းကို ပထမဆုံးအကြိမ် ပစ်လွှတ်ပြသ



ရုရှားနိုင်ငံသည် Mi-28NM ရဟတ်ယာဉ်မှ Dan-T လေပေါ်ပျံဝဲ တိုက်ခိုက်ရေးဒရုန်းကို ပထမဆုံးအကြိမ် ပစ်လွှတ်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၉ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါပြသမှုသည် Mi-28NM ရဟတ်ယာဉ်ကို ရှေ့တန်းစစ်မြေပြင်အနီး တိုက်ခိုက်ရေးတာဝန်များအပြင် ရှေ့တန်းနှင့် ဝေးကွာသည့် ပစ်မှတ်များကို တာဝေးမှတိုက်ခိုက်နိုင်သည့် တိုက်ခိုက်ရေးရဟတ်ယာဉ်အဖြစ် အသုံးပြုနိုင်ရေး ကြိုးပမ်းလာခြင်းဖြစ်သည်။

Dan-T ဒရုန်းသည် ဂျက်အင်ဂျင် အသုံးပြုထားသည့် လေပေါ်ပျံဝဲတိုက်ခိုက်ရေးဒရုန်းအမျိုးအစားဖြစ်ပြီး အမြင့်ဆုံး ပျံသန်းတိုက်ခိုက်နိုင်သည့် အကွာအဝေးမှာ ကီလိုမီတာ ၄၅၀ ခန့်၊ အမြင့်ဆုံး အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၅၀၀ ခန့်နှင့် ထိပ်ဖူးအလေးချိန်မှာ ကီလိုဂရမ် ၁၃၀ ထိ ရှိနိုင်ကြောင်း ဖော်ပြထားသည်။

ငင်းစွမ်းဆောင်ရည်များအရ Dan-T ဒရုန်းသည် တိုက်ခိုက်ရေးဒရုန်းများ၏ လုပ်ဆောင်ပုံနှင့် ခရူဇ်ဒုံးကျည်များ၏ တာဝေးပစ်ခတ်နိုင်စွမ်းတို့ကို ပေါင်းစပ်ထားသည့် လက်နက်အမျိုးအစား တစ်ခု ဖြစ်လာနိုင်သည်။ သို့သော် ကီလိုမီတာ ၄၅၀ ဆိုသည့် အကွာအဝေးသည် ထုတ်ပြန်ထားသော အမြင့်ဆုံးစွမ်းဆောင်ရည်ဖြစ်ပြီး Mi-28NM ရဟတ်ယာဉ်မှ အဆိုပါအကွာအဝေးထိ အမှန်တကယ် ပျံသန်းတိုက်ခိုက်နိုင်ခဲ့ကြောင်း သက်သေပြထားခြင်း မရှိသေးပေ။ ပစ်လွှတ်သည့် အမြင့်၊ ရဟတ်ယာဉ်၏ အမြန်နှုန်း၊ ဒရုန်း၏ ပျံသန်းလမ်းကြောင်းနှင့် စစ်ဆင်ရေးအခြေအနေတို့အပေါ် မူတည်၍ လက်တွေ့အသုံးပြုနိုင်သည့် အကွာအဝေး ကွာခြားနိုင်သည်။

Mi-28NM ရဟတ်ယာဉ်သည် မူလက မြေပြင်တပ်ဖွဲ့များကို လေကြောင်းမှ ပစ်ကူပေးခြင်း၊ သံချပ်ကာယာဉ်များကို တိုက်ခိုက်ခြင်းနှင့် မြေပြင်ပစ်မှတ်များကို ချေမှုန်းခြင်းတို့အတွက် တီထွင်ထုတ်လုပ်ထားသည့် Night Hunter အမျိုးအစား တိုက်ခိုက်ရေး ရဟတ်ယာဉ်ဖြစ်သည်။ ၎င်းတွင် ခေတ်မီလေကြောင်းအီလက်ထရွန်နစ်စနစ်များ၊ အလင်းမြင်ကွင်းနှင့် အခြားအာရုံခံစနစ်များ၊ ပွဲထိန်းဒုံးကျည်များ၊ ပွဲထိန်းစနစ်မပါသော ဒုံးကျည်များနှင့် မီလီမီတာ ၃၀ အမြောက်တို့ ပါဝင်သည်။

Dan-T ဒရုန်းကဲ့သို့ တာဝေးပစ်လွှတ်နိုင်သော ဂျက်အင်ဂျင်သုံးတိုက်ခိုက်ရေးဒရုန်းကို ထပ်မံပေါင်းစပ်ခြင်းဖြင့် ရဟတ်ယာဉ်၏ ပုံမှန်တာဝန်ထက် ပိုမိုဝေးလံသော ပစ်မှတ်များကို တိုက်ခိုက်နိုင်သည့် အခန်းကဏ္ဍတစ်ရပ် တိုးချဲ့လာခြင်းဖြစ်သည်။

Mi-28NM ရဟတ်ယာဉ်တွင် Dan-T တိုက်ခိုက်ရေးဒရုန်းကို ပေါင်းစပ်အသုံးပြုရန် ပြသလာခြင်းသည် တာဝေးပစ်တိကျလက်နက်များကို ပုံမှန်အားဖြင့် တာတိုနှင့် တာလတ်စစ်ဆင်ရေးများအတွက် အသုံးပြုသည့် လေယာဉ်များနှင့် ရဟတ်ယာဉ်များပေါ်တွင်ပါ တပ်ဆင်အသုံးပြုလာသည့် နည်းပညာဆိုင်ရာ ပြောင်းလဲမှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ယခု Mi-28NM ရဟတ်ယာဉ်မှ Dan-T တိုက်ခိုက်ရေးဒရုန်း ပစ်လွှတ်ပြသမှုသည် အလားတူတာဝေးပစ်လက်နက် အမျိုးအစားများကို သယ်ဆောင်ပစ်လွှတ်နိုင်သည့် လေကြောင်းပလက်ဖောင်းများ ပိုမိုတိုးချဲ့လာနိုင်သည်ကို ဖော်ပြနေကြောင်း သိရသည်။

Russia Demonstrates New Long-Range Strike Role for Mi-28NM Attack Helicopter Using Dan-T Loitering Munition ကို ဘာသာပြန်ဆိုထားပါသည်။

ဆလိုဗေးနီးယားက ASGARD မောင်းသူမဲ့လေယာဉ်တန်ပြန်တိုက်ခိုက်ရေးယာဉ်ဆုံလည်စနစ်တွင် M134D စက်သေနတ်တပ်ဆင်၍ စမ်းသပ်

ဆလိုဗေးနီးယားနိုင်ငံအခြေစိုက် Valhalla Turrets ကုမ္ပဏီသည် ၎င်း၏ ASGARD မောင်းသူမဲ့ လေယာဉ်တန်ပြန် တိုက်ခိုက်ရေးယာဉ် ဆုံလည်စနစ်တွင် အမေရိကန်ထုတ် M134D အမျိုးအစား စက်သေနတ်တပ်ဆင်၍ ပစ်ခတ်စမ်းသပ်မှုများပြုလုပ်ခဲ့ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်ကို ကိုးကား၍ Defence Blog သတင်းဌာနက နိုဝင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုများကို ဆလိုဗေးနီးယားစစ်ဘက်က စီစဉ်ဆောင်ရွက်ခဲ့ပြီး ASGARD မောင်းသူမဲ့လေယာဉ်တန်ပြန်တိုက်ခိုက်ရေးယာဉ် ဆုံလည်စနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆလိုဗေးနီးယားကာကွယ်ရေးဝန်ကြီးဌာနက ရန်ပုံငွေပံ့ပိုးပေးလျက်ရှိသည်။ စမ်းသပ်မှု ရလဒ်များအရ ASGARD မောင်းသူမဲ့လေယာဉ်တန်ပြန်တိုက်ခိုက်ရေးယာဉ် ဆုံလည်စနစ်သည် တာတိုနှင့် တာလတ်အကွာအဝေးများတွင် မောင်းသူမဲ့လေယာဉ်အားလုံးကို ပစ်ခတ်ဟန့်တားနိုင်စွမ်းရှိကြောင်း Valhalla Turrets ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

အဆိုပါစနစ်သည် စစ်ယာဉ်တန်းများနှင့် အရေးပါသော အခြေခံအဆောက်အအုံများကို မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုမှ ကာကွယ်ရန် အပိုဆောင်း လေကြောင်းရန်ကာကွယ်ရေး အလွှာ တစ်ခုအဖြစ် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။

ASGARD မောင်းသူမဲ့လေယာဉ်တန်ပြန်တိုက်ခိုက်ရေးယာဉ် ဆုံလည်စနစ်သည် အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ပစ်ခတ်နိုင်သော လေကြောင်းရန်ကာကွယ်ရေး ဆုံလည်စနစ်တစ်မျိုးဖြစ်သည်။ ၎င်းစနစ်တွင် တပ်ဖွဲ့ဝင်များသည် လက်နက်နောက်တွင် ကိုယ်တိုင်ရပ်တည်၍ ပစ်ခတ်ရန် မလိုဘဲ ယာဉ်အတွင်း သို့မဟုတ် အကာအကွယ်ရှိသောနေရာတစ်ခုမှ ကင်မရာများနှင့် အာရုံခံကိရိယာများကို အသုံးပြုကာ အဝေးမှထိန်းချုပ်ပစ်ခတ်နိုင်ကြောင်း သိရသည်။

ASGARD မောင်းသူမဲ့လေယာဉ်တန်ပြန်တိုက်ခိုက်ရေးယာဉ် ဆုံလည်စနစ်တွင် တပ်ဆင်ထားသော M134D စက်သေနတ်သည် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် အခြေစိုက် Dillon Aero ကုမ္ပဏီက ထုတ်လုပ်သည့်လျှပ်စစ်မော်တာဖြင့် လည်ပတ်သောပြောင်းခြောက်လုံးပါ ၇.၆၂ မီလီမီတာ ဂက်တလင်စက်သေနတ်ဖြစ်သည်။ ၎င်း စက်သေနတ်သည် ပုံမှန်ရိုင်ဖယ်ကျည်များကို တစ်မိနစ်လျှင် ၃၀၀၀ ခန့်ထိ ပစ်ခတ်နိုင်ပြီး အရှည်အစားသေးငယ်၍ လျင်မြန်စွာ ရွှေ့လျားနေသော မောင်းသူမဲ့လေယာဉ်များကို ပစ်ခတ်ဟန့်တားရာတွင် ကျည်ဆန်အများအပြားကို အချိန်တိုအတွင်း ပစ်ခတ်နိုင်စွမ်းရှိသည်။

Valhalla Turrets ကုမ္ပဏီသည် မောင်းသူမဲ့လေယာဉ် တန်ပြန်တိုက်ခိုက်ရေးအတွက် စက်သေနတ်တပ်ဆင်ထားသော ဆုံလည်စနစ်အမျိုးမျိုးကို လည်း တည်ဆောက်လျက်ရှိသည်။ M134D စက်သေနတ်တပ်ဆင်ထားသည့် MIDGARD 134 အဝေးထိန်းလက်နက်စနစ်ကို ယခုနှစ်အတွင်း စတင်ပေးအပ်ခဲ့ပြီး အသင့်ပစ်ခတ်နိုင်သော ကျည် ၃၀၀၀ ထိ သိုလှောင်တင်ဆောင်နိုင်သည်။ ထို့ပြင် ကုမ္ပဏီ၏ ပိုမိုကြီးမားသော Skythunder မောင်းသူမဲ့လေယာဉ် ဖျက်ဆီးရေးစနစ်တွင်လည်း ပြောင်းသုံးလုံးပါ မီလီမီတာ ၂၀ စက်သေနတ်နှင့် လေဆာလမ်းညွှန်စနစ်သုံး ဒုံးကျည်များကို တပ်ဆင်ထားသည်။ ဆလိုဗေးနီးယားနိုင်ငံ၏ Patria ရှုစ်ဘီးတပ် သံချပ်ကာယာဉ်များတွင်လည်း မောင်းသူမဲ့လေယာဉ်တန်ပြန်တိုက်ခိုက်ရေး ဆုံလည်စနစ်များ တပ်ဆင်ထားပြီး ၎င်းတို့သည် ဆလိုဗေးနီးယားစစ်ဘက်အတွက် Valhalla Turrets ကုမ္ပဏီက ဖွံ့ဖြိုးတည်ဆောက်ပေးလျက်ရှိသော စနစ်များအနက် တစ်စိတ်တစ်ပိုင်းဖြစ်သည်။

လက်ရှိတွင် ASGARD ဆုံလည်စနစ်သည် ဆလိုဗေးနီးယားကာကွယ်ရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတစ်ခုအဆင့်တွင်သာ ရှိနေသေးပြီး ပစ်ခတ်စမ်းသပ်မှုများကို ဆလိုဗေးနီးယားစစ်ဘက်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



Slovenia tests ASGARD anti-drone turret with M134D Gatling gun ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့်နှုတ်သိမ်းပြီးစီး



မင်းကင်း နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့် နှုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၆၀၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် သြဂုတ်လပထမပတ်မှ စတင်နှုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်နှုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၆ ဒသမ ၈၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မင်းကင်းမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၂၆၀၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။ (၂၀၆)



မင်းဘူးမြို့နယ် ကုန်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



မင်းဘူး နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆီထွက်သီးနှံစိုက်ပျိုး တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ကုန်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ကုန်းသာကျေးရွာရှိ စိုက်ပျိုးဧက ၃၀၀ အတွက် ဆီထွက်သီးနှံစိုက်ပျိုးမည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၃၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းထံမှ သိရသည်။

ဇင်မာ

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားပျံစပါး တင်းရေ ၅၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

ကန်ကြီးထောင့် နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားပျံစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ကျားပျံစပါးတင်းရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် အောက်တိုဘာလတစ်လအတွင်း ကျားပျံစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့တဲ့ တစ်လအတွင်း ကျားပျံစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ပါတယ်။ ကျားပျံစပါးက ဆန်အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့မှုအား တက်ခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကောလတ်တလောမှာပါ ကျားပျံစပါးက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ကျားပျံစပါးသည် တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဇီးကုန်းမြို့နယ် စမ်းအိုင်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ဇီးကုန်း နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေဖြင့် စမ်းအိုင်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက စမ်းအိုင်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လမ်းရေရှည် တည်တံ့ခိုင်မြဲရေး အတွက် ပိုင်းဝန်းထိန်းသိမ်းရန် ခရိုင်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် လမ်းအရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၄၇ သန်း၊ စုစုပေါင်း ၁၈ ဒသမ ၄၇ သန်း ဖြင့် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သန္တာ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လျှပ်စစ်မီးအချိန်ပြည့်ရရှိရေး၊ စာသင်ကျောင်းများပြုပြင်ပေးနိုင်ရေးနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်ရေး၊ ကိုယ့်အားကိုယ်ကိုး ကျောင်းကို အစိုးရကျောင်းအဖြစ် ဖွင့်လှစ်ပေးနိုင်ရေး၊ မြို့နယ်ချင်းဆက်လမ်းနှင့် တံတားများပြုပြင်ထိန်းသိမ်းပေးနိုင်ရေး၊ အင်္ဂါအိမ်ရာစနစ်ဖော်ဆောင်ပေးနိုင်ရေး၊ အဆင့်မြင့် ကင်ဆာကုထုံးစက်ကိရိယာများ ဆောင်ရွက်ပေးနိုင်ရေးနှင့်ဆေးရုံအဆင့်မြှင့်တင်ပေးနိုင်ရေး၊ Digital X-Ray စက်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၄ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၏ **ပုဂံမြို့ရှိ ရှင်အဇ္ဈဂေါဏဂူဘုရား၏ဘွဲ့အမည်ကို “မဟာသမန်းကြီးဂူဘုရား”ဟု ပြောင်းလဲပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ရှင်အဇ္ဈဂေါဏဘုရားကို မဟာသမန်းကြီးဂူဘုရားအဖြစ် ပြောင်းလဲခေါ်တွင်မည်ဆိုပါက ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ရှေးဟောင်းစေတီပုထိုးများ၏အမည်များမှာ ယူနက်စကို၏မှတ်တမ်းအချက်အလက်များတွင်အတည်ပြုထားပြီးဖြစ်၍ UNESCO နှင့် ရေရှည်ညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တစ်ခုဖြစ်လာနိုင်ပါကြောင်း၊ ထို့ပြင် ပါးစပ်ရာဇဝင်အခေါ်ဖြင့် အသိအမှတ်ပြုထားသော ဘုရားစေတီများကိုလည်း အမည်ပြောင်းလဲခေါ်တွင်ရန် တောင်းဆိုမှုများရှိလာနိုင်ပါကြောင်း၊ ရှင်အဇ္ဈဂေါဏဘုရားသြဝါဒါစရိယ ဆရာတော်ခုနစ်ပါးကလည်း အလှူရှင်၏အမည်ကို အစွဲပြု၍ ပြောင်းလဲခေါ်ဆိုခြင်းထက် လက်ရှိအများပြည်သူ ကြည်ညိုပူဇော်နေသည့် “ရှင်အဇ္ဈဂေါဏ” ဘုရားအမည်ကိုသာ ခေါ်ဆိုသင့်ပါကြောင်း သြဝါဒပေးခဲ့ပါကြောင်း။

လက်ရှိ အများပြည်သူကြည်ညိုပူဇော်နေပြီး ယုံကြည်ကိုးကွယ်မှုဆိုင်ရာဖြစ်နေသည့်အတွက် ဂူဘုရားအမည်အားပြောင်းလဲခြင်းမပြုဘဲ “ကျောက်စာပါအမည်အမှန်ကို ကွင်းစကွင်းပိတ်ဖြင့် ယှဉ်တွဲဖော်ပြခြင်းနည်းလမ်းဖြင့်ဆောင်ရွက်ပါက” UNESCOသို့ တင်ပြအတည်ပြုထားချက်နှင့် ကွဲလွဲမှုမရှိနိုင်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ဘုရားအမည် နှစ်ခုအား ပူးတွဲဖော်ပြမည်ဆိုပါက ဒေသခံပြည်သူများနှင့် ဘုရားဖူးပြည်သူများ သိရှိနားလည်နိုင်ရန် အမတ်ကြီးမဟာသမန်းလင်မယားကျောက်စာပါစာသားများကို သမိုင်းပညာရှင်များ၊ သုတေသီများက သုံးသပ်စိစစ်၍ အတည်ပြုချက်ရယူခြင်း၊ ဘုရားပရိဝုဏ်အတွင်း ကျောက်စာပါအဓိပ္ပာယ်ဘာသာပြန်ဆိုချက်ကို အသိပေးဆိုင်းဘုတ်ဖြင့် ဖော်ပြထားခြင်း၊ သာသနာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းခြင်းနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအား ရှင်းလင်းအသိပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **“လျှပ်စစ်မီး”ကို ၂၄ နာရီအချိန်ပြည့်ပေးနိုင်ရန် ရေတို၊ ရေရှည်စီမံကိန်းများ ဆောင်ရွက်ထားမှု ရှိမရှိမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မြန်မာနိုင်ငံ၏ စွမ်းအင်မူဝါဒနှင့်အညီ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို စွမ်းအင်အရင်းအမြစ်တစ်မျိုးတည်းကို မှီခိုနေရခြင်းမဖြစ်စေရန် ပြန်ပြည့်မြဲစွမ်းအင်၊ သဘာဝဓာတ်ငွေ့နှင့် အခြားအရင်းအမြစ်များကို ပေါင်းစပ်အသုံးပြုသည့် Generation Mix ကို အခြေခံ



ဆောင်ရွက်လျက်ရှိပါကြောင်း၊ နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ရန် စီစဉ်ရာတွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ လမ်းညွှန်ချက်များ၊ စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရခြင်းဖြစ်၍ အချိန်ယူပြင်ဆင်ဆောင်ရွက်ပြီးမှ စတင်တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် စီမံကိန်းအကြိုဖြစ်မြောက်နိုင်စွမ်းလေ့လာမှုလုပ်ငန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း၏အကူအညီဖြင့် ဆောင်ရွက်ပြီးဖြစ်၍ ပထမအဆင့်တွင် အငယ်စား နျူကလီးယားဓာတ်အားပေးစက်ရုံ ၅၅ မဂ္ဂါဝပ် နှစ်လုံး စုစုပေါင်းမဂ္ဂါဝပ် ၁၁၀ ကို တည်ဆောက်ရန် ရွေးချယ်လျာထားပါကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်ယူမှု ရေတို၊ ရေရှည်စီမံကိန်းများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အဓိကဆောင်ရွက်သွားမည်ဖြစ်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအဏုမြူစွမ်းအင်ဦးစီးဌာနအနေဖြင့် နျူကလီးယားနည်းပညာဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ နျူကလီးယားစွမ်းအင်ကို အသုံးပြုရာတွင် ပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ရေးအတွက် ထိန်းကျောင်းကြပ်မတ်မှုလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၏အစီအစဉ် သို့မဟုတ် ပုဂ္ဂလိကအစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိသည့် Solar+Hybrid စီမံကိန်းများနှင့် Solar mini grid စီမံကိန်းများကို လုပ်သာကိုင်သာရှိစေရန်ဆောင်ရွက်ထားရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်(သီလဝါ)နှင့် သာကေတတို့တွင် ပထမအဆင့် မဂ္ဂါဝပ် ၅၀၀ သဘာဝဓာတ်ငွေ့ရည်(LNG)သုံး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ရာတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် Astra Power Co.,Ltd တို့အကြား LNG တင်သွင်းခြင်းအတွက် Sale and Purchase Agreement(SPA)ကို ၂၀၂၅ခုနှစ် နိုဝင်ဘာတွင်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် CNTIC VPower Energy Myanmar Co., Ltdတို့ကြား စက်ရုံမှဓာတ်အားထုတ်လုပ်ပေးခြင်းအတွက် ဓာတ်အားဝယ်ယူရေးစာချုပ်ကို ၂၀၂၆ ခုနှစ်ဖေဖော်ဝါရီလတွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး စီးပွားဖြစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အကြီးစားလေအားလျှပ်စစ်စီမံကိန်းများအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ စီမံကိန်း ၃၀၊ စုစုပေါင်း ၅၁၀၈ မဂ္ဂါဝပ်ကိုဖြစ်မြောက်နိုင်စွမ်းလေ့လာမှုဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်၏ **မြောင်းမြမြို့နယ် အ.မ.က-ရွှေဒါးကုန်းကျောင်းနှင့် အ.ထ.က-ကဝက်ကျောင်းတို့ကိုပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ရွှေဒါးကုန်းအခြေခံပညာမူလတန်းကျောင်းရှိ အန္တရာယ်ဆောင် ပေ ၆၀x၃၀ အုတ်ညှပ် တစ်ထပ်ကိုဖျက်သိမ်း၍ ပေ ၆၀x၃၀ RCC တစ်ထပ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီး၏တန်းစီဇယားဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့အတူ မြောင်းမြမြို့နယ် ကဝက်-အခြေခံပညာအထက်တန်းကျောင်းတွင် အန္တရာယ်ဆောင် ပေ ၁၈၀x၃၀ အုတ်ညှပ်တစ်ထပ်ကိုဖျက်သိမ်း၍ ပေ ၁၂၀ x ၃၀ RCC တစ်ထပ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဆူးပဒေါင်းကွင်း ကျေးရွာအခြေခံပညာမူလတန်းကျောင်းကို RC တစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဆူးပဒေါင်းကွင်း-အခြေခံပညာမူလတန်းကျောင်းတွင် လက်ရှိယာယီကျောင်းဆောင် တစ်ဆောင်တည်း၌ စာသင်ကြားနေရပါသဖြင့် အဆိုပါကျောင်းရှိ အန္တရာယ်ဆောင် ပေ ၉၀x၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ကိုဖျက်သိမ်း၍ ပေ ၁၂၀ x ၃၀ RCC တစ်ထပ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မြို့သစ်မြို့နယ် ဖုတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးအခြေခံပညာမူလတန်းကျောင်းအား အစိုးရအခြေခံမူလတန်းကျောင်း အဖြစ်ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ/ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ညောင်ဇင်ကျေးရွာအုပ်စု ဖုတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းသည် ပင်မကျောင်းဖြစ်သော ညောင်ဇင်-အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ၁ ဒသမ ၅ မိုင်သာကွာဝေးပါသဖြင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းအဆင့်မှ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန်သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးနှင့် ကလေးဝမြို့နယ်သို့ ဆက်သွယ်ထားသည့်လမ်းနှင့် တံတားများပြုပြင်ထိန်းသိမ်းခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကလေးဝ-ကျီကုန်း-ကလေးလမ်းပိုင်း၌ ပျက်စီးနေသောနေရာများပြင်ဆင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ၁၈ ပေအကျယ် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း ၁မိုင် ၅ ဖာလုံနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၃ ဒသမ ၅ ဖာလုံလုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးလျာထားရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၅ဒသမ၅ ဖာလုံနှင့် Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အလားတူ လမ်းပိုင်းပေါ်ရှိ တံတားများနှင့် ပတ်သက်၍ ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကလေးဝ-ကျီကုန်းလမ်းပေါ်ရှိ သံဘောင်ဘေလီတံတားအစင်း ၂၀ ၏ ပျက်စီးနေသော C-Channel ကြမ်းခင်း၊ သံဘောင်ဘေလီနှင့် ဆက်စပ်ပစ္စည်းများလဲလှယ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျီကုန်းနှင့် တမူးကြားရှိ တံတား ငါးစင်းကို အမြဲတမ်းသံကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားမည်ဖြစ်ပြီး ကျန်တံတားများကိုလည်း ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်မွန်းမဲဆန္ဒနယ်မှ ဦးရယ်ဒမ်းတန်၏ **ပူတာအို-မချမ်းဘော့-နောင်မွန်း ကားလမ်းရှိ နောင်မွန်းမြို့အပိုင်းကိုအဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပူတာအို-မချမ်းဘော့-နောင်မွန်းလမ်းသည် ကချင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသည့် လမ်းအရှည် ၆၁ မိုင်ရှိပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၈မိုင် ၂ဖာလုံ၊ ကတ္တရာလမ်း ၁၀ မိုင် ၅ဖာလုံနှင့် အမာခံလမ်း ၄၂ မိုင် ၁ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်း ၆၁ မိုင်တွင် မိုင်တိုင် ၂၉ မှ ၆၁ ထိ ၃၂ မိုင်သည် နောင်မွန်းမြို့နယ်လမ်းပိုင်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၅ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၃မိုင် ၂ဖာလုံနှင့် အမာခံလမ်း ၂၃ မိုင်ဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် အမာခံလမ်းပိုင်း ၂၃ မိုင်အနက်မှ ၁မိုင် ၃ ဒသမ ၂၅ ဖာလုံကို ကွန်ကရစ်လမ်းခင်းရန် ရန်ပုံငွေလျာထားပြီးဖြစ်ပြီး ကျန်ရှိနေသော လမ်းပိုင်းများကို ကွန်ကရစ်လမ်းခင်းရန် နှစ်စဉ်ဘဏ္ဍာငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ်ရှိ သဲတော-ရိုးဇုံလမ်းနှင့် ဘုရားဖြူကုက္ကိုခါးလှလမ်းတို့ကိုအဆင့်မြှင့်တင်ပေးရန်အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က သဲတော-ရိုးဇုံလမ်းနှင့် ဘုရားဖြူ- ကုက္ကိုခါးလှလမ်းသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းများဖြစ်ပြီး သဲတော-ရိုးစုံလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ငါးဖာလုံ၊ ကျောက်ခွာလမ်း ၅မိုင် ၃ဖာလုံ၊ စုစုပေါင်းလမ်းအရှည် ခြောက်မိုင်နှင့် ဘုရားဖြူ-ကုက္ကိုခါးလှ-ကန်ပတ်လည်လမ်းအခြေအနေမှာ ကတ္တရာလမ်း ၁မိုင် ၄ဖာလုံ၊ ကျောက်ခွာလမ်း ၁၁ မိုင် ၆ ဖာလုံ စုစုပေါင်းလမ်းမိုင်အရှည် ၁၃ မိုင် ၂ ဖာလုံဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် သဲတော-ရိုးစုံ လမ်းအရှည် သုံးဖာလုံကို ကျောက်လမ်းပြုပြင်ခြင်း၊ ဘုရားဖြူ-ကုက္ကိုခါးလှ-ကန်ပတ်လည် လမ်းပေါ်တွင် ၅ ပေ x ၂၄ ပေ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်သို့လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ဗိုလ်တထောင်ခရိုင်မှ ဒေသခံပြည်သူများကို လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ အစည်းအဝေးသို့ လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ဗိုလ်တထောင်ခရိုင်မှ ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် (C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ၂၀၂၅ ခုနှစ်တွင် လွှတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပြီးနောက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူ၍ မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာသည့်အခြေအနေများ၊ ဥပဒေပြုရေး မဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်များ၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုသည့် ကော်မတီများ၏ ဖွဲ့စည်းပုံနှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ဓလေ့ဆန္ဒရှင် ပြည်သူများအနေဖြင့်လည်း မိမိတို့ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များ၏ စွမ်းဆောင်မှုများကို အလေးထားစောင့်ကြည့်ပြီး မိမိတို့၏ဒေသအကျိုး၊ နိုင်ငံ့အကျိုးများ ဆောင်ရွက်နိုင်ရေး အကြံပြုတိုက်တွန်းသွားရန်နှင့် လွှတ်တော်ကို ပြည်သူများပိုမိုသိရှိစေရန် Social Media များမှတစ်ဆင့်ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည့်အခြေအနေများ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ၂၀၂၇-၂၀၃၁ ကို ချမှတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ပြည်သူများ၏လိုလားချက်များကို လွှတ်တော်က အလေးထားအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းခဲ့ပြီး ယခုကဲ့သို့ လွှတ်တော်သို့ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့် ပြည်သူများအနေဖြင့်လည်း ယနေ့ကိုယ်တိုင်တွေ့ကြုံလေ့လာခဲ့ရသည့် လွှတ်တော်ဆိုင်ရာ ဗဟုသုတများကို လက်ဆင့်ကမ်းမျှဝေနိုင်ရန် ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြသည့် ဦးဉာဏ်ဝင်းထိုက်၊ ဦးစိုင်းလင်းလင်းထွဏ်း၊ ဦးဝင်းကျော်၊ ဦးကျော်စန်းဦး၊ ဒေါ်အေးမြမြကြိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert ခုနစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေတွင် သဲတော-ရိုးစုံလမ်းအရှည် လေးဖာလုံကို ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လျာထားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်း နှစ်လမ်း၏ ကျန်လမ်းပိုင်းများကို လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို နှစ်အလိုက်ဆက်လက်လျာထားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **အိမ်ရာပိုင်ဆိုင်မှုမရှိသူများအတွက် အငှားအိမ်ရာစနစ်များဖော်ဆောင်ပေးရန်နှင့် အငှားအိမ်ရာများအသင့်ရှိမှုသာ ကျူးကျော်နေထိုင်သူများကို ဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အိမ်ရာပိုင်ဆိုင်မှုမရှိသည့် ခက်ခဲမိသားစုများအတွက် ပြည်သူ့အငှားအိမ်ရာများ ဆတိုးတည်ဆောက်ပေးရန်မှာ ဘဏ္ဍာငွေခွဲဝေရရှိမှုနှင့် အဆောက်အအုံဆောက်လုပ်ရန်မြေနေရာရရှိမှုတို့အပေါ်မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျူးကျော်နေထိုင်မှုများနှင့် စပ်လျဉ်း၍သင့်လျော်သော အိမ်ရာအစီအမံများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့များက စီမံဆောင်ရွက်ပေးလျက်ရှိပြီး နေထိုင်ရန်သင့်လျော်မှုမရှိသော လမ်းဧရိယာနယ်နိမိတ်များ၊ မဟာဓာတ်အားလိုင်းနှင့် တာဝါတိုင်ဧရိယာများ၊ မီးရထားလမ်းနယ်နိမိတ်များနှင့် အစိုးရစီမံကိန်းဧရိယာများတွင် စည်းကမ်းမဲ့ကျူးကျော်နေထိုင်သူများကို ဥပဒေနှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏အစီအစဉ်ဖြင့် ဖယ်ရှားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေး၏ **မော်လမြိုင်မြို့နယ် ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အဆင့်မြင့် ကင်ဆာကုထုံးစက်ကိရိယာထားရှိပေးရန် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကင်ဆာရောဂါကုသမှုနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် ဆေးသွင်းကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းတို့ရှိသည့်အနက် ခွဲစိတ်ကုသခြင်း၊ ဆေးသွင်းကုသခြင်းတို့ကို သက်ဆိုင်ရာ ဘာသာရပ်အသီးသီး၏ ခွဲစိတ်အထူးကုဆရာဝန်များနှင့် ကင်ဆာရောဂါအထူးကုဆရာဝန် နှစ်ဦးတို့က မော်လမြိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကင်ဆာရောဂါအများစုအတွက် ဓာတ်ရောင်ခြည်ဖြင့်ကုသပေးခြင်းသည် အရေးပေါ်ကုသမှုမျိုးမဟုတ်ဘဲ အချိန်အတိုင်းအတာတစ်ခုပေး၍ ဆောင်ရွက်ရသောကုသမှုပေးခြင်းဖြစ်သည့်အလျောက် အခြားနိုင်ငံများတွင် ဓာတ်ရောင်ခြည်ကုသမှုကို သီးခြားစင်တာများဖွင့်လှစ်၍ စက်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံတွင် ကင်ဆာရောဂါကုသရေးဝန်ဆောင်မှုများကို တတ်စွမ်းသမျှတိုးမြှင့်ဆောင်ရွက်ပေးရာတွင် လက်ရှိစက်တပ်ဆင်ထားနိုင်မှုနှင့် လူစွမ်းအားအရင်းအမြစ် အကန့်အသတ်များအရ အဓိကကျသောမြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် တောင်ကြီးမြို့တို့တွင် စနစ်တကျဗဟိုပြုကုသပေးခြင်းကို အားဖြည့်ဆောင်ရွက်ကာ ရေရှည်၌ ခုတင် ၅၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးများသို့ အဆင့်ဆင့်ဖြန့်ကြက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လွှိုင်လင်မဲဆန္ဒနယ်မှ ဦးခွန်အောင်ဆန်း၏ **လွှိုင်လင်မြို့နယ် မိုင်းပွန်တိုက်နယ်ဆေးရုံကို အဆင့်မြှင့်တင်တည်ဆောက်ပေးရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မိုင်းပွန်တိုက်နယ်ဆေးရုံသည် မိုင်းပွန်မြို့ မိုင်းပွန်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၊ မိုင်းပွန်ကျေးရွာအုပ်စုနှင့် ထိစပ်လျက်ရှိသော အခြားကျေးရွာနေ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အားကိုးအားထားရာ ဆေးရုံ တစ်ရုံဖြစ်ပါကြောင်း၊ မိုင်းပွန်တိုက်နယ်ဆေးရုံကို အရာထမ်း နှစ်ဦး၊ အမှုထမ်း ၁၇ ဦး စုစုပေါင်းဝန်ထမ်းအင်အား ၁၉ ဦးတို့ဖြင့် စံနှုန်းကိုက်ဆေးရုံအဖြစ် ပြင်ဆင်ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

မိုင်းပွန်ဆေးရုံကို တိုက်နယ်ဆေးရုံအဂ်ါရပ်နှင့်အညီ ဆေးရုံအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်တည်ဆောက်ခြင်းစသည်တို့ကိုစိစစ်၍ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **ကယား ပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာမည့် လူဦးရေပိုမိုများပြားလာနိုင်သည့်အတွက် ဆေးနှင့် ဆေးဝါးပစ္စည်းများတိုးမြှင့်ပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက လွှိုင်ကော်ပြည်သူ့ဆေးရုံကြီးကို ၂၀၂၄ ခုနှစ် မေလတွင် စတင်ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆရာဝန် ၂၆ ဦး၊ သူနာပြုဦးရေ ၁၀၀ နှင့်အခြားဝန်ထမ်း ၆၆ ဦးတို့ဖြင့် ကျန်းမာရေးကုသမှု လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆေးဝါး ၅၇၅ မျိုး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆေးဝါး ၅၆၅ မျိုးနှင့် ၂၀၂၆ ဧပြီလမှ ယနေ့ထိ ဆေးဝါး ၃၃၂ မျိုး ထောက်ပံ့ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ လောဓလေးတိုက်နယ်ဆေးရုံနှင့် လွှိုင်လင်လေးတိုက်နယ်ဆေးရုံတို့တွင်လည်း လူနာများကို ကြည့်ရှုကုသပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဒီးမော့ဆိုမြို့နယ်ပြည်သူ့ဆေးရုံ၊ ဘောလခဲဆေးရုံ၊ ဘောလခဲမြို့နယ် မိခင်ကလေး ကျန်းမာရေးဌာနတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေးကာလမှစ၍ ယနေ့ထိ ပြည်နယ်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနမှ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးတို့ကို ပြည်သူများကိုထိုးနှံပြီးဖြစ်ပါကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုသော ကာကွယ်ဆေးများဖြန့်ဝေပြီးဖြစ်ပါကြောင်း။

လွှိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ECG စက်နှင့် နှလုံးနှိုးစက်အပါအဝင် စက်ပစ္စည်း ကိုးမျိုး၊ ဆေးနှင့် ဆေးပစ္စည်း ၂၀၉ မျိုး၊ ကယားပြည်နယ်ကုသရေးဦးစီးဌာနသို့ ဆေးနှင့်ဆေးပစ္စည်း ၁၄၃ မျိုး ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း၊ ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လာမည့်ဦးရေ ပိုမိုများပြားလာပါက လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

လွှိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လွှိုင်ကော်မြို့နယ် ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက လွှိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးဝန်ထမ်း စုစုပေါင်းကျန်းမာရေးဝန်ထမ်း ၁၉၂ ဦးဖြင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ယခင်က ဆေးပညာအထူးကုဆရာဝန် နှစ်ဦးတို့က ကင်ဆာရောဂါဝေဒနာရှင်များကို ကုသပေးလျက်ရှိပြီး ၂၀၂၆ ခုနှစ် နိုဝင်ဘာလမှ စတင်၍ အသစ်ခန့်အပ်လိုက်သော အထူးကုဆရာဝန်(ကင်ဆာရောဂါ)မှ တာဝန်ယူကုသပေးလျက်ရှိပါကြောင်း။

လက်ရှိတွင် လက်ထောက်ဆရာဝန်သစ်လွင် နှစ်ဦး ထပ်မံခန့်အပ်ပြီးဖြစ်ရာ လွှိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန် ရှစ်ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး ကလေးမီးဖွားခြင်းနှင့်ကိုယ်ဝန်ဆောင်မိခင်များ စောင့်ရှောက်ကုသမှုပေးခြင်းတို့ကို သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများ၏ ဦးဆောင်မှုအောက်တွင် တာဝန်ကျသူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးတင့်ဆွေ၏ **ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံတွင် Digital X-Ray စက် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို မည်သည့်ဘဏ္ဍာနှစ်တွင် ထောက်ပံ့ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွက် လတ်တလောတွင် 100 mA Conventional X-Ray Machine စက် တစ်လုံးကို ထောက်ပံ့ရန် ကုသရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည့်အတွက် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏အစီအစဉ်ဖြင့် သွားရောက်တပ်ဆင်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၈ရက်မြောက်နေ့ကို ထပ်မံအသိပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၈၇/၂၀၂၆
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(ဃ) တို့အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါ်စန္ဒာကျော်	ပဲခူးတိုင်းဒေသကြီး
(၂) ဒေါ်မြတ်သီတာအောင်	မန္တလေးတိုင်းဒေသကြီး

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

✱ အယ်လ်နီညိုဖြစ်စဉ်မှ

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာအရှေ့အလယ်ပိုင်း (Eastcentral Tropical Pacific Ocean)တွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ ပုံမှန်အပူချိန်အထက်သို့ ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်ထိပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအဖြင့်ဆုံးအခြေအနေသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အဂျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလတို့တွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလွှဲပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အကြံပြုထားသည်။

(မိုး/၈လ)

⚐ ရှေ့ဖုံးမှအဆက်

ပို့ကုန်လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မိမိတို့နိုင်ငံ၏ အဓိကသီးနှံမှာ ဆန်စပါး ဖြစ်ပြီး အဓိကစိုက်ပျိုးရေးသီးနှံဖြစ်သည့် အတွက် နိုင်ငံတော်သမ္မတ လမ်းညွှန်ထားရှိသော စပါးအထွက်နှုန်းတိုးတက်ကောင်းမွန်ရေး၊ ဆန်စပါးကဏ္ဍထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်ပဈေးကွက်ရရှိပြီး ပို့ကုန်တိုးမြှင့်ရေး လိုက်နာဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ့ဆန်စပါးညီလာခံ- ၂၀၂၂ ကျင်းပနိုင်ခဲ့မှုနှင့် ညီလာခံမှဖော်ထုတ်ရရှိခဲ့သည့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များ၊ သို့လှောင်ရုံများကို မြန်မာဆန်စပါးအွန်လိုင်းတွင် လွယ်ကူလျင်မြန်စွာ စနစ်တကျစိစစ်မှတ်ပုံတင်ထားရှိနိုင်ရေး၊ အတည်ပြုထားသော သိုလှောင်ရုံလိုင်စင်အတွက် ဒီဂျစ်တယ်လက်မှတ်ထုတ်ပေးနိုင်ရေးနှင့် ပြည်တွင်းဆန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများတွင် ထိရောက်သည့်ပံ့ပိုးမှုပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းပြီး သင့်တော်သည့်ပမာဏတစ်ရပ်ကို အရန်ဆန်အဖြစ် နှစ်စဉ်စုဆောင်းထားနိုင်ရေး အချက်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများ၊ ပြည်တွင်း၌ ဆန်စပါးဖူလုံရေး၊ ပြည်ပဈေးကွက်ရရှိရေးနှင့် စနစ်တကျ တင်ပို့ရောင်းချနိုင်ရေး၊ ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုနှင့်ကန်စေရေးနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျစာရင်းပြုစုမှတ်ပုံတင်ထားရှိမှု အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများရှိ ပြည်သူများအား အဓိကစားရေရိက္ခာဆန်ကို ဖြန့်ဖြူးထောက်ပံ့သွားနိုင်ရန် စုဆောင်းထားရှိမှုအခြေအနေများ၊ စူပါအယ်လ်နီညို သဘာဝဘေးကျရောက်လျှင် ရာသီဥတုဖောက်ပြန်နိုင်သည့်အတွက် အရန်ဆန်တိုးမြှင့်စုဆောင်းခြင်း ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး အရန်ဆန်တိုးမြှင့် စုဆောင်းနိုင်ရေးအတွက် သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းအားလုံး လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ဆန်စပါးဈေးကွက်အခြေအနေ၊ အရန်ဆန်ထားရှိမှုအခြေအနေနှင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် အသင်းချုပ်များ၊ ဌာနဆိုင်ရာများနှင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများမှတာဝန်ရှိသူများက အရန်ဆန်သိုလှောင်ထားရှိမှု၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ ဆန်ထောက်ပံ့မှု၊ ပို့ကုန်တင်ပို့မှုနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ ပို့ကုန်အခြေပြု အရန်ဆန်သိုလှောင်ရုံများ၌ အရန်ဆန်များ သိုလှောင်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ ကူညီကယ်ဆယ်ရေးမှ

ဥတ္တံတားရပ်ကွက်တို့ရှိ ဒေသခံပြည်သူများကို ရပ်စောက်မြို့ မိုးလုံလေလုံ အားကစားခန်းမနှင့် ဇော်ဂျီကွေ့ခမ္မာရုံသို့ လည်းကောင်း ယာယီရွှေ့ပြောင်းနေထိုင်နိုင်ရေးအတွက် ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နှင့် မောက်မယ်မြို့တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် မြို့ပေါ်ရပ်ကွက်များမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ရေဘေးလွတ်ရာနေရာများသို့ ယာယီရွှေ့ပြောင်းနေထိုင်နိုင်ရေးအတွက် ကူညီရွှေ့ပြောင်းပေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများ ယာယီနေထိုင်နိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၉၁၁၊ ၀၆၇-၃၄၀၉၂၂၊ ၀၆၇-၃၄၀၉၂၃၊ ၀၆၇-၃၄၀၉၂၄၅၊ ၀၆၇-၃၄၀၉၂၄၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၄၆၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၁ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများသည် ဟောင်းနွမ်းပျက်စီးယိုယွင်းနေပြီး အန္တရာယ်ရှိနေပါသဖြင့် ဖျက်သိမ်းခွင့်ပြုပါရန်နှင့် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မင်းလှမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ နေအိမ်လိုင်းခန်း ၁၄ လုံးရှိသည့်အနက် လူနေထိုင်ရန်မသင့်ဘဲ ပျက်စီးယိုယွင်းနေသည့် အဆောက်အအုံ သုံးလုံးသည် နှစ်ကာလကြာမြင့်၍ ဟောင်းနွမ်းပျက်စီးယိုယွင်းနေသော်လည်း တပ်ဖွဲ့ဝင်နှင့် မိသားစုများ လိုင်းခန်းလိုအပ်ချက်အရ လတ်တလောအစီအစဉ်ဖြင့် ပြုပြင်နေထိုင်လျက်ရှိပါကြောင်း။

သို့ပါ၍ မင်းလှမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ နေအိမ်လိုင်းခန်းများအနက် လူနေထိုင်ရန်မသင့်ဘဲ ပျက်စီးယိုယွင်းနေသည့် နေအိမ်အဆောက်အအုံ သုံးလုံးကို နိုင်ငံပိုင်အဆောက်အအုံများစာရင်းပြုစုခြင်း၊ စာရင်းအရထိန်းသိမ်းခြင်း၊ စာရင်းမှပယ်ဖျက်ခြင်းနှင့် ဌာနပိုင်အဖြစ်သုံးစွဲခွင့်ရခြင်းလုပ်ငန်းစဉ်ဆိုင်ရာညွှန်ကြားချက်နှင့်အညီ စာရင်းပယ်ဖျက်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခြောက်ခန်းတွဲ နှစ်ထပ်သံကူ ကွန်ကရစ်နေအိမ်အဆောက်အအုံ တစ်လုံးကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(ဖြည့်စွက်)တွင် လျာထားတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဒေါက်တာဇော်ဇော်မြင့်၏ **မြန်မာနိုင်ငံ၏ ရေပိုင်နက်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးတို့အတွက် ရေကြောင်းဆိုင်ရာဥပဒေများ (Maritime Law) နှင့်ပတ်သက်ဆက်စပ်သည့် ကဏ္ဍအလိုက် ပြဋ္ဌာန်းပြီးဥပဒေမည်မျှရှိပါသနည်း၊ မရှိသေးပါက သို့မဟုတ် ထပ်မံ၍ လိုအပ်မည့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအပေါ် မည်သည့်အချိန်တွင် မည်ကဲ့သို့စတင် ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဧရိယာများဥပဒေကို နိုင်ငံခြားရေးဝန်ကြီးဌာနကလည်းကောင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေကို ကာကွယ်ရေးဝန်ကြီးဌာနကလည်းကောင်း ရေးဆွဲပြဋ္ဌာန်းထားကြပါကြောင်း။

The Myanmar Merchant Shipping Act ကို ၁၉၂၃ ခုနှစ်ကရေးဆွဲ၍ ၂၀၀၇ တွင် နောက်ဆုံးပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး လက်ရှိတွင် ခေတ်နှင့်လျော်ညီအောင် ကုန်သည်သဘော်ဥပဒေ (Merchant Shipping Law) (မူကြမ်း)ဟု ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ The Myanmar Registration of Ships Act ၊ ပင်လယ်ရေကြောင်းသွားလာမှုသဘောတူစာချုပ်များ အက်ဥပဒေ၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေနှင့် The Ports Act (ဆိပ်ကမ်းများ အက်ဥပဒေ)သည် ၁၉၀၈ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် နောက်ဆုံးပြန်လည် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ၊ The Bills of Lading Act ၊ The Carriers Act ၊ The Burma Carriage of Goods by Sea Act နှင့် ဘက်စုံပို့ဆောင်ရေးဥပဒေတို့ကို ပို့ဆောင်ရေးဝန်ကြီးဌာနက ရေးဆွဲပြဋ္ဌာန်းထားပါကြောင်း။

ထိုပြင် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေနှင့်မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေတို့သည် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်ဥပဒေများဖြစ်ပြီး လက်ရှိအချိန်တွင် အဆိုပါဥပဒေနှစ်ခုကို ပေါင်းစပ်ပြင်ဆင်၍ ပင်လယ်ငါးလုပ်ငန်းဥပဒေအဖြစ် အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကလည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနကလည်းကောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကလည်းကောင်း၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေများကို ကျန်းမာရေးဝန်ကြီးဌာနကလည်းကောင်း ရေးဆွဲပြဋ္ဌာန်းထားကြပါကြောင်း။

ရေထုညစ်ညမ်းမှုဆိုင်ရာဥပဒေ(Marine Pollution Law)(မူကြမ်း)နှင့် ပင်လယ်ရေကြောင်း အလုပ်သမားရေးရာဥပဒေ(မူကြမ်း)တို့သည် မိမိတို့နိုင်ငံတွင် မရှိသေးသည့်အတွက် ပြန်လည်ရေးဆွဲလျက်ရှိပါကြောင်း။

နိုင်ငံတိုင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရေကြောင်းအကျိုးစီးပွား သို့မဟုတ် ပင်လယ်ပြင်အကျိုးစီးပွားကို အထောက်အကူအဖြစ် အသုံးပြုနေသည်ကို တွေ့ရှိရပါကြောင်း၊ ပင်လယ်ပြင်သည် နိုင်ငံတိုင်းအတွက် အရေးပါသည့်အရာတစ်ခုဖြစ်ပြီး အကျိုးရှိစွာအသုံးချနိုင်ရန်၊ နိုင်ငံအကျိုးစီးပွားကို ထိရောက်စွာကာကွယ်နိုင်ရန်အတွက် တင်ပြခဲ့သည့်ဥပဒေများသည် အရေးကြီးပါကြောင်းနှင့် ခိုင်မာသည့်ဥပဒေပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်၏ အကျိုးစီးပွားများကို ကာကွယ်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျောက်တောကျေးရွာအုပ်စုရှိ ကျေးရွာ ၁၇ ရွာတွင် ဆက်သွယ်ရေးကဏ္ဍ ပိုမိုကောင်းမွန်စေရန်အတွက် ကျောက်တောကျေးရွာ သို့မဟုတ် သင့်တော်ရာကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်များ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ကျောက်တောကျေးရွာအုပ်စုသည် ရပ်စောက်မြို့မှ ကီလိုမီတာ ၂၀ ကျော်ကွာဝေးပြီး ကျေးရွာ ၁၇ ရွာ အနက် ကျောက်တော၊ ဗန်းမက်၊ ကျောက်တစ်လုံး၊ လယ်ဝိုင်း၊ နန့်ဟူး၊ ဆင်သေကျေးရွာ ခြောက်ရွာ၌သာ လျှပ်စစ်မီးရရှိပြီး ကျန်ကျေးရွာ ၁၁ ရွာတွင် လျှပ်စစ်မီး မရရှိပါကြောင်း၊ သို့ပါ၍ MPT, ATOM နှင့် U9 အော်ပရေတာများအနေဖြင့် ကျောက်တောကျေးရွာအုပ်စုတွင် မိုဘိုင်းစခန်းအသစ်တည်ဆောက်ရန် လတ်တလော အစီအစဉ်မရှိသေးပါကြောင်း။

သို့သော် ကျောက်တောကျေးရွာအုပ်စုရှိ ပြည်သူများဆက်သွယ်မှု ပိုမိုကောင်းမွန်စွာရရှိအသုံးပြုနိုင်စေရန်ရည်ရွယ်၍ Mytel မိုဘိုင်းစခန်းကို ဗန်းမက် ကျေးရွာနှင့် ဟင်းခါးကုန်းကျေးရွာတို့တွင် တည်ဆောက်နိုင်ရေး မြေနေရာရရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိပြီး မြေနေရာများရရှိပြီးပါက တာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောက်တောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၇ ရွာအနက် ကျေးရွာရှစ်ရွာအတွင်းရှိ ပြည်သူများအနေဖြင့် Mytel ၏ ဆက်သွယ်ရေးဝန်ဆောင်မှုများကို အပြည့်အဝရရှိအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

ကျောက်တောကျေးရွာအုပ်စုအတွင်းရှိ ကျန်ရှိသည့် ကျေးရွာ ကိုးရွာတွင် မိုဘိုင်းဆက်သွယ်ရေးစခန်းအသစ်များ တည်ဆောက်နိုင်ရန်အတွက် လျှပ်စစ်မောတ်အားရရှိမှု၊ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ချိတ်ဆက်နိုင်မှုနှင့် နယ်မြေဒေသအခြေအနေများအပေါ် မူတည်၍ မြေပုံစစ်ဆေးတိုင်းတာခြင်းနှင့် မြေပြင်ကွင်းဆင်းတိုင်းတာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရရှိလာသောအချက်အလက်များအရ ဆက်သွယ်ရေးလိုအပ်ချက် စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိပါက နိုင်ငံတော်ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါက်တာအမ်ဇော်လတ် ခေါ်ဆမ်းမားကို့(စ)၏ **ရှမ်းပြည်နယ် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်အတွင်း ဖုန်းနှင့် အင်တာနက်ဝန်ဆောင်မှု ကောင်းမွန်လာစေရန် လိုအပ်လျက်ရှိသောတာဝါတိုင်များ မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က မက်မန်းမြို့နယ်တွင် ရပ်ကွက် နှစ်ခု၊ ကျေးရွာ ၅၁ ရွာနှင့် အိမ်ခြေစုစုပေါင်း ၃၉၈၃ အိမ်ခန့်ရှိပြီး လျှပ်စစ်မီးမရရှိသေးပါကြောင်း၊ ထို့ကြောင့် MPT နှင့် Mytel တို့၏ မိုဘိုင်းစခန်းများအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဒီဇယ်အင်ဂျင်ဖြင့်သာအသုံးပြု၍ ဝန်ဆောင်မှုပေးထားရပါကြောင်း၊ အဝေးဆက်သွယ်ရေးစနစ်ရယူထားသည့် မိုက်ကရိုဝေ့ဗ်အဝေးဆက်ကြောင်းတွင် ရာသီဥတုအခြေအနေကြောင့် ချို့ယွင်းမှုဖြစ်ပေါ်သည့်အခါများတွင် ဆက်သွယ်မှုယာယီပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ပါကြောင်း။

မက်မန်းမြို့နယ်သည် တောင်ကုန်း၊ တောင်တန်းများထူထပ်ပြီး ပြန့်ကျဲစွာနေထိုင်ကြခြင်း၊ နယ်မြေဒေသသွားလာရခက်ခဲခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ အဝေးဆက်ကြောင်း တည်ဆောက်ရန်ခက်ခဲခြင်းတို့ကြောင့် မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် လတ်တလောမိုဘိုင်းစခန်းအသစ်ထပ်မံတည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း။

သို့သော် နယ်မြေဒေသများတွင် လျှပ်စစ်ဓာတ်အားရရှိမှု၊ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ချိတ်ဆက်နိုင်မှုနှင့် နယ်မြေဒေသအခြေအနေများအပေါ်မူတည်၍ မြေပုံစစ်ဆေးတိုင်းတာခြင်းနှင့် မြေပြင်ကွင်းဆင်းတိုင်းတာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရရှိလာသောအချက်အလက်များအရ ဆက်သွယ်ရေးလိုအပ်ချက် စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက နိုင်ငံတော်ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးထွန်းအောင်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ကောလင်းခရိုင်အတွင်းရှိ နေရပ်စွန့်ခွာပင်စင်စားဝန်ထမ်းများကို မိမိတို့ရောက်ရှိရာဒေသရှိဘဏ်များတွင် Centralized E Pension Card များဖြင့် ပင်စင်လစာ ထုတ်ယူခွင့်ရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Centralized E Pension Card နှင့် ပင်စင်လစာထုတ်ယူနိုင်သောဘဏ်ခွဲများ ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ၊ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့စီးပွားရေးဘဏ် ကသာခရိုင်ဘဏ်ခွဲကို နယ်မြေဒေသအခြေအနေများအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၅ ရက်နှင့် ကောလင်းမြို့နယ်ဘဏ်ခွဲကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှစ၍ ဘဏ်ဝန်ဆောင်မှုများ ယာယီရပ်ဆိုင်းခဲ့ပါကြောင်း၊ ကသာခရိုင်ဘဏ်ခွဲကို ၂၀၂၆ ခုနှစ် မေ ၂၁ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း ကောလင်းမြို့နယ်ဘဏ်ခွဲကို ယနေ့ထိ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါကြောင်း၊ Centralized e-Pension စနစ်ဆောင်ရွက်နိုင်ရေးအတွက် အင်တာနက်ရရှိမှုသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ် ကသာဘဏ်ခွဲနှင့် ကောလင်းဘဏ်ခွဲတို့တွင် အင်တာနက်လိုင်းမရရှိသည့်အတွက် Centralized e-Pension စနစ်ကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

သို့သော် နေရပ်စွန့်ခွာပင်စင်စားဝန်ထမ်းများကို မိမိတို့ရောက်ရှိရာ ဒေသရှိနီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် e-Pension Card ဖြင့်လည်းကောင်း၊ အငြိမ်းစား လစာထုတ်စာအုပ်ဖြင့်လည်းကောင်း တင်ပြ၍ ပင်စင်လစာထုတ်ယူနိုင်ရန်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ပါ၍ မြို့နယ်ဒေသန္တရအုပ်ချုပ်ရေးကောင်းမွန်စွာလည်ပတ်နိုင်မှု၊ အင်တာနက်လိုင်းရရှိမှုအခြေအနေတို့အပေါ် မူတည်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် Centralized e-Pension စနစ်တိုးချဲ့ရန် ကျန်ရှိနေသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲများကို ထပ်မံတိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် ဖွင့်လှစ်ပေးရန်ကျန်ရှိနေသေးသော လူငယ်သင်တန်းကျောင်းနှင့် စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှအဆက်

အိမ်တွင်းမှုသင်တန်းကျောင်းတို့ကို မည်သည့် ဘဏ္ဍာနှစ်တွင် ရန်ပုံငွေခွဲဝေချထားဖွင့်လှစ်ပေး မည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့ဖွင့်လှစ်နိုင်ရေးအတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် MoU လက်မှတ်ရေးထိုးပြီးပါက စီမံကိန်းလုပ်ငန်းများကို စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လူငယ်သင်တန်းကျောင်းကို ခေါင်ခမ်းကျေးရွာအုပ်စု၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် တစ်မိုင်ခန့်အကွာ ငါးဇကဇရီယာရှိ မြေနေရာတွင် တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ခြောက်လဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရှေ့မျက်နှာစာအုတ်တံတိုင်း သံပန်းကာရံခြင်းနှင့် ကွန်ကရစ်တိုင် Chain Link ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်းကို လူငယ်သင်တန်းကျောင်းဖွင့်လှစ်မည့်နေရာနှင့် ငါးဖာလုံခန့်အကွာ ဇရီယာ ငါးဇကရှိ မြေနေရာကို လျာထားပါကြောင်း၊ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီးပါက ဖွဲ့စည်းပုံတိုးချဲ့ခွင့်ရရှိရေး တင်ပြဆောင်ရွက်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ သတ်မှတ်စီမံကိန်းကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ အပြီးသတ်ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပြီးပါက သင်တန်းကျောင်းများကို ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရခွီဖုန်(Rakwi Pung)၏ **ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် ဒီဂရီကောလိပ်၊ တက္ကသိုလ် တစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပူတာအိုမြို့မှ မြစ်ကြီးနားမြို့သို့ မိုင် ၂၀၀ ကျော်ကွာဝေးပြီး အချိန်ကြာမြင့်မှု၊ ခရီးစရိတ်နှင့် လမ်းခရီးအခက်အခဲများရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပူတာအိုဒေသ၌ ဒေသနှင့်ကိုက်ညီသည့် ဒီဂရီကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း၏ **နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်မှုနှင့် ကမ္ဘာ့အလယ်တွင် ရင်ပေါင်တန်းနိုင်မှုတို့အတွက် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးတွန်းအားဖြစ်သည့် မြန်မာ့ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက် နှစ်စဉ်နိုင်ငံတော်ကခွဲဝေပေးသည့် ပညာရေးရန်ပုံငွေများကို လူစွမ်းအားအရင်းအမြစ်တိုးတက်ရေး (Human Capital) ကဏ္ဍတွင် ဂုဝ ရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ် စာရင်းများအရ ပညာရေးဝန်ကြီးဌာန၏ အသုံးစရိတ်သည် နိုင်ငံတော်၏ စုစုပေါင်းအသုံးစရိတ်အပေါ် ၆ ဒသမ ၄၆ ရာခိုင်နှုန်း၊ ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်အပေါ် ၆ ဒသမ ၉၂ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအတွက် ပညာရည်မြင့်မားရေးနှင့် သုတေသနလုပ်ငန်းကို အဓိကဆောင်ရွက်လျက်ရှိသည့်ဦးစီးဌာနများဖြစ်သည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနတို့သည် လူစွမ်းအားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် Education Management Information System-EMIS အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆရာ၊ ဆရာမများ၏ စွမ်းရည်မြင့်မားလာစေရန် လမ်းညွှန်ပေးသည့် သုတေသနစာအုပ်စာတမ်းများ၊ အစီရင်ခံစာများ ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း အဆိုပါ ဦးစီးဌာနများ၏ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် ပျမ်းမျှဘဏ္ဍာငွေအသုံးပြုမှုရာခိုင်နှုန်း ၆၉ ဒသမ ၂၆ ရာခိုင်နှုန်းဖြစ်ပြီး ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ၇၃ ရာခိုင်နှုန်းထိ အသုံးပြုပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာငွေများကို လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍအတွက် ရလဒ်အခြေပြု(Result-based) စနစ်ဖြင့် ဦးစီးဌာနအလိုက် အဆင့်လိုက်တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် အဆောက်အအုံများပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အအုံ ထိန်းသိမ်းတည်ဆောက်ရေးကဏ္ဍများအတွက် ဘဏ္ဍာငွေများကို မဖြစ်မနေခွဲဝေသုံးစွဲနေရခြင်းဖြစ်ပါကြောင်းနှင့် ရှေ့လာမည့်ဘဏ္ဍာနှစ်များတွင် လူစွမ်းအားအရင်းအမြစ်တိုးတက်ရေး (Human Capital) ကဏ္ဍများအတွက် အကျိုးရှိအထိရောက်ဆုံးဖြစ်စေရန် ရည်မှန်းချက်ပန်းတိုင်များနှင့် အညီ အဆင့်လိုက်တိုးမြှင့်သုံးစွဲနိုင်ရေး၊ သက်ဆိုင်ရာကဏ္ဍအလိုက် ယခုထက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆက်လက်စိစစ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးအောင်ဆန်းထူး၏ **ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နယ်၊ မံစီမြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ရွှေကူမြို့နယ်တို့မှ ယာယီနေရပ်စွန့်ခွာပြည်သူများကို အခြေခံစားသောက်ကုန် (ဆန်၊ ဆီ၊ ဆား)များ ထောက်ပံ့ပေးနိုင်ခြင်း ရှိ၊ မရှိ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များကို အထူးကိစ္စတစ်ရပ်အနေဖြင့် ပြန်လည်ပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ နိုင်ငံတော်ကသတ်မှတ်ထားရှိသော အပြည့်အဝပေးနိုင်ခြင်း ရှိ၊ မရှိ၊ လိုအပ်သောနေရာများတွင် IDP Camp ယာယီစခန်းများ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် စုရုပ်နေရာများ၌ လစဉ်ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိသည့် ဗန်းမော်မြို့နယ်၊ မံစီမြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ရွှေကူမြို့နယ်တို့မှ နေရပ်စွန့်ခွာပြည်သူများကို ယာယီနေထိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်များတွင် IDP Camp များ၊ ယာယီခိုလှုံရာစခန်းများ ဆောက်လုပ်ပေးပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့မှ ငွေသားထောက်ပံ့ခြင်း၊ အခြေခံစားသောက်ကုန်များ ထောက်ပံ့ခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယာယီနေရပ်စွန့်ခွာသူများအနေဖြင့် ရောက်ရှိရာဒေသများတွင် မိမိတို့၏ နေ့စဉ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မိမိတို့တတ်ကျွမ်းရာလုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိမှု၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်စားလှယ်များ၏ ပံ့ပိုးမှုများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ပြီး မိုခိုမှုကင်းသည့် ဘဝများကို ပြန်လည်ထူထောင်ရေးကို ဦးတည်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပေးပို့ထားသော အသေးစား၊ အငယ်စား**နှင့်**အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **မြန်မာနိုင်ငံတွင် ခေတ်မီပြီးဘက်စုံလွှမ်းခြုံနိုင်သော တစုတစည်းတည်းသော ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေ (Personal Data Protection Law) တစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်က နိုင်ငံတစ်နိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာနှင့် အခြေခံအဆောက်အအုံများသာမက ပြည်သူများ၏ ယုံကြည်မှုသည်လည်း အလွန်အရေးကြီးပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏ ကိုယ်ရေးအချက်အလက်များကို လုံခြုံစိတ်ချစွာအသုံးပြုနိုင်မည်ဟု ယုံကြည်မှုရှိမှသာ အွန်လိုင်းဘဏ်လုပ်ငန်း၊ အီလက်ထရောနစ်ကုန်သွယ်ရေးနှင့် အစိုးရ၏ ဒီဂျစ်တယ်ဝန်ဆောင်မှုများကို ပိုမိုတွင်ကျယ်စွာ အသုံးပြုလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာနှင့်ဒေတာအချက်အလက်များ ဖလှယ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ယုံကြည်စိတ်ချရသော လုံခြုံရေးစံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေတစ်ရပ်ရှိခြင်းဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အရေးပါသည့် အခြေခံအချက်တစ်ခုဖြစ်လာနိုင်ပါကြောင်း။

ကိုယ်ရေးအချက်အလက်များကို ကာကွယ်ခြင်းသည် ဒေတာများကိုသာ ကာကွယ်ခြင်းမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်လုံခြုံမှု၊ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် ယုံကြည်မှုတို့အတွက် ကာကွယ်ခြင်းပင်ဖြစ်ပါကြောင်း၊ သို့ပါ၍ ပြည်ထောင်စုအစိုးရအနေဖြင့် သက်ဆိုင်ရာဌာနများ၊ ဥပဒေပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများနှင့် သက်ဆိုင်သူများ ပူးပေါင်းပါဝင်စေပြီး နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီပြီး မြန်မာနိုင်ငံ၏အခြေအနေနှင့် သင့်လျော်သော ခေတ်မီဘက်စုံလွှမ်းခြုံသည့် ကိုယ်ရေးအချက်အလက်ကာကွယ်ရေး ဥပဒေကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အဆိုသည် ပြည်သူများ၏အခွင့်အရေးကို ကာကွယ်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်၏ ဒီဂျစ်တယ်အနာဂတ်တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သော အဆိုဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်က ကိုယ်ရေးအချက်အလက်ကာကွယ်ရေး(Personal Data Protection) ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ အသုံးပြုခြင်း၊ သိမ်းဆည်းခြင်း၊ ဖြန့်ဝေခြင်း၊ ရောင်းချခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ ကာကွယ်ပေးခြင်းဟု အဓိပ္ပာယ်ရပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ အခြားသူထံပေးအပ်လိုက်ခြင်း၊ အချက်အလက်များကို ရောင်းချခြင်း၊ အွန်လိုင်းမှ ခိုးယူခံရခြင်း၊ လိမ်လည်မှုများအတွက် အသုံးပြုခြင်း၊ မိမိနှင့် မသက်ဆိုင်သော ရည်ရွယ်ချက်များအတွက် အသုံးပြုခြင်း စသည်တို့ဖြစ်ပေါ်လာပါက နိုင်ငံသားတစ်ဦးချင်းစီ၏ လုံခြုံရေး၊ ငွေကြေးနှင့် ကိုယ်ရေးလုံခြုံမှုတို့ကို ထိခိုက်စေနိုင်သောကြောင့် ဥပဒေနှင့်ကာကွယ်ပေးရန် လိုအပ်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံပေါင်း ၁၉၅ နိုင်ငံတွင် ၇၉ ရာခိုင်နှုန်းခန့်သည် ကိုယ်ရေးအချက်အလက်ဆိုင်ရာဥပဒေကိုပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်လေ့လာပြီး နိုင်ငံတော်၏လုံခြုံရေး၊ အများပြည်သူအကျိုးစီးပွားကို ကာကွယ်ခြင်းနှင့် နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ရေးလုံခြုံမှုကိုကာကွယ်ခြင်းတို့အတွက် ဆောင်ရွက်ရန်အရေးကြီးပါကြောင်း၊ ကိုယ်ရေးလုံခြုံမှုကို ချိုးဖောက်ခံရပါက တိုင်ကြားနိုင်သည့်ဌာန၊ အင်တာနက်အသုံးပြုမှုနှင့် ကိုယ်ရေးအချက်အလက်များကို ရယူနိုင်ခွင့်အခြေအနေ၊ နစ်နာသူများအတွက် လျော်ကြေးပေးနိုင်သည့်စနစ်၊ ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်းထားသည့် အစိုးရဌာနနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအပေါ် သီးခြား Personal Data Protection Law ပြဋ္ဌာန်းရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ အဆိုပါဥပဒေသည် ပြည်သူများ၏ ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ပေးနိုင်ရုံသာမက Digital Economy, E-Government, E-Commerce, Digital Banking နှင့် နိုင်ငံတကာ Data Flow များအတွက် ယုံကြည်စိတ်ချရသောဥပဒေရေးရာကိုတည်ဆောက်ပေးနိုင်မည် ဖြစ်ပါသောကြောင့်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဦးဝဏ္ဏစိုး၊ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ၊ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဦးလွမ်းမိုးနိုင်နှင့် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးဖေသန့်ဇော်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၇ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက်တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၇၁ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည် -

(၁) လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက် — ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်

(၂) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက် — ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်

(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် — ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်

(၄) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်နေ့ရက် — ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်မှ ၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၉ ရက်ထိ

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အရိုးဗစ်) ပြိုင်ပွဲဖွင့်ပွဲကျင်းပ



မန္တလေး နိုဝင်ဘာ ၁၁

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ရှိဗထူးမိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ ဒိုင်လူကြီးများ၊ အသင်းအုပ်ချုပ်သူနှင့် နည်းပြများ၊ တိုင်းဒေသကြီးအမျိုးသမီး အားကစားဆပ်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြိုင်ပွဲဝင် မြို့နယ်အသင်းများနှင့် ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကိုစတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အသင်းများ လိုက်လံနှုတ်ဆက်ပြီးနောက် အသင်းများမှ အတွဲလိုက် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ ပြိုင်ပွဲတွင် ကိုးယောက်တွဲ၊ သုံးယောက်တွဲ အတွဲလိုက်နှင့် တစ်ဦးချင်းပါဝင်ကာ နိုဝင်ဘာ ၁၃ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မျိုးကျော်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်းအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေး ကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Moe That" Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သုံးမိုင်မြို့သစ် အောင်ချမ်းသာ(၄) ရပ်ကွက်နေ အောင်စည်သူ ခေါ် မိုးသက်ကို မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် (၃)မိုင်နယ်မြေရဲစခန်းက (ပ)၂၉/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (၅၀၁)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

၁၁-၁၁-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးစျေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၅၅.၃ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
စျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၈,၆၈၄,၉၈၈.၉၃	၆,၇၂၀,၁၀၇.၀၈	၂၄,၃၀၈,၁၇၈.၇၈	

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းစျေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ စျေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းစျေးသတ်မှတ်ရေးကော်မတီ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်





နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနှင့်ထိုင်း လေတပ်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများပိုမိုမြှင့်တင်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း ဦးဆောင်သောတပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရာ တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့ကို ထိုင်းနိုင်ငံ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းဘုရင့်လေတပ်ဌာနချုပ်မှ Deputy Chief of the Air Staff(Civil and Special Affair) ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး ထိုင်းဘုရင့်ဖြစ်သူ Air Marshal Theerawat Intarapiroj၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းလေတပ်စစ်သံမှူး Group Captain Trisanat Palakawong Na Ayudhya နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဌာနချုပ်သို့ သွားရောက်ရာ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha က ဂုဏ်ပြုတံဆိပ်ဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ထိုင်းဘုရင့်လေတပ်ဌာနချုပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် နှစ်နိုင်ငံလေတပ်များကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် Air Technical Training School သို့ သွားရောက်ကြရာ ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်အောက်မှေဖွယ်အထိမ်းအမှတ် နေရာ၌ ဂုဏ်ပြုပန်းခွေချအလေးပြုကြသည်။ ထို့နောက် ထိုင်းဘုရင့်လေတပ်ဌာနချုပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် နှစ်နိုင်ငံလေတပ်များကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် Air Technical Training School သို့ သွားရောက်ကြရာ Director of Intelligence နှင့် Deputy Director of Education and Training တို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် Air Technical Training School မှ တာဝန်ရှိသူတစ်ဦးက သင်တန်းကျောင်း၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ ရည်မှန်းချက်တာဝန်၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားမှုနည်းစနစ်များ၊ သင်တန်းသားအရည်အချင်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းကျောင်းအတွင်းရှိ Aircraft Maintenance Simulation Center ကို ကြည့်ရှုလေ့လာကြသည်။ ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ) လေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နေ့လယ်ပိုင်းတွင် RTAF Museum သို့ သွားရောက် လေ့လာကြပြီး ဗန်ကောက်မြို့မှ ပြန်လည်ထွက်ခွာရာ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တပ်မတော်(လေ)မှအရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

အာကာသဆိုင်ရာ ပန်းချီကာတွန်းပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများသို့လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကား

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအရေးစိတ္တိ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီကာတွန်းပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၁(MICC-1)၌ကျင်းပပြီး မူလတန်းအဆင့်၌ “အာကာသအိပ်မက်” ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြကာ ယနေ့တွင် အခြေခံပညာအလယ်တန်းအဆင့် အာကာသဆိုင်ရာ ပန်းချီကာတွန်းပိုစတာပြိုင်ပွဲကို “လူသားနှင့်အနာဂတ်အာကာသ” ခေါင်းစဉ်ဖြင့်ကျင်းပသည်။

အနာဂတ် မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့်နည်းပညာများကိုစိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်းများဖော်ထုတ်ပြသနိုင်ရန်ရည်ရွယ်ချက်ဖြင့် အဆိုပါပြိုင်ပွဲများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

အာကာသနည်းပညာဆိုင်ရာ ပြခန်းများတွင် အာကာသနှင့် AI နည်းပညာသုံးစိုက်ပျိုးရေးစနစ်ပြခန်း၊ အာကာသနှင့် AI နည်းပညာအသုံးချပြခန်းရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးစနစ် ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေ ကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာအင်ဂျင်နီယာနှင့် သချိုင်းပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသ စူးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသော အာကာသစူးစမ်းလေ့လာရေးသုတေသနပြခန်းများ ပြသထားပြီး ပြခန်းများကို ယနေ့တွင် ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူဦးရေ ၄၀၃၀ လာရောက် လေ့လာခဲ့ကြကြောင်းနှင့် အဆိုပါပြခန်းများကို နိုဝင်ဘာ ၁၃ ရက်ထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီထိ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ နေပြည်တော်(ပြန်/ဆက်)







ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ အပ်နှံထားသည့် လက်နက်၊ ခဲယမ်းများကို ကြည့်ရှုစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။

☆ ကျောဖုံးမှအဆက်

တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက ဥပဒေဆိုင်ရာအသိပညာပေးစကားများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M-79 LL ၄၀ မမ ဆုံလည်သေနတ် တစ်လက်၊ K-25 သေနတ် နှစ်လက်၊ KA သေနတ် တစ်လက်၊ ၄၀ မမ ဗုံးသီး အလုံး ၂၀ လက်ပစ်ဗုံး တစ်လုံး၊ ၇ ဒသမ ၆၂ ကျည်အတောင့် ၂၇၀၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ကျည်ကာအင်္ကျီ တစ်ထည်နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို M-79 LL ၄၀ မမ ဆုံလည် သေနတ် တစ်လက်အတွက် ငွေကျပ် ၇၅ သိန်း၊ မောင်းပြန်ရိုင်ဖယ် သေနတ် သုံးလက်အတွက် ငွေကျပ် သိန်း ၁၅၀၊ ၄၀ မမဗုံးသီး အလုံး ၂၀ အတွက် ငွေကျပ် သိန်း ၆၀၊ လက်ပစ်ဗုံး တစ်လုံး အတွက် ငွေကျပ် သုံးသိန်း၊ ကျည်ကာအင်္ကျီ တစ်ထည်အတွက် ငွေကျပ် နှစ်သိန်း၊ အလင်းဝင်ရောက်လာသူ ခြောက်ဦး အတွက် ငွေကျပ် သိန်း ၉၀ တို့ကို ပေးအပ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများကို ခံဝန်ကတိလက်မှတ် ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် KIA၊ KPDF နှင့် PDF အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။


ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"သင်တန်းကတော့ နှစ်လ တက်ခဲ့ရပါတယ်။ သင်တန်းဆင်းပြီးနောက် တာဝန်ထမ်းဆောင်တဲ့အခါ ဂိတ်ကိုပို့တယ်။ ဂိတ်ကနေပြီးတော့ ဒီအပေါ်ကို ပါခဲ့တာပါ။ အဖွဲ့စည်းကလဲ အဆင်မပြေဘူး။ သူတို့ပြောတာ တစ်မျိုး၊ လုပ်တာ တစ်မျိုး၊ လုပ်ရပ်တွေက မဟုတ်ဘူး။ အဲ့ဒါကြောင့် ကျွန်တော် မကြိုက်လို့ ဒီဘက်ကို လာရောက်ပြီးတော့ အလင်းဝင်ရောက်ခြင်းဖြစ်ပါတယ်။ ဟိုဘက်မှာ အခက်အခဲတွေ ကြုံတွေ့တာရှိပါတယ်။ အခက်အခဲတွေကတော့ ကြမ်းတမ်းတယ်။ တစ်ခါတလေ မသွားချင်တဲ့ လမ်းလဲ လွှတ်တယ်။ လွှတ်တဲ့လမ်းကိုတော့ သွားခဲ့ရပါတယ်။ စိတ်မပါလဲ သွားရတယ်။ ကိုယ်က မလုပ်ချင်လဲ လွှတ်တာပဲ။ အဲ့ဒါကြောင့်မို့ သူတို့ကိုလဲ မကြိုက်လို့ ဒီဘက်ကို လာရခြင်းဖြစ်တယ်။ သူငယ်ချင်းတွေ အမြင်မှန်ရပြီးတော့ ဒီလိုလေးအလင်း ဝင်ပေးဖို့ပေါ့နော်။ နောက်ထပ် ပြောချင်တာက ကျွန်တော်တို့ကိုကြည့်ပေါ့ နွေးနွေးထွေးထွေး ကြိုဆိုတဲ့အကြောင်းကို ပြောကြားချင်ပါတယ်"ဟုပြောသည်။

"ပဲခင်းမှာ ပေါင်းနုတ်နေတုန်း PDF အဖွဲ့အစည်းကလာပြီးတော့ ခေါ်ဆောင်ဖမ်းဆီးသွားပြီးတော့ သင်တန်းတွေ ပေးပြီးတော့ ဒီလို ရှေ့တန်းတွေဘာတွေ ပို့ခဲ့ရတာပေါ့။ အခက်အခဲတွေကတော့ ရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မတူညီမှုတွေ နောက်ပြီးတော့ လူမျိုးရေးခွဲခြားတာတွေပေါ့ အဲ့ဒီလိုမျိုးတွေလဲရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် အထက်က အငယ်ကို နှိပ်စက်တာမျိုးတွေပေါ့ ဒါမျိုးတွေ အများကြီးရှိပါတယ်။

အလင်းဝင်လာတဲ့ အကြောင်းရင်းက ဟိုဘက်ကပြောတဲ့ မင်းတို့တွေကို သူတို့တွေ အဲ့ဒီလိုနှိပ်စက်တာတွေလဲ ပါလာတယ်။ နောက်ပြီးတော့ ရိက္ခာပိုင်း ဘာညာတွေလဲ နောက်ဆုံး အဆင်ကမပြေလာတော့ဘူး။ သူတို့ နှိပ်စက်တာတွေ ဘာတွေနဲ့ဆိုတော့ သူတို့နဲ့ သဘောထားခြင်းကလဲ တအားကွဲလွဲတော့ ဒီဘက်ကို အလင်းဝင်လာဖြစ်တာပေါ့။ ကျွန်တော့် သူငယ်ချင်းနဲ့ နှစ်ယောက်လာခဲ့ပါတယ်။ သူက တစ်နေရာပေါ့နော်။ ကျွန်တော်က တစ်နေရာ အတူတူစုပြီးတော့ တိုင်ပင်ခဲ့ကြတာပေါ့။ သူငယ်ချင်းအတူသွားမလား ဘယ်လိုဘယ်ညာပေါ့။ ဒီဘက်မှာကတော့ စိတ်ချမ်းသာပါတယ်။ ဂရုတစိုက်လဲ ကြိုဆိုသလို ဝမ်းမြောက်ဝမ်းသာနဲ့ အကုန်လုံး ဂရုတစိုက်နေပေးတော့ စိတ်ချမ်းသာပါတယ်။ ဝမ်းလဲသာပါတယ်။





အလင်းဝင်ရင် သတ်ပစ်မယ်တွေ၊ ထောင်ချထားမှာတွေ အဲ့ဒီလိုတွေပြောတာတွေ မယုံကြပါနဲ့။ နိုင်ငံတော်ကလဲ လူငယ်တွေအတွက် အကုန်လုံးအလုပ်ကစ အကုန်လုံးတာဝန်ယူပြီးတော့ လုပ်ဆောင်ပေးနေတဲ့အချိန်မှာ အလင်းမြန်မြန်ဝင်ဖို့ ပြောချင်ပါတယ်"ဟု ပြောသည်။

(၅၀၁)

■ မိုးသည်းထန်စွာရွာသွန်းခြင်းမှ

တိုက်ခတ်လာသော လေအေးများတွေ့ဆုံမှုကြောင့် ယနေ့နံနက်မှ နိုဝင်ဘာ ၁၂ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသောလေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများတွေ့ဆုံမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု နိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/၈လ)

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရွာငံမြို့နယ်တွင် ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



သန်းထိုက်အောင်နှင့် မခင်သီတာအောင် ခေါ် မီးမီးတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၁

ရွာငံမြို့နယ်တွင် ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူ သန်းထိုက်အောင်နှင့် မခင်သီတာအောင် ခေါ် မီးမီးတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီတွင် သတင်းအရ ရွာငံမြို့နယ် မြို့ကြီးရွာအနီးတွင် ပုသိမ်ကြီးမြို့နယ် ကန်ကောက်ရွာနေ သန်းထိုက်အောင် ၃၈ နှစ် မောင်းနှင်ပြီး အောင်မြေသာစံမြို့နယ် ဒေါနဘွား ရပ်ကွက်နေ မခင်သီတာအောင် ခေါ် မီးမီး ၅၄ နှစ်လိုက်ပါလာသော SUZUKI CARRY အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ ၎င်းတို့နှစ်ဦး သယ်ဆောင်လာသည့် စိတ်ကြွဆေးပြား ၆၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၆၀၀၀) ဖမ်းဆီးရမိသဖြင့် သန်းထိုက်အောင်နှင့် မခင်သီတာအောင် ခေါ် မီးမီးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုးကောင်းမြို့နယ် ဖိုးချစ်ကုန်းရပ်ကွက်အနီးတွင် ဟိုပင်မြို့ မြဇေယျာရပ်ကွက်နေသူများဖြစ်သည့် စိန်ဝင်း ၄၅ နှစ် မောင်းနှင်ပြီး မကေကေဝင်း ခေါ် မကေ၄၁ နှစ် လိုက်ပါလာသော KENBO-125 အမျိုးအစားဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွဆေးပြား ၁၁၇၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၇၅ ဒသမ ၅ သိန်း) ဖမ်းဆီးရမိသဖြင့် စိန်ဝင်းနှင့် မကေကေဝင်း ခေါ် မကေတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ဘော်လီဘောပြိုင်ပွဲမှ

ယနေ့ ဝန်ကြီးဌာနပေါင်းစုံဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းက သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲတစ်ပွဲဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်(ယနေ့) နံနက် ၉ နာရီမှစတင်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲအမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ထူးခြားသည့် နေ့အပူချိန်များ

(၁၁ - ၁၁ - ၂၀၂၆)

မြိတ်	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်	ကော့ကရိတ်	၃၀	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ထားဝယ်	၃၄	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	ကိုကိုးကျွန်း	၃၀	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
မော်လမြိုင်	၃၂	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	ဘားအံ	၂၉	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
ရေး	၃၁	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်	ကော့သောင်း	၂၉	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အသိပညာပေး လေးမိနစ်စာ Animation Video ပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများအပေါ် လှောင်ပြောင်သရော်မှုပပျောက်စေရေးနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသည့် (Right Based) အမြင်ပျံ့နှံ့စေရေး အသိပညာပေး Animation Video ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် Animation Video ကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ပြိုင်ပွဲအကြောင်းအရာကို ပေါ်လွင်အောင် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်၊ စကားပြောများကို မြန်မာဘာသာဖြင့်သာ ဖော်ပြရမည်။

(ဂ) လေးမိနစ်စာ (Animation Video) ဖန်တီးယှဉ်ပြိုင်ရမည်။

(ဃ) Animation Video ထုတ်လုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။

(င) https://www.moswrr.gov.mm/awareness//movie-clip?Page=1 website ရှိအသိပညာပေး movie များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။

(စ) File Format သည် mp4/ wmv/ avi ၊ အနည်းဆုံး Full HD 1920x1080 pixels ၊ RGB အရောင်သတ်မှတ်ချက်နှင့် File Size သည် 1GB ထက်မပိုစေရ။

(ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဇာတ်လမ်းဇာတ်ကွက်နှင့်လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။

(ဇ) Animation Video အတွက် ခေါင်းစဉ်ပါအကြောင်းအရာနှင့်သက်ဆိုင်သည့် ဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။

(ဈ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation မဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ပေးပို့ရမည်။

(ဉ) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။

(ဋ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation Video ကို သင့်လျော်သည့်နေရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation Video များကိုပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင် Animation Video များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများကို နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ Animation Video Soft copy ကို Email သို့မဟုတ် DVD သို့မဟုတ် VCDဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ် ပြန်လည်ထူထောင်ရေးဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ် (၂၃) နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၄၆၀၄၊ အီးမေးလ်လိပ်စာ vulnerablegroup.moswrr@gmail.com၊ vulnerablegroup.dor@gmail.com သို့ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ မသန်စွမ်းသူများအားလုံးပါဝင်နိုင်သည့် လူမှုအဖွဲ့အစည်း Inclusive ဖြစ်စေရေးလုပ်ငန်းတစ်ရပ်အဖြစ် ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကိုအခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် Animation Video ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြုဖိတ်ခေါ်အပ်ပါသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ခြောက်ထပ် အဆောက်အအုံကို စနစ်တကျဖြိုဖျက်ထားမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။









ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ် အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ခြောက်ထပ် အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံလေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ခြောက်လုံး စုစုပေါင်း အဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ခြောက်ထပ် အဆောက်အအုံကို ယာဉ်ယန္တရားများဖြင့် စနစ်တကျ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

❍ ဝန်းသိုမြို့မှ

ထိုသို့ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့ စစ်ကဲကြီးရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ ယုတ်မာရိုင်းစိုင်းသောရည်ရွယ်ချက်ဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့ရာ ဆေးရုံဝင်းအတွင်းရှိ သံဃာကုသဆောင်နှင့် ဆေးရုံအစည်းအဝေးခန်းမနေရာများသို့ ကျရောက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ Drop Bomb ကျရောက်ပေါက်ကွဲမှုကြောင့် ဆေးရုံအဆောက်အအုံရှိ ပြတင်းပေါက်မှန်တံခါးများ၊ မျက်နှာကြက်များ၊ အဆောက်အအုံနံရံများ၊ ရေပိုက်လိုင်းများနှင့် အခြားပရိဘောဂပစ္စည်းများ ဗုံးစထိမှန်ပျက်စီးခဲ့ပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိသည့်ဆေးရုံကို ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဒေသခံပြည်သူများက စက်ဆုပ်ရွံရှာစွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)







အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် ဝန်းသိုမြို့ ပြည်သူ့ဆေးရုံအတွင်း အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ထိုနေ့ကအနုံပျောက်သည်

မစန္ဒာ



ယမန်နေ့မှအဆက်

ထို ... ထို ပြဿနာများကား ခန္ဓာကိုယ်အပေါ် ပိုင်းကိစ္စဖြစ်လေသည်။ အပေါ်ပိုင်းကိစ္စပြီးလျှင် အောက်ပိုင်းကိစ္စများလည်း ရှိနေပါသေးသည်။

"ခန္ဓာကိုယ်ဆိုတာ စက်ကြီးလိုပဲ၊ သူ့ကို တစ်ဖက်ကနေ စွမ်းအင်ထည့်ပေးရသလို တစ်ဖက်ကလဲ စွန့်ပစ်ပစ္စည်းကို မှန်မှန်ထုတ်ပေးရတယ်။ အဲဒီတော့မှ လည်ပတ်မှုကောင်းမှာပေါ့"

သူ၏ဖခင်ဖြစ်သော ဦးမောင်မောင်ဌေး၏ ပြောစကားကို ခင်သက်မော်အလွတ်ရနေပြီဖြစ်သည်။

အဖေနှင့် အမေတို့တွင် ဆီးချိုနှင့် သွေးတိုးအပြင် အတော်ကြီးသောရောဂါတစ်ခုလည်း ရှိနေကြသေးသည်။ ထိုရောဂါကတော့ ကိုယ့်ဗိုက်ကို ကိုယ်မယုံဘဲ အမြဲတစေ သင်္ကာမကင်းဖြစ်နေကြသော ရောဂါဖြစ်လေသည်။

"နေရတာ အီလည်လည်နဲ့၊ လေချုပ်နေတယ်ကွာ။ ဒီနားကလဲ အောင့်တောင့်တောင့်ဖြစ်နေတယ်။ အူပိတ်တာတော့ မဟုတ်လောက်ပါဘူးထင်ပါရဲ့"

လေကလေး တစ်မနက်လောက်မလည်လျှင်ပင် အမေက အူပိတ်သည်ထိ တွေးတော့သည်။

"ဗိုက်ကြီးကတင်းပြီး ပြည့်ကယ်ကယ်ဖြစ်နေတယ်။ ဘာမှလဲ မစားချင်ဘူး၊ တစ်လောတုန်းက ဂရုတ်သီးထောင်းစပ်စပ်လေး စားကောင်းတာနဲ့ အတော်များများစားလိုက်တာ အစာအိမ်မှာများအနာသွားဖြစ်နေလားမသိ၊ အနာကနေ ကင်ဆာဖြစ်သွားရင် အခက်ပဲ"

သူ၏မိခင် ဒေါ်ခင်မချောကလည်း ခေသူမဟုတ်ပါ။ တစ်ခါတစ်ရံ အဆင်မသင့်၍ ရင်ပြည့်ရင်ကယ်ဖြစ်လျှင်ပင် အစာအိမ်အနာထိ စဉ်းစားပြီး ကင်ဆာထိ အတွေးမျှင်ဆက်တတ်သူဖြစ်လေသည်။

"ဝမ်းချုပ်ချင်သလိုဖြစ်နေတယ်၊ ဝမ်းပျော့ဆေးလေးစားအုံးမှ"

"ဝမ်းအရည်တွေသွားနေတာ နှစ်ခါရှိပြီ။ ဝမ်းပိတ်ဆေး သောက်ရတော့မလား မသိဘူး"

"ဒီမနက် ဝမ်းမသွားရသေးဘူး၊ ရေအသောက်နည်းသွားလို့ထင်ပါရဲ့"

"ဝမ်းဖောဖောသွားလိုက်ရတာ ပေါ့သွားတာပဲ။ မထွေးရေ ဒီနေ့လဲ မကျည်းဖျော်ရည်လေး စိမ်ထားအုံး"

"ဘာများ အစားမှားသလဲမသိဘူး၊ ဗိုက်ထဲက ရစ်ပြီးနာနေတယ်၊ မထွေးရေ မန်ကျည်းဖျော်ရည် မစိမ်နဲ့အုံး"

ထိုစကားများကတော့ စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ နေ့စဉ်ကြားနေရသောအသံများဖြစ်လေသည်။

ထိုသို့ အဝင်နှင့်အထွက် ပြဿနာများကြားထဲတွင် နေ့စဉ် တပူပူတပင်ပင် ဖြစ်နေရရှာသူကား သမီးကြီး ခင်သက်မော်ပင် ဖြစ်ပါလေတော့သည်။

"ငါ့ဒုက္ခကလဲ မသေးဘူးဟဲ့"

ခင်သက်မော်က သူ၏မောင်ဆီသို့ ဖုန်းဆက်ပြီး ညည်းတတ်သည်။ "နင်ကတော့ အေးနေတာပေါ့လေ"ဟူ၍လည်း စကားနာထိုးတတ်သည်။ မောင်ဖြစ်သူကတော့ တဟားဟားရယ်ကာ "ဒုက္ခက မသေးပေမဲ့ သိပ်တော့မကြီးပါဘူး မမရ"ဟု ပြောတော့၊ "မကြီးပါရစေနဲ့ဟယ်"ဟုပြန်ပြောရင်း ရယ်မောခဲ့ရသေးသည်။

သို့သော် . . . သို့သော်

ထိုမသေးသောဒုက္ခသည် ခုတော့ ကြီးသောဒုက္ခဖြစ်လာချေပြီ။ တော်တော်ကြီးသော ဒုက္ခကို သယ်ဆောင်လာသူကား ကိုမြင့်နိုင်ကြီး ခေါ် ကိုဗစ်နိုင်တင်းဟူသော ကူးစက်မြန်ရောဂါဆိုးကြီးပင် ဖြစ်ပါချေတော့သည်။

(၂)

ခေတ်ကာလအခြေအနေက ရုတ်တရက် ပြောင်းသွားပြီဖြစ်သည်။

ဝမ်းဗိုက်ထက် ပိုပြီးဂရုစိုက်ရမည့်အရာသည် နာခေါင်းဖြစ်နေကြောင်း အားလုံးလက်ခံထားကြရပြီဖြစ်သည်မို့ သည်နာခေါင်းကို လုံလုံခြုံခြုံကာကွယ်ရန်အရေးကြီးလှသည်။ ခင်သက်မော်ခမျာလည်း သူမကြိုက်သော ငါးပိရည်ကြိုနှံ့ လေထဲသင်းပျံ့လာလျှင်ပင် တရှုံ့ရှုံ့လိုက်ရှူကာ "အင်း . . . ငါ့နာခေါင်းက ကောင်းကောင်းကြီးကို အနံ့ရနေတာပဲ"ဟု ကျေနပ်ရမလို ဖြစ်နေရှာသည်။

"အဖေတို့၊ အမေတို့ အနံ့ရကြတယ် မဟုတ်လားဟင်"

ထိုမေးခွန်းကိုလည်း မကြာခဏမေးမိသည်။ ကိုယ့်နာခေါင်းကိုသာမက သူ့နာခေါင်းကိုလည်း သံသယဝင်နေသောကြောင့်ဖြစ်သည်။ မကြာခဏ နာစေးပြီး နာရည်လေးတရှုံ့ရှုံ့ ဖြစ်နေတတ်သော အဖေ့ကိုလည်းမသင်္ကာ၊ ဟတ်ချိုးဟတ်ချိုးနှင့် အဆက်မပြတ် နာချောတတ်သော အမေ့ကိုလည်း စိတ်မချ။ မထွေးတစ်ယောက် ရေသောက်ရာမှ သီးပြီး တဟွတ်ဟွတ် ချောင်းဆိုးလျှင်လည်း အထိတ်တလန့်ဖြစ်ရသည်။ ကိုယ်တိုင်လည်း လည်ချောင်းထဲက နာသလိုလို၊ နာခေါင်းထဲက ယားသလိုလို၊ ခေါင်းပဲကိုက်သလိုလိုနှင့် မအီမသာဖြစ်နေတတ်သည်။

ရောဂါကို ခုခံနိုင်သည်ဆို၍ အင်နာဗွန်စီတို့၊ ဒီသရီးတို့၊ ဇင့်တို့ကိုလည်း ပြေးဝယ်ရသေးသည်။ ခက်သည်က သူကသာ ပျာယာပျာယာနှင့် ကြောက်နေသော်လည်း အမေတို့ အဖေတို့က မကြောက်ကြခြင်းပင်ဖြစ်သည်။ သူတို့ကို ကြည့်ရသည်မှာ ကိုဗစ်ထက် ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်ပြီး အိမ်ထဲတွင် ပုန်းနေရမည်ကိုပိုပြီး ကြောက်ကြဟန်ရှိလေသည်။

ခင်သက်မော်၏ ကြီးကြပ်စောင့်ရှောက်မှုနှင့်မို့ လမ်းမထွက်ရတော့ ခြံထဲဆင်းကြသည်။ ခြံဝထွက်မျှော်ပြီး သတင်းစာပို့သူနှင့်လည်းကောင်း၊ ပဲပြုတ်သည်နှင့်လည်းကောင်း ရယ်လားမောလား၊ စကားလက်ဆုံကျတတ်သည်။ ကြည့်လိုက်တော့ ကိုယ့်ဖက်ကလည်း နာခေါင်းစည်းမပါ၊ သူ့ဖက်ကလည်း မေးစေ့ချိတ်ထားကြလေသည်။

"အဖေနဲ့အမေက တစ်ယောက်က ဆီးချို၊ နောက်တစ်ယောက်က သွေးတိုး၊ အသက်ကြည့် လိုက်ပြန်တော့ နှစ်ယောက်စလုံးက ခုနစ်ဆယ်ကျော်၊ ကိုဗစ်ကြိုက်တဲ့အရွယ်ကြီးတွေမှာ ကိုဗစ်ကြိုက်တဲ့ရောဂါကြီးတွေနဲ့ အရဲမကိုးကြပါနဲ့ အမေတို့ရယ် ရှိခိုးပါရဲ့"

ကျောင်းမှာ ကျောင်းသားနှစ်ရာကျော်ကို တုတ်တုတ်မျှမလှုပ်အောင် ထိန်းနိုင်သော ခင်သက်မော်သည် အဖေနှင့်အမေနှစ်ယောက်ကို ကောင်းစွာမထိန်းနိုင်၊ အပြင်က စွေးသည်ကိုခေါ်ပြီးပြောလားဆိုလားမလုပ်ရတော့၊ တစ်ထောင့်ထွာလောက်သာ ရှိသော ခြံကလေးထဲတွင် ပတ်ပြီးလျှောက်ရင်း နှစ်ယောက်သား ငြင်းကြခုန်ကြလေသည်။ အမေက ဒီနေရာ ဒီအပင်ကိုနုတ်ပြီး ဟိုအပင်ကို အစားထိုးစိုက်မည်ဟုပြောသည်ကို အဖေက သဘောမတူ၊ ခြံရှေ့မှ ပိတောက်ပင်က အရွက်တွေကြွေပြီး ခြံထဲတွင်လှည်းမနိုင်တော့ အဖေက ခုတ်ပစ်မည်ဟုပြောသည်ကို အမေကသဘောမကျ၊ ခြံထဲတွင် တစ်ပင်တည်းရှိသော သြဇာပင်က တစ်လုံးတည်းသီးသော သြဇာသီးကလေးကို ဆွမ်းတော်တင်ရန် အရိပ်တကြည့်ကြည့်နှင့် ကြည့်နေစဉ် ရှဉ့်ကိုက်သွားတော့ "စောစောကမှ မခူးဘဲ"ဟူ၍ တစ်ဦးနှင့်တစ်ဦး အပြစ်ဖို့ကာ ရန်ဖြစ်ကြပြန်လေသည်။ ယခင်ကတော့ အမေကလည်း ရပ်ကွက်ခမ္မာရုံသွား၊ အဖေကလည်း အဘိုးကြီးများဆုံကာ စစ်တုရင်ထိုးတက်တော့ အခုလောက် ကြာကြာတော့ မျက်နှာချင်းမဆုံကြ။ အခုတော့ တစ်ရက်လျှင် နှစ်ဆယ့်လေးနာရီလုံး ဆုံနေရသောမျက်နှာအချင်းချင်း ရန်လိုနေကြသည်။ အမေက အဖေ့ကို "အကြောကို မတည့်ပါဘူး"ဟု ပြောသလို။ အဖေကလည်း အမေ့ကို "အတော်နားဒုက္ခပေးတဲ့သူ"ဟု ထောမနာပြုလေသည်။

ပါမောက္ခချုပ်ဆရာတော်ဘုရား၏ အဘိဓမ္မာမြတ်ဒေသနာစာအုပ်ကို တစ်ယောက်တစ်အုပ်စီ ပေးထားလိုက်သောအခါလေး၊ ငါးရက်ငြိမ်သွားကြသည်။ စိတ်ဝင်တစားဖတ်နေကြ၍ ဝမ်းသာရသည်။

"ငယ်ငယ်တုန်းက စာမေးပွဲတောင် အောင်ဖူးတယ်။ ဒါပေမဲ့ အခုတော့ မေ့ကုန်ရော"ဟု အမေက ပြောသည်။ အဖေကလည်း "ငါကတော့ ဓမ္မစကြာစာပြန်ပွဲမှာ ဆုရဖူးတယ်"ဟု ခပ်ကြွားကြွားပြောသည်။ တစ်ဦးနှင့်တစ်ဦးလည်း တစ်လုံးစ၊ နှစ်လုံးစ ဆွေးနွေးကြသည်။ သို့သော် တစ်ပတ်လောက်နေတော့ အဖေက 'ချက်(စ)လေးထိုးရရင် အပျင်းပြေမှာပဲ"ဟု စကားစလာသည်။ အမေက "ကျွန်မကလဲ ချက်(စ)မထိုးတတ်၊ ထိုးတတ်ရင်တော့ နှစ်ယောက်စလုံး အပျင်းပြေတာပေါ့"ဟု လိုက်လိုက်လျောလျောပြောသည်။

"ဒီကစားနည်းက ဦးနှောက်သုံးရတယ်လေ၊ မင်းနဲ့ဘယ်ဖြစ်မှာလဲ၊ စိတ်ကလဲငြိမ်မှ၊ ဉာဏ်ကလဲပြေးမှ"

အလိုက်မသိသောအဖေက စိတ်ထဲရှိသမျှ အမှတ်မဲ့ပြောခြင်းဖြစ်သော်လည်း ပိသာလေးနှင့် ပစ်ခံလိုက်ရသလို အထိနာသွားသောအမေက-

"သြော်...ကျုပ်ယူထားတဲ့ ဦးမောင်မောင်ဌေးဆိုတဲ့ ခပ်ထုံထုံ၊ ခပ်လေးလေး၊ ခပ်ပိန်းပိန်းလူ ထင်နေတာ လတ်စသတ်တော့ ကိုဉာဏ်ပြေးကြီးပါလား"ဟု အငေါ်တူးသည်။

ထို့နောက်တွင်တော့ အဘိဓမ္မာစာအုပ်ကို ဘေးချပြီး ရန်ဖြစ်ကြလေတော့သည်။ ရန်ပွဲ၏အဆုံးတွင် အဖေက သူ၏မိတ်ဆွေအိမ်တွင် စစ်တုရင်သွားထိုးမည်ဟုဆိုကာ အိမ်မှထွက်မည်ပြုသည်။ အမေက "ကြွ ....ကြွ"ဟုပြောရင်း မျက်စောင်းအကြီးကြီးထိုးသည်။ ခင်သက်မော်လည်း အထိတ်တလန့်ဖြစ်ကာ အဖေ့ကိုပြေး၍ဆွဲရလေသည်။

ဆက်လက်ဖော်ပြပါမည်။

အမေရိကန်နိုင်ငံ ဟာဂျီးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းနေသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်း



ဝါရှင်တန် နိုဝင်ဘာ ၁၁

အမေရိကန်နိုင်ငံ ဟာဂျီးနီးယားပြည်နယ် ဖရက်ဒရစ်ကောင်တီရှိ ရှောနီလန်းဒေသအနီးတွင် နိုဝင်ဘာ ၁၀ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေရာ တောမီးကလူနေအိမ်များသို့ ကူးစက်လာနိုင်သဖြင့် ပြည်နယ်အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါတောမီးသည် ကိုဗစ်စခန်းချစခန်းအနီးတွင် စတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်ကျွမ်းမှုပျံ့နှံ့လာနိုင်သည့်အတွက် ရှောနီလန်းဒေသရှိ လမ်းများနှင့် တောင်တက်လမ်းကြောင်းများကို အသုံးမပြုကြရန် ကြိုတင်သတိပေးထားကြောင်း သိရသည်။

ဖရက်ဒရစ်ကောင်တီ မီးသတ်နှင့် ကယ်ဆယ်ရေးဌာန၊ သစ်တောဌာနတို့က မီးထိန်းချုပ်နိုင်ရေးအတွက် မီးကာလမ်းကြောင်းများ ဖောက်လုပ်ခြင်းနှင့် မီးကူးစက်နိုင်သည့်နေရာများကို စောင့်ကြည့်ခြင်းတို့ ဆောင်ရွက်ခဲ့သည့်အပြင် တောမီးငြိမ်းသတ်ရေးလုပ်ငန်းများကိုလည်း မီးသတ်တပ်ဖွဲ့ဝင်များနှင့် သစ်တော မီးငြိမ်းသတ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေပြီး မီးသတ်ယာဉ်များ အသုံးပြုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နိုဝင်ဘာ ၁၀ ရက် ည ၈ နာရီ ၁၀ မိနစ်ခန့်တွင် မီးကို ၉၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်ခဲ့သော်လည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားသည့် ဒေသခံများကို နေအိမ်များသို့ ပြန်လည် ဝင်ရောက်ခွင့်မပြုသေးကြောင်း၊ မီးငြိမ်းသတ်ရေးအဖွဲ့များက မီးကြွင်းမီးကျန်နေရာများမှ ပြန်လည်လောင်ကျွမ်းခြင်းမရှိစေရန် ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

ကမ္ဘာတစ်ဝန်းတွင် ရေနံတူးဖော်ရေးလုပ်ကွက်များချဲ့ထွင်လာခြင်းက ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုလျော့ကျရေးစီမံချက်ကို အတားအဆီးဖြစ်စေ

ဘာလင် နိုဝင်ဘာ ၁၁

ကမ္ဘာတစ်ဝန်းတွင် ရေနံတူးဖော်ရေးလုပ်ကွက်များ ချဲ့ထွင်လာခြင်းသည် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှုလျော့ကျရေးစီမံချက်ကို အတားအဆီးဖြစ်စေကြောင်း ဂျာမနီနိုင်ငံအခြေစိုက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရေနံကုမ္ပဏီများအနေဖြင့် အကျိုးအမြတ်တစ်ခုတည်းကိုသာကြည့်ပြီး ရေနံတူးဖော်ရေးလုပ်ကွက်များ ပိုမိုချဲ့ထွင်လာခြင်းကြောင့် ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်ရန် ခက်ခဲသွားနိုင်ကြောင်း၊ စစ်တမ်းများအရ ကမ္ဘာတစ်ဝန်းရှိရေနံတူးဖော်ရေးကုမ္ပဏီ စုစုပေါင်း၏ ၉၆ ရာခိုင်နှုန်းသည် ရေနံတူးဖော်ရေး လုပ်ကွက်များ ချဲ့ထွင်သွားရန် စီစဉ်နေကြောင်း သိရသည်။

"ကမ္ဘာ့ရေနံကုမ္ပဏီတွေဟာ ရေနံတူးဖော်ရေးလုပ်ကွက်တွေကို ချဲ့ထွင်ဖို့စီစဉ်လာကြတာဟာ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုလျော့ကျရေးစီမံချက်ကို အနှောင့်အယှက်ဖြစ်စေပါတယ်။ ဒါကို COP31 ကို တက်ရောက်တဲ့ နိုင်ငံအသီးသီးက ကိုယ်စားလှယ်တွေအနေနဲ့ ကန့်ကွက်သင့်ပါတယ်။ ဒီအချက်ကိုလဲ သေချာဆွေးနွေးသွား သင့်ပါတယ်"ဟု ဂျာမနီနိုင်ငံအခြေစိုက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဆင့်မိုးက တိုက်တွန်းပြောကြားခဲ့သည်။



Ref : Sputnik News
Trs : Sai Sat

ပါကစ္စတန်နိုင်ငံတွင် မီးခိုးငွေ့များ ပျံ့နှံ့နေပြီး လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေသဖြင့် ကျန်းမာရေးလုံခြုံမှု သတိပေးချက်ထုတ်ပြန်

အစ္စလာမ်မာဘတ် နိုဝင်ဘာ ၁၁

ပါကစ္စတန်နိုင်ငံတွင် မီးခိုးငွေ့များပျံ့နှံ့နေပြီး လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေသဖြင့် ကျန်းမာရေးလုံခြုံမှု သတိပေးချက်ကို ပါကစ္စတန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒီပါဝလီပွဲတော်တွင် ထုံးတမ်းအစဉ်အလာအရ မီးရှူးမီးပန်းများဖောက်ရာမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုမြင့်တက်လာကြောင်း၊ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုမှာ ကမ္ဘာ့လေထုညစ်ညမ်းမှုအမြင့်မားဆုံးသော မြို့အဖြစ် ရပ်တည်နေကြောင်း သိရသည်။

"ပါကစ္စတန်နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ လေထုညစ်ညမ်းမှုဟာ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်တဲ့ အဆင့်ဖြစ်ပါတယ်။ အထူးသဖြင့် လာဟိုးမြို့မှာဖြစ်ပေါ်နေတဲ့ လေထုညစ်ညမ်းမှုဟာ ကျန်းမာရေး လုံခြုံမှုအတွက် အရေးပေါ် အဆင့်ဖြစ်ပါတယ်။ ဒီကာလမှာ အပြင်ကိုလှုပ်ရှားသွားလာတဲ့အချိန် Mask တပ်သွားတာ မျိုးတွေလုပ်သင့်ပါတယ်။ ရောဂါအခံရှိသူတွေ၊ အရွယ်မရောက်သေးသူတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် တော်တော်လေးကို ဂရုစိုက်ရမဲ့ အခြေအနေဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ ဒါပေမဲ့ လေတိုက်နှုန်းတွေ မြင့်တက်လာတဲ့အတွက် လေကြောင်းနဲ့အတူ မီးခိုးငွေ့တွေ လွင့်ပါသွားတဲ့အတွက် လေထုညစ်ညမ်းမှု လျော့ကျသွားနိုင်ပါတယ်" ဟု ပါကစ္စတန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ပစိဖိတ်ဒေသများတွင် အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်ပြီး အပူချိန်မြင့်တက်သဖြင့် သောက်သုံးရေမလုံလောက်မှုဖြင့် ရင်ဆိုင်နေရ

ဂျီနီဗာ နိုဝင်ဘာ ၁၁

ပစိဖိတ်ဒေသများတွင် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်သဖြင့် သောက်သုံးရေမလုံလောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အခြေစိုက်သည့် ကမ္ဘာ့မိုးလေဝသ အဖွဲ့အစည်း (WMO)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အပူချိန်မြင့်တက်နေသကဲ့သို့ မြေအောက်ရေထု အရင်းအမြစ်လည်း ခန်းခြောက်လာသည့်အတွက် သောက်သုံးရေမလုံလောက်နိုင်သဖြင့် သောက်သုံးရေလုံလောက်စေရန် သက်ဆိုင်ရာ အစိုးရအဖွဲ့အနေဖြင့် ပြင်ဆင်ဆောင်ရွက် သွားသင့်ကြောင်း၊ အယ်လ်နီညို ရာသီဥတုကြောင့် သောက်သုံးရေမလုံလောက်မှုဖြင့် ရင်ဆိုင်နေရသည့်နိုင်ငံများမှာ ပါပူဝါနယူးဂီနီနိုင်ငံဖြစ်ပြီး ပါပူဝါနယူးဂီနီအစိုးရကလည်း ပြည်သူများသောက်သုံးရေ လုံလောက်မှုရှိစေရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်း WMO က ထုတ်ပြန်ခဲ့သည်။

"ပစိဖိတ်ဒေသတွေမှာ အယ်လ်နီညိုရာသီဥတုရိုက်ခတ်မှုကြောင့် အပူချိန်မြင့်တက်နေပြီးတော့ မြေအောက်ရေထု အရင်းအမြစ်တွေ ခန်းခြောက်လာတယ်။ သောက်သုံးရေမလုံလောက်တဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်နေရတယ်။ အယ်လ်နီညိုရာသီဥတု ပိုပြင်းထန်လာတဲ့အတွက် သောက်သုံးရေမလုံလောက်တဲ့ပြဿနာ အခြေအနေပိုဆိုးလာနိုင်တယ်။ အထူးသဖြင့် ပါပူဝါနယူးဂီနီနိုင်ငံမှာ သောက်သုံးရေ မလုံလောက်တဲ့ပြဿနာနဲ့ ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ကွတ်ခ်ကျွန်းဟာ ရေထုအရင်းအမြစ်ကြွယ်ဝတဲ့ ကျွန်းဖြစ်ပါတယ်။ ဒါပေမဲ့ အယ်လ်နီညိုရာသီဥတုကြောင့် ကွတ်ခ်ကျွန်းမှာ သောက်သုံးရေမလုံလောက်တဲ့ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ မိုးခေါင်တာမျိုးမဟုတ်ပေမဲ့လဲ မိုးရေချိန်က အရင်နှစ်တွေအောက် သိသိသာသာ လျော့နည်းနေပါတယ်။ သောက်သုံးရေ လုံလောက်မှုရှိစေဖို့ ပြင်ဆင်မှုတွေပြုလုပ်သွားသင့်ပါတယ်"ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း(WMO)မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

အီသီယိုးပီးယားနိုင်ငံ ဂျီဂျီဂါမြို့တွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူနေအိမ်နှင့်အခြေခံအဆောက်အအုံများ ပျက်စီး

အဒစ်အဘာဘာ နိုဝင်ဘာ ၁၁

အီသီယိုးပီးယားနိုင်ငံ အရှေ့ပိုင်း ဂျီဂျီဂါမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ရေကြီးရေလျှံမှုကြောင့် လူနေအိမ်နှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရေစီးသန်မှုကြောင့် လူနေအိမ်များနှင့်အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးသည့်အပြင် ဒေသခံပြည်သူ ၂၅ ဦး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူ ၂၅ ဦးအနက် ၁၉ ဦးမှာ ကလေးငယ်များဖြစ်သည့်အတွက် ရုတ်တရက် ရေကြီးမှုများအတွင်း ကလေးသူငယ်များ၏ အသက်အန္တရာယ် ကာကွယ်ရေးနှင့် ဘေးအန္တရာယ်ကြုံတွင် ပြင်ဆင်မှုတို့သည် အရေးကြီးကြောင်း သိရသည်။

အီသီယိုးပီးယားနိုင်ငံအပါအဝင် အာဖရိကဦးချို့ဒေသတွင် အယ်လ်နီညိုဖြစ်စဉ် အားကောင်းလာမှုကြောင့် ယခုနှစ်ကုန်ထိပုံမှန်ထက် မိုးပိုမိုရွာသွန်းနိုင်ပြီး ရေကြီးမှုအန္တရာယ် မြင့်တက်လာနိုင်ကြောင်း လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများက သတိပေးထားသည်။

လက်ရှိဖြစ်စဉ်တွင် ပျက်စီးခဲ့ရသည့် လူနေအိမ်နှင့် အခြေခံအဆောက်အအုံ စာရင်းများကိုမူ စစ်တမ်း ကောက်ယူနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကျန်းမာရေးနှင့်ညီညွတ်သော ဆီစားသုံးဖို့ နှမ်းသီးနှံ ပိုမိုစိုက်ပျိုးစို့

စိုးမိုးဝင်း(စိုက်ပျိုးရေး)



မြန်မာတို့၏ စားသောက်ဖွယ်ရာများတွင် နှမ်းသည် ရှေးပုဂံခေတ်ကတည်းကပင် မရှိမဖြစ် အဓိကစားကုန်အဖြစ်နေရာယူခဲ့၍ ယနေ့တိုင် ကမ္ဘာ့ဈေးကွက်တွင်ပါ တန်ဖိုးရှိလှသည့်သီးနှံအဖြစ် ရပ်တည်နေသည်။ နှမ်းစေ့ကို အစိမ်းအတိုင်းဖြစ်စေ၊ လှော်၍ဖြစ်စေ၊ နှမ်းထောင်းပြုလုပ်၍ဖြစ်စေ၊ အစားအစာမျိုးစုံတွင် ထည့်သွင်းစားသုံးကြသည့်အပြင် နှမ်းဆီကို မြန်မာလူမျိုးတို့က အခြားဆီများထက် ပိုမိုတန်ဖိုးထားကြသည်။ နှမ်းစေ့များသည် သေးငယ်သော်လည်း အာဟာရပြည့်ဝသော အစေ့အဆန်များဖြစ်ကြပြီး ချက်ပြုတ်ရန်၊ ဆီပြုလုပ်ရန်နှင့် အစားအစာများတွင် အရသာတိုးစေရန် ကမ္ဘာတစ်ဝန်းတွင် အသုံးပြုလျက်ရှိကြသည်။ အာဟာရဗေဒအရ နှမ်းဆီစစ်စစ်သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သဖြင့် နှလုံးကျန်းမာရေးကို မြှင့်တင်ပေးပြီး နာတာရှည်ရောဂါများကို ကြိုတင်ကာကွယ်ပေးနိုင်သော "ကျန်းမာရေးဆီ" ဖြစ်သည်။

ကျန်းမာရေးဆီ

နှမ်းဆီစစ်စစ်သည် သာမန်ဟင်းချက်ဆီများကဲ့သို့ စွမ်းအင်နှင့် အဆီဓာတ်ကိုသာ ပေးစွမ်းနိုင်ရုံမျှမကဘဲ ခန္ဓာကိုယ်ကျန်းမာရေးကို ဘက်စုံမှ အထောက်အကူပြုနိုင်သည့် ဆေးဖက်ဝင်အာနိသင်နှင့် အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်နေသည့် သဘာဝဆီစစ်စစ်ဖြစ်သည်။ ၎င်းတွင် ခန္ဓာကိုယ်အတွက် အကျိုးပြုသည့် အဓိကဂုဏ်သတ္တိ သုံးချက်နှင့် ပါဝင်ဖွဲ့စည်းထားသည်။

ပထမအချက်အနေဖြင့် ခန္ဓာကိုယ်တွင်း ဆဲလ်များပျက်စီးခြင်းကို တားဆီးပေးပြီး အိုမင်းရင့်ရော်မှုကို လျော့ချပေးနိုင်သည့် ဗီတာမင်အီးနှင့် Sesamin, Sesamolin ကဲ့သို့သော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သည်။ ဒုတိယအချက်အနေဖြင့် နှလုံးနှင့် သွေးကြောများကို အကာအကွယ်ပေးမည့် မပြည့်ဝဆီများ ၈၅ ရာခိုင်နှုန်းခန့်ထိ အဓိကပါဝင်ပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ပြည့်ဝဆီပါဝင်မှု အလွန်နည်းပါးသည်။ တတိယအချက်မှာ ၎င်းဆီကို မျှတစွာ ပုံမှန်စားသုံးခြင်းဖြင့် သွေးတိုးခြင်း၊ သွေးတွင်း ကိုလက်စထရောတက်ခြင်းနှင့် နှလုံးရောဂါဖြစ်ပွားခြင်း စသည့်နာတာရှည်ရောဂါများကို ကြိုတင်ကာကွယ်ပေးနိုင်သည့် ကုထုံးဆိုင်ရာ ဆေးဖက်ဝင်အာနိသင်များ ထင်ရှားစွာရှိနေသည်။ မြန်မာ့ရိုးရာနှမ်းဆီစစ်စစ်သည် စားသုံးသူကို ကျန်းမာစေသောဆီအစစ်အမှန်ပင် ဖြစ်သည်။

မြန်မာ့နှမ်း စိုက်ပျိုးမှု

မြန်မာနိုင်ငံတွင် နှမ်းသီးနှံကို ရှေးနှစ်ပေါင်းများစွာကပင် စိုက်ပျိုးခဲ့ကြပြီး အိန္ဒိယနိုင်ငံမှ ပုံနှိပ်ဝင်ရောက်ခဲ့သည်။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် နှမ်းစိုက်ဧကာ ၃၇၉၉၉၄၈၊ ၂၀၂၄ - ၂၀၂၅ ခုနှစ်တွင် ၄၀၄၆၁၅၇ ဧကာ ရှိခဲ့သဖြင့် ဧကာ နှစ်သိန်းလေးသောင်းကျော် တိုးတက်လာခဲ့သည်။ နှမ်းစိုက်ပျိုးထုတ်လုပ်မှု တန်ချိန်အားဖြင့် ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် ၆၅၇၉၉၄၄ တန်မှ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၉၃၆၄၄၄၄ တန်ရှိရာ တန်ချိန်နှစ်သိန်းခုနှစ်သောင်းကျော် ပိုမိုထုတ်လုပ်လာသဖြင့် မြန်မာ့နှမ်း စိုက်ပျိုးထုတ်လုပ်မှုသည် အစဉ်တစိုက် တိုးတက်ခဲ့သည်ဟု ဆိုနိုင်သည်။ ၂၀၂၅ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံသည် ကမ္ဘာ့နှမ်းစိုက်ပျိုးထုတ်လုပ်မှုအမြင့်ဆုံး ၅ နိုင်ငံတွင် ဆူဒန်နှင့် အိန္ဒိယပြီးလျှင် တတိယမြောက်နေရာတွင် ရပ်တည်နေသည်။

နှမ်းစိုက်ပျိုးရာတွင် သတိထားရမည့်အချက်များ

နှမ်းအထွက်နှုန်းကောင်းမွန်စေရန် ရာသီဥတုနှင့် ကိုက်ညီသောစိုက်ပျိုးချိန် မှန်ကန်မှုသည် ပထမဆုံးသော့ချက်ဖြစ်သည်။ အချိန်အခါနှင့်အညီ စနစ်တကျစိုက်ပျိုးနိုင်မှသာလျှင် နှမ်းပင်များ သိသိသာသာ အထွက်တိုးစေမည်။ ထို့ပြင် စိုက်ပျိုးနည်းစနစ် မှန်ကန်ရန်လည်း လိုအပ်ရာ မျိုးစေ့ကို ကြေပက်စိုက်ပျိုးခြင်းထက် အတန်းလိုက်စိုက်ပျိုးခြင်း စနစ်ကို အသုံးပြုသင့်သည်။ စနစ်တကျ အတန်းလိုက်စိုက်ပျိုးခြင်းဖြင့် နှမ်းပင်များ ပိုမိုဖြစ်ထွန်းလာမည့်အပြင် အပင်ခွဲခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေတောင်မြှောက်ခြင်းနှင့် ရိတ်သိမ်းခြင်းစသည့် စိုက်ခင်းပြုစုထိန်းသိမ်းမှုလုပ်ငန်းစဉ်တစ်ခုချင်းစီကို အချိန်ကုန်သက်သာပြီး ပိုမိုလွယ်ကူထိရောက်စွာ ဆောင်ရွက်နိုင်မည်။

နှမ်းသည် မိုးခေါင်ရေရှားဒဏ်ကို ကြံ့ကြံ့ခံနိုင်သော်လည်း စိုက်ခင်းအတွင်း ရေဝပ်ခြင်းဒဏ်ကို လုံးဝမခံနိုင်သည့်သဘာဝရှိသည်။ ထို့ကြောင့် ရေစီးရေလာကောင်းမွန်ပြီး ရေဝပ်ခြင်းမရှိသော မြေကွက်များကို စနစ်တကျရွေးချယ်စိုက်ပျိုးရန် အထူးလိုအပ်လှသည်။ စိုက်ခင်းအတွင်း ရေဝပ်ခြင်းကြောင့် အမြစ်ပုပ်ခြင်း၊ မှိုရောဂါကျရောက်ခြင်းနှင့် အပင်သေဆုံးခြင်းတို့ကို ကာကွယ်နိုင်ရန် လုံလောက်သော ရေနုတ်မြောင်းများကို ကြိုတင်၍ စနစ်တကျ ဖောက်လုပ်ထားရမည်။

နှမ်းစေ့များသည် အလွန်သေးငယ် နုနယ်လှသဖြင့် မျိုးစေ့များ မြေအောက်တွင် အပင်ပေါက်အားကောင်းစေရန် မြေပြုပြင်ခြင်းလုပ်ငန်းသည် အလွန်အရေးကြီးသည်။ မစိုက်ပျိုးမီ မြေဆီလွှာကို ညက်ညက်ညောညောဖြစ်အောင် အထပ်ထပ် ထွန်ယက်ပြင်ဆင်ပြီး သဘာဝမြေဩဇာများကိုလည်း စနစ်တကျထည့်သွင်းပေးရမည်။ မြေပွပြီး မြေသားညက်မှသာလျှင် မျိုးစေ့များ ညီညာစွာ အပင်ပေါက်နိုင်၍ အမြစ်များ မြေဆီလွှာအတွင်းသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်ပြီး အာဟာရစုပ်ယူနိုင်ကာ အပင်သန်စွမ်းမှုကို အာမခံနိုင်မည်။

နှမ်းအထွက်နှုန်းအပြည့်အဝရရှိစေရန် နှမ်းများ ရင့်မှည့်ချိန်တွင် အချိန်မီစနစ်တကျရိတ်သိမ်းရန် သတိပြုရမည်။ နှမ်းသီးတောင့်များရင့်မှည့်ပြီး အောက်ခြေရွက် ၀၊ရောင်သန်းလာချိန်တွင် ရိတ်သိမ်းရမည်ဖြစ်ပြီး သတ်မှတ်ရက်ထက် နောက်ကျသွားပါက နှမ်းသီးတောင့်များ အလိုအလျောက်ကွဲအက်ပွင့်ထွက်ကာ မျိုးစေ့များ မြေပေါ်သို့ ကြွေကျပျက်စီးတတ်သည်။ အချိန်အခါ မှန်ကန်စွာနှင့် စနစ်တကျ ရိတ်သိမ်းနိုင်မှသာလျှင် လေလွင့်ဆုံးရှုံးမှုကို အနည်းဆုံးဖြစ်စေပြီး မျှော်မှန်းထားသည့် အထွက်နှုန်းနှင့် အရည်အသွေးကောင်းကို ရရှိနိုင်မည်။

မြန်မာတို့၏ ဆီစားသုံးမှု

မြန်မာလူမျိုးတို့၏ ဆီစားသုံးမှုကို ကြည့်လျှင် ၁၉၃၆ မှ ၁၉၄၁ ခုနှစ်ထိ တစ်နှစ်ပျမ်းမျှ လူတစ်ဦး၏ ဆီစားသုံးမှုမှာ နှစ်ပိသာနှင့် ၁၅ ကျပ်သားရှိရာမှာ ၁၉၇၄ မှ ၁၉၇၉ ခုနှစ်ထိ တစ်နှစ်ပျမ်းမျှ ဆီစားသုံးမှုမှာ သုံးပိသာနှင့် ခုနစ်ကျပ်သား ဖြစ်လာခဲ့သည်။ ယနေ့ခေတ်လေ့လာဆန်းစစ်ချက်များအရ လူတစ်ဦးသည် တစ်ရက်လျှင် ပျမ်းမျှ စားသုံးဆီ ၂ ဒသမ ၂၅ ကျပ်သား စားသုံးနေကြပြီး တစ်နှစ်တာအနေဖြင့် ဆီခြောက်ပိသာမှသည် တချို့သုတေသနပြုချက်များအရ ကိုးပိသာနီးပါးထိ စားသုံးနေကြကြောင်း သိရှိရသည်။ ထို့ကြောင့် လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကျော်နှင့် နှိုင်းယှဉ်ပါက စားသုံးဆီသုံးစွဲမှုနှုန်းသည် ၆၄ ရာခိုင်နှုန်းခန့် မြင့်တက်လာသည်။

ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများအရ လူတစ်ဦးသည် တစ်နေ့လျှင် ဆီကို ၁ ဒသမ ၈ ကျပ်သား၊ တစ်လလျှင် ၅၄ ကျပ်သားသာ စားသုံးသင့်သော်လည်း မြန်မာနိုင်ငံသားများ၏ တစ်နေ့ ဆီစားသုံးမှုသည် ၂ ဒသမ ၂၅ ကျပ်သား၊ တစ်လလျှင် ၆၈ ကျပ်သားခန့် စားသုံးနေသဖြင့် ပုံမှန်သုံးစွဲသင့်သည့် ပမာဏထက် ပိုမိုများစွာသုံးစွဲနေသည်။

စားသုံးနေသည့် ဆီအမျိုးအစားများထဲတွင် ခန္ဓာကိုယ်အတွက် အကျိုးပြုပြီး အာဟာရထူးကဲသော နှမ်းဆီစစ်စစ်သုံးစွဲမှုနှုန်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရှစ်ရာခိုင်နှုန်းခန့်သာ ရှိနေသည်။ အများစုသည် ဈေးနှုန်းသက်သာမှုကို ဦးစားပေးကာ ဈေးသက်သာသော စားအုန်းဆီများကို နေ့စဉ်သုံးစွဲနေကြသည်။ မြန်မာလူမျိုးတို့သည် ရှေးပုဂံခေတ်ကတည်းကပင် နှမ်းဆီကို မြတ်နိုးတန်ဖိုးထားခဲ့ကြရာ ကိုယ်ခန္ဓာကျန်းမာစေရန်အတွက် နှမ်းဆီကို စားသုံးသင့်သည်။ ပြည်တွင်း၌ နှမ်းဆီစစ်စစ်ကို လူတိုင်းလက်လှမ်းမီသည့် ဈေးနှုန်းဖြင့် ဖူလုံစွာ စားသုံးနိုင်ရန်အတွက် နှမ်းစိုက်ပျိုးထုတ်လုပ်မှုကို ယခုထက်ပိုမိုတိုးမြှင့်ရန် လိုအပ်လှပေသည်။

တိုးချဲ့စိုက်ပျိုးရမည့် နှမ်း

မြန်မာနိုင်ငံ၏ နေ့စဉ်စားသောက်မှုပုံစံဓလေ့အရ စားသုံးဆီသုံးစွဲမှုမှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ ပိုမိုတိုးလာနေသည်ကို တွေ့ရသည်။ ကြီးထွားလာသည့် ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းရန် စားအုန်းဆီများကို နှစ်စဉ် ပြည်ပမှ တင်သွင်းနေရသဖြင့် သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရန်မှာ ယနေ့အချိန်တွင် အလွန်ပင်အရေးကြီးလျက်ရှိသည်။ အမှန်စင်စစ် မိမိတို့နိုင်ငံတွင်း စိုက်ပျိုးထွက်ရှိသည့် ဆီထွက်သီးနှံအားလုံးကို စားဆီအဖြစ်သာ ကြိတ်ခွဲထုတ်လုပ်မည်ဆိုလျှင် ဆီဖူလုံမှုပြည့်ဝမည်ဖြစ်သည်။

ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော နှမ်းဆီစစ်စစ်ကို ပိုမိုစားသုံးနိုင်ရန်နှင့် နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိစေရန် အကောင်းဆုံးအဖြေမှာ "နှမ်းကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးရန်" ပင် ဖြစ်သည်။ နှမ်းစိုက်ပျိုးမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့် တိုးချဲ့နိုင်မည်ဆိုလျှင် ပြည်ပသို့ ပိုမိုတင်ပို့နိုင်သည့်အပြင် ပြည်တွင်းဆီလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်မည်။ နှမ်းသည် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး မိုးခေါင်ရေရှားသည့်ဒေသများတွင်ပါ ဖြစ်ထွန်းသဖြင့် တောင်သူများအတွက်လည်း စီးပွားရေးတွက်ခြေကိုက်သည့် သီးနှံဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးသင့်သည်။


ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းရှိ စားသုံးသူများသည် ဈေးနှုန်းထက် ကျန်းမာရေးကို ပိုမိုဦးစားပေးလာကြသဖြင့် သာမန်ဟင်းချက်ဆီ များနေရာတွင် ကျန်းမာသော စားသုံးဆီများကို ပိုမိုရွေးချယ်စားသုံးလာကြသည်။ မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီသည် အခြားမဟုတ်ဘဲ နှမ်းဆီစစ်စစ်ပင်ဖြစ်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးရှိ ပြည်သူများအားလုံး ကျန်းမာရေးနှင့်ညီညွတ်သော ဆီကို စိတ်ချလက်ချစားသုံးနိုင်စေရန်နှင့် သက်ရှည် ကျန်းမာမှုကို အထောက်အကူပြုနိုင်စေရန် နှမ်းသီးနှံကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

ကိုးကား

- ကျေးလက်စီးပွားပြည်သူ့အား-ဒေါက်တာချစ် (၂၀၀၇)။
- ၂၀-၁၀-၂၀၂၂ ထုတ် မြဝတီသတင်းစာ။
- ၈-၁၀-၂၀၂၆ ထုတ် မြဝတီသတင်းစာ။

❖ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော နှမ်းဆီစစ်စစ်ကို ပိုမိုစားသုံးနိုင်ရန်နှင့် နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိစေရန် အကောင်းဆုံးအဖြေမှာ "နှမ်းကိုယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးရန်"ပင် ဖြစ်သည်။ နှမ်းစိုက်ပျိုးမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့် တိုးချဲ့နိုင်မည်ဆိုလျှင် ပြည်ပသို့ ပိုမိုတင်ပို့နိုင်သည့်အပြင် ပြည်တွင်းဆီလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်မည်။ နှမ်းသည် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး မိုးခေါင်ရေရှားသည့် ဒေသများတွင်ပါ ဖြစ်ထွန်းသဖြင့် တောင်သူများအတွက်လည်း စီးပွားရေးတွက်ခြေကိုက်သည့်သီးနှံဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးသင့်သည်။ ❖

ဖွံ့ဖြိုးဆဲနိုင်ငံများ ဒစ်ဂျစ်တယ်ဆိုင်ရာအသိပညာမှ AI ဆိုင်ရာအသိပညာသို့ အသွင်ပြောင်းခြင်း



ယခင်တစ်ပတ်မှအဆက်

သို့သော် AI နည်းပညာကို အောင်မြင်စွာ အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာ Applications များကို ရရှိနိုင်စေရုံမျှဖြင့် မလုံလောက်ပေ။ အသုံးပြုသူများအနေဖြင့် AI သည် မည်သည့်အရာများကို လုပ်ဆောင်နိုင်ပြီး မည်သည့်အရာများကို လုပ်ဆောင်နိုင်ခြင်းမရှိသည်ကို နားလည်သဘောပေါက်ထားရန် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံအဆင့် AI ဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှုမြှင့်တင်ရေး အစီအစဉ်များတွင် အဆင့်မြင့်ကွန်ပျူတာသိပ္ပံပညာရပ်ကိုသာ အဓိကထားမည့်အစား လက်တွေ့ကျပြီး သက်ဆိုင်ရာကဏ္ဍအလိုက် သီးသန့်ဖြစ်သော သင်တန်းများကိုပါ ထည့်သွင်းဆောင်ရွက်သင့်သည်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုတွင်အရေးပါလာသော AI

ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုသည်လည်း အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။ အစိုးရများသည် အများပြည်သူဝန်ဆောင်မှုများ၊ မူဝါဒပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများ၊ ဝယ်ယူရေးလုပ်ငန်းစဉ်များ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စီးပွားရေးစီမံကိန်းရေးဆွဲခြင်းတို့တွင် ဉာဏ်ရည်တုနည်းပညာ(AI)ကို အသုံးပြုရန် ပိုမိုစဉ်းစားလာကြပြီဖြစ်သည်။ ထို့ကြောင့် အစိုးရဝန်ထမ်းများအနေဖြင့် AI နည်းပညာ၏ အခွင့်အလမ်းများနှင့် အန္တရာယ်များကို နားလည်သဘောပေါက်နိုင်ရန် လုံလောက်သော AI ဆိုင်ရာ ဗဟုသုတနှင့် နားလည်မှု (AI literacy) ရှိရန် လိုအပ်သည်။

သီရိလင်္ကာနိုင်ငံမှ ဥပမာကောင်းတစ်ခုကို တွေ့ရှိရသည်။ ၂၀၂၆ ခုနှစ် မေလတွင် UNESCO သည် ဥရောပသမဂ္ဂ၏ ပံ့ပိုးကူညီမှုဖြင့် အစိုးရဌာနနှင့် အေဂျင်စီပေါင်း ၃၀ ကျော်မှ အစိုးရဝန်ထမ်း ၇၀ ခန့်အတွက် AI ဆိုင်ရာ ဗဟုသုတမြှင့်တင်ရေး သင်တန်းတစ်ခုကို ပြုလုပ်ခဲ့သည်။ အဆိုပါအစီအစဉ်တွင် AI ၏ အခြေခံသဘောတရားများ၊ ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များ၊ စီမံအုပ်ချုပ်မှုပုံစံများ၊ အစိုးရကဏ္ဍ ဝယ်ယူရေးလုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ဒေတာလုံခြုံရေးနှင့် လက်တွေ့အသုံးချမှုများ ပါဝင်ခဲ့သည်။ ဤဥပမာက AI ဆိုင်ရာ ဗဟုသုတရှိမှုဆိုသည်မှာ ပညာရေးဆိုင်ရာ ကိစ္စရပ်တစ်ခုသက်သက်သာမဟုတ်ကြောင်း ပြသနေသည်။ ၎င်းသည် စီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်နှင့် သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုလည်းဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် AI စနစ်များကို အသုံးမပြုမီ မှန်ကန်သောမေးခွန်းများကို မေးမြန်းနိုင်သည့်မူဝါဒချမှတ်သူများ လိုအပ်သည်။ ဥပမာအားဖြင့် – ဒေတာများကို မည်သည့်နေရာမှ ရယူထားသနည်း။ စနစ်သည် ယုံကြည်စိတ်ချရပါသလား။ အချို့သော လူအုပ်စုများအပေါ် ခွဲခြားဆက်ဆံမှုဖြစ်စေနိုင်ပါသလား။ အလိုအလျောက် ဆုံးဖြတ်ချက်တစ်ခု မှားယွင်းသွားသည့်အခါ မည်သူက တာဝန်ယူရမည်နည်း။ နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်လုံခြုံမှုကို မည်သို့ကာကွယ်ပေးနိုင်မည်နည်း။ အစိုးရများအနေဖြင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများတွင် AI နည်းပညာကို စတင်အသုံးပြုလာသည်နှင့်အမျှ ဤမေးခွန်းများသည် ပိုမိုအရေးပါလာမည်ဖြစ်သည်။

ဒေသအလိုက် AI နည်းပညာဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှု (AI Literacy) တည်ဆောက်ခြင်း

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် ရည်ရွယ်ရေးဆွဲထားသော AI နည်းပညာဆိုင်ရာ သင်တန်းအစီအစဉ်များကို အတုယူတင်သွင်းရုံမျှသာပြုလုပ်ခြင်းကို ရှောင်ကြဉ်သင့်သည်။ ဒေသတွင်း အခြေအနေများသည် အရေးပါသော အချက်များဖြစ်ကြသည်။ သင်တန်းများကို နိုင်ငံသုံးဘာသာစကားနှင့် ဒေသတွင်းဘာသာစကားများဖြင့် ပံ့ပိုးပေးသင့်ပြီး ဒေသတွင်း စီးပွားရေးလက်တွေ့အခြေအနေများနှင့်ကိုက်ညီမှုရှိစေရမည်။ ကျေးလက်ဒေသရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေဖြင့် ဈေးကွက်မြှင့်တင်ရေးနှင့် ဘာသာပြန်ဆိုခြင်းတို့အတွက် AI ကျွမ်းကျင်မှုလိုအပ်နိုင်သော်လည်း အစိုးရဝန်ထမ်းတစ်ဦးအတွက်မူ AI စီမံခန့်ခွဲမှုနှင့် ဒေတာလုံခြုံရေးဆိုင်ရာ သင်တန်းများလိုအပ်နိုင်သည်။ ဆရာ၊ ဆရာမများအနေဖြင့် စာသင်ခန်းအတွင်း အသုံးပြုနိုင်မည့် AI ကျွမ်းကျင်မှုများ လိုအပ်နိုင်သော်လည်း တောင်သူလယ်သမားများအတွက်မူ စိုက်ပျိုးရေးဆိုင်ရာ AI အသုံးချနည်းလမ်းများက ပိုမိုအကျိုးရှိစေနိုင်သည်။

ရပ်ရွာအခြေပြုသင်ယူမှုစင်တာများ၊ စာကြည့်တိုက်များ၊ တက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများနှင့် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများသည် ဒေသတွင်း AI နည်းပညာဆိုင်ရာ ဗဟုသုတဖြန့်ဝေပေးသည့် ဗဟိုဌာနများ ဖြစ်လာနိုင်သည်။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ နည်းပညာကုမ္ပဏီများ၊ တက္ကသိုလ်များ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများနှင့် အစိုးရတို့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် သင့်တင့်မျှတသော ကုန်ကျစရိတ်ဖြင့် သင်တန်းများနှင့် လက်တွေ့အသုံးချနိုင်မည့်ကိရိယာများကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

AI နည်းပညာဆိုင်ရာ ကွာဟချက်ကို ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းတစ်ခုအဖြစ် ပြောင်းလဲခြင်း

AI နည်းပညာဆိုင်ရာ တော်လှန်ပြောင်းလဲမှုသည် စိန်ခေါ်မှုအန္တရာယ်နှင့် အခွင့်အလမ်းနှစ်ရပ်စလုံးကို ဖြစ်ပေါ်စေသည်။ အန္တရာယ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများသည် AI နည်းပညာများကို နားလည်သဘောပေါက်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ပုံဖော်အသုံးပြုနိုင်ခြင်းတို့အတွက် လိုအပ်သော လူသားအရင်းအမြစ်စွမ်းရည်ကို မတည်ဆောက်ဘဲ AI နည်းပညာကို အသုံးပြုသူ သက်သက်သာဖြစ်လာနိုင်ခြင်းပင်ဖြစ်သည်။ အခွင့်အလမ်းမှာမူ AI နည်းပညာဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှု (AI literacy) ကို လူသားအရင်းအမြစ် မျိုးဆက်သစ်တစ်ရပ်အတွက် အခြေခံအုတ်မြစ်အဖြစ် အသုံးချနိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် ဤပြောင်းလဲတိုးတက်မှုဖြစ်စဉ်သည် ရှိုးရှင်းသော အဆင့်ဆင့်တိုးတက်မှုပုံစံအတိုင်းဖြစ်သင့်သည်။ ဒစ်ဂျစ်တယ်နည်းပညာရရှိသုံးစွဲနိုင်မှု၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှု၊ AI နည်းပညာဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှု၊ AI နည်းပညာအသုံးပြု၍ ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်း အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုတို့ဖြစ်သည်။

ဤချဉ်းကပ်မှုပုံစံအရ နည်းပညာဆိုသည်မှာ အခြားနေရာများမှ တင်သွင်းလာသော အရာတစ်ခုသာဖြစ်သည်ဟူသော အမြင်ကို ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကျော်လွှားနိုင်ရန် ကူညီပေးနိုင်သည်။ သင့်လျော်ကောင်းမွန်သော ပညာရေး၊ စီမံအုပ်ချုပ်မှုစနစ်နှင့်ဒေသတွင်းဆန်းသစ်တီထွင်မှုတို့ဖြင့် ပေါင်းစပ်လိုက်ပါက AI နည်းပညာသည် နိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များနှင့် ကိုက်ညီမည့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိရိယာတစ်ခုဖြစ်လာနိုင်သည်။

နိဂုံးချုပ်သုံးသပ်ချက်

စာတတ်မြောက်မှု (Literacy) ၏အဓိပ္ပာယ်သည် လူ့အဖွဲ့အစည်းနှင့်အတူ အမြဲတမ်းပြောင်းလဲလျက်ရှိသည်။ တစ်ချိန်က စီးပွားရေးနှင့် လူမှုရေးဘဝတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် စာဖတ်ခြင်း၊ ပြောဆိုခြင်းနှင့် စာရေးခြင်းစွမ်းရည်တို့သည် လုံလောက်သော အခြေခံအုတ်မြစ်များဖြစ်ခဲ့ကြသည်။ နောက်ပိုင်းတွင် ကွန်ပျူတာနှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဗဟုသုတစွမ်းရည် (Digital Literacy) ရှိထားခြင်းသည် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်လာခဲ့သည်။

ယခုအခါ နောက်တစ်ဆင့်အနေဖြင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အသိပညာဗဟုသုတစွမ်းရည် (AI Literacy) ရှိထားရန် လိုအပ်သည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် AI နည်းပညာကို မျက်ကန်းတစ္ဆေမကြောက် လိုက်နာအသုံးပြုသူများဖြစ်လာစေရန် ပြည်သူလူထုကို ဖန်တီးခြင်းမျိုးမဖြစ်သင့်ပေ။ ၎င်းအစား AI ကို နားလည်သဘောပေါက်ခြင်း၊ AI နှင့် ပတ်သက်၍ မေးခွန်းထုတ်နိုင်ခြင်း၊ AI နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ AI ကို တာဝန်သိစိတ်ဖြင့် အသုံးပြုနိုင်ခြင်းတို့ ပြုလုပ်နိုင်သည့်နိုင်ငံသားများဖြစ်လာစေရန် ဖန်တီးတည်ဆောက်သင့်သည်။

စင်စစ်အောင်မြင်မှုရရှိမည့် နိုင်ငံများဆိုသည်မှာ အစွမ်းထက်ဆုံး AI စနစ်များကို ကိုယ်တိုင်တီထွင်ဖန်တီးနိုင်သည့် နိုင်ငံများသာ ဖြစ်ချင်မှဖြစ်ပါလိမ့်မည်။ AI နည်းပညာကို အကျိုးရှိထိရောက်စွာ၊ ကျင့်ဝတ်နှင့်အညီ အားလုံးပါဝင်နိုင်သည့်ပုံစံဖြင့် အသုံးပြုနိုင်စွမ်းကို မိမိတို့နိုင်ငံသားများကြားအခိုင်မာဆုံးတည်ဆောက်ပေးနိုင်သည့် နိုင်ငံများသာ လျှင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ စွမ်းရည်မှ AI နည်းပညာဆိုင်ရာ စွမ်းရည်သို့ ကူးပြောင်းခြင်းသည် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုတစ်ခုထက် ပိုမိုနက်ရှိုင်းသော အဓိပ္ပာယ်ရှိသည်။ ၎င်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ နောက်တစ်ဆင့်အတွက် လူသားအရင်းအမြစ်ဆိုင်ရာ မဟာဗျူဟာတစ်ရပ်ဖြစ်သည်။ အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည့်ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကသတင်းစကားမှာ ရှင်းလင်းပြတ်သားသည်။ အနာဂတ်တွင် AI နည်းပညာနှင့် ပတ်သက်၍ မေးခွန်းထုတ်နိုင်ခြင်းသည် နည်းပညာကို မည်သူကရရှိသုံးစွဲနိုင်သည်ဆိုသည့် အချက်ပေါ်တွင်သာ မူတည်နေမည်မဟုတ်ဘဲ၊ ထိုနည်းပညာကို ဉာဏ်ပညာရှိရှိ အသုံးပြုနိုင်မည့် ဗဟုသုတနှင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းမည်သူ့တွင် ရှိသည်ဆိုသည့်အချက်အပေါ်တွင်သာ မူတည်နေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။


ကိုးကား


- OECD/European Commission. (2026). Empowering Learners for the Age of AI: An AI Literacy Framework for Primary and Secondary Education. OECD Publishing.
- UNESCO. (2026). Advancing AI Literacy for Civil Servants: UNESCO Strengthens Ethical AI Capacity in Sri Lanka. UNESCO, 8 June 2026.

❖ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် AI နည်းပညာကို မျက်ကန်းတစ္ဆေမကြောက် လိုက်နာအသုံးပြုသူများဖြစ်လာစေရန် ပြည်သူလူထုကို ဖန်တီးခြင်းမျိုးမဖြစ်သင့်ပေ။ ၎င်းအစား AI ကို နားလည်သဘောပေါက်ခြင်း၊ AI နှင့် ပတ်သက်၍ မေးခွန်းထုတ်နိုင်ခြင်း၊ AI နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ AI ကို တာဝန်သိစိတ်ဖြင့် အသုံးပြုနိုင်ခြင်းတို့ ပြုလုပ်နိုင်သည့်နိုင်ငံသားများဖြစ်လာစေရန် ဖန်တီးတည်ဆောက်သင့်သည်။ ❖

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်
















သုံးရေချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။



သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြံဆ ဆောင်ရွက်ပါ။



အိမ်တွင်းသုံးရေချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ။ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



ကာဝရလှပသော အပြုံးအတွက်

DENTOMEC

Fluoride ပါဝင်သောကြောင့် သွားများကို ပြုပြုပြုပြင်ပေးတောက်ပစေပါသည်။
သွားဆရာဝန်များ၏ ထောက်ခံချက်ရရှိထားပါသည်။

Dentist Recommended



FDA အမှတ်-2212 PCE 0013

ပင်ရင်းအရောင်း- ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၀၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၉/ဂ)၊ ဦးပိုင်အမှတ်(၁၈၃၁) ဦးဝ အမည်ပေါက်(အလျား ၆၀'-၀" x အနံ ၅၀'-၀")အတိုင်းအတာရှိသော ပိုင်းမြေပေါ်တွင် ဒေါ်ကြူမာ(၉/မခန(နိုင်)၁၆၂၈၆၆)ကိုင်ဆောင်သူမှ (အလျား ၄၆'-၀" x အနံ ၂၉'-၀")၊ နံကပ် (၁)ထပ် ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦး ဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၉/ခ)၊ ဦးပိုင်အမှတ်(ခ/၅၄) ဦးမြင့်အောင် အမည်ပေါက်(အလျား ၄၀'-၀" x အနံ ၃၀'-၀")အတိုင်းအတာရှိသော ပိုင်းမြေပေါ်တွင် ဒေါ်ကုဋ္ဌေကျော်(၉/မခန(နိုင်)၂၉၅၁၉၉)ကိုင်ဆောင်သူမှ (အလျား ၃၂'-၀" x အနံ ၂၇'-၀")၊ RC (၁)ထပ် ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ Shwe Kant Kaw ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မဝေဇင်မော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမြင့်ငြိမ်း** ဖြစ်ပါကြောင်း။ **ဦးမြင့်ငြိမ်း(၅/မမတ(နိုင်)၀၆၂၅၉၇)**

အမည်မှန်

စစ်ကိုင်းမြို့၊ ကန္နားတော်ရပ်ကွက်ရွာနေ (ဘ) ဦးသူနောင်သဲ(၅/စကန(နိုင်)၂၃၃၉၉၀) (မိခင်) ဒေါ်စန်းစန်းမာ(၅/စကန(နိုင်)၁၈၉၁၂၁)တို့၏သားဖြစ်သူ စစ်ကိုင်းမြို့၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ(ချင်းစု)၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်ရဲရင့်အောင်၏အမည်မှန်မှာ **မောင်ရဲရင့်နောင်** ဖြစ်ပါကြောင်း။ **မောင်ရဲရင့်နောင်**

ပျောက်ဆုံးကြောင်း

ကျောက်မဲမြို့၊ အမှတ်(၈)ရပ်ကွက်နေ နန်းရီရီခိုင် (ဘ) ဦးလေ့ရွှမ်း(၁၃/ကမန(နိုင်)၁၉၀၃၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-448594471**

ပျောက်ဆုံးကြောင်း

မအိမွန်လွင် (ဘ) ဦးမင်းစိန်(၉/ပဘန(နိုင်)၂၇၀၁၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-259230988**

ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်နေ ဦးမျိုးဟန်ကျော် (ဘ) ဦးမျိုးသိန်း(၉/မရမ(နိုင်)၀၀၂၂၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-962001746**

သစ်တောမှန်လျှင် အသုံးဝင်အစဉ်ထာဝရ ထိန်းသိမ်းကြ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပထာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-စာ၀၃၃၄၄၇၊
၀၆၇-စာ၀၃၃၃၄၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA ၊ KPDF နှင့် PDF အဖွဲ့ဝင် ခြောက်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံ



နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသဖြင့် KIA၊ KPDF နှင့် PDF အဖွဲ့ဝင် အမျိုးသား ငါးဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ခြောက်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ကျင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးကို ဆုကြေးငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် KIA၊ KPDF နှင့် PDF အဖွဲ့ဝင်များကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ ကျင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊

စာမျက်နှာ ၂၃ ကော်လံ ၁ ☆

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊အမျိုးသမီး ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ



၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၁

အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဌာနဆိုင်ရာများမှ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများတက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ❖

ဝန်းသိုမြို့ရှိ ပြည်သူ့ဆေးရုံကို PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက Drop Bomb ချတိုက်ခိုက်



ဝန်းသိုမြို့ရှိ ပြည်သူ့ဆေးရုံကို PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက Drop Bomb ချ တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြမြေပုံ။

နေပြည်တော် နိုဝင်ဘာ ၁၁

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေရန်၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှော့တိုက်ဒုံးများဖြင့် အဝေးမှ ပစ်ခတ်ခြင်း၊ Drone များအသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဆောင်ရွက်လျက်ရှိသည်။


စာမျက်နှာ ၂၅ ကော်လံ ၁ ❍

မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၁

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသော လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ

စာမျက်နှာ ၂၃ ကော်လံ ၁ ■



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ နိုဝင်ဘာ ၁၀ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် နိုဝင်ဘာ ၁၁ ရက်မှ ၁၂ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။